ကြေးမုံ

The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ကြာသပတေးနေ့ (6-2-2014) (၇၇၄၇)

ဂျာမနီနိုင်ငံသမ္မတနှင့် ဇနီး ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင် ဂေါက်ခ်နှင့် မစ္စစ် ဒါနီလာရှတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

နည်းနည်းသင် များများလေ့လာ — စာမျက်နှာ - ၂

မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည် — စာမျက်နှာ - ၄

မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၏ ပညာရေးစနစ်တို့ကို နှိုင်းယှဉ်လေ့လာ ဆန်းစစ်ခြင်း — စာမျက်နှာ - ၆

ချစ်သူအတွက် သီချင်းသစ်ဖန်တီးခဲ့သည့် ရိန်း — စာမျက်နှာ - ၁၂

နည်းပြ မိုက်ကယ်လောဒရပ်အား ဆွမ်ဆီးအသင်းထုတ်ပယ် — စာမျက်နှာ - ၁၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ Mr.David Matthison (Asia Division, Myanmar)၊ Mr.Brad Adams (Asia Division,London)နှင့် Mr.Phil Robertson(Asia Division, Bangkok) တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်လို

ရေမြုပ်ခံ၊ ဆားငန်ဒဏ်ခံစပါးမျိုး မြောင်းမြသုတေသနခြံမှ သုတေသနပြုထား

ရန်ကုန် ဖေဖော်ဝါရီ ၅

တောင်သူများ၏လိုအပ်ချက်ကိုဖြည့်ဆည်းသည့်အနေဖြင့် ရေမြုပ်ဒဏ်ခံနိုင်သော စပါးမျိုးအပါအဝင် ဆားငန်ဒဏ်ခံစပါးမျိုးများကို လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်ဖြန့်ဖြူးသွားရန်စီစဉ်ထားကြောင်း ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ မြောင်းမြသုတေသနခြံမှ ခြံမန်နေဂျာ ဦးထိန်လင်းထွန်းက ပြောကြားသည်။

ထိုသို့ထုတ်လုပ်မည့် စပါးမျိုးသုံးမျိုးမှာ မြောင်းမြမေစပါးမျိုး၊ ဆားငန်ခံ ဆင်းသွယ်လတ်စပါးမျိုး၊ ရေမြုပ်ခံစပါး-၁ (Swarna Sub-1) တို့ဖြစ်ကြသည်။ "ဒီမှာလည်း တောင်သူတွေအကျိုးရှိမယ့် သုတေသနတွေလုပ်နေတယ်၊ လွန်ခဲ့တဲ့နှစ်ကစပြီး JICA က နည်းပညာအကူအညီပေးတယ်၊ ပစ္စည်းကိရိယာပံ့ပိုးပေးမှုကြောင့် အခုလိုသုတေသနလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် လုပ်နိုင်ခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ထုတ်လုပ်မည့် စပါးသုံးမျိုးအနက် မြောင်းမြမေစပါးမျိုးမှာ သက်တမ်း ရက် ၁၄၀ မှ ၁၄၅ ရက်၊ အပင်အမြင့် ၁၃၅ စင်တီမီတာ၊ အနှံ့ပါပင်များ ၁၁ ပင်မှ ၁၃ ပင်၊ တစ်နှံ့ပါသီးလုံး ၂၁၀၊ အောင်စေ့ ရာခိုင်နှုန်း ၈၄ ဒသမ ၅ ရာခိုင်နှုန်း၊ အစေ့ ၁၀၀၀ အလေးချိန် ၂၈ ဒသမ ၅ ဂရမ်၊ အထွက်နှုန်း တင်း ၁၁၀ မှ ၁၃၀၊ ထူးခြားမှုအဖြစ် ပင်စည်ခံနိုင်ရည်ရှိခြင်း စသည်ဖြင့်လည်းကောင်း၊ ဆားငန်ခံ ဆင်းသွယ်လတ်စပါးမျိုးမှာ သက်တမ်း ရက် ၁၃၅ မှ ၁၄၀၊ အပင်အမြင့် စင်တီမီတာ ၁၂၀ မှ ၁၂၅ စင်တီမီတာ၊ အနှံ့ပါပင်များ ခုနစ်ပင်မှ ရှစ်ပင်၊ တစ်နှံ့ပါသီးလုံး ၁၆၀၊ အောင်စေ့ရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်း၊ အစေ့ ၁၀၀၀ အလေးချိန် ၂၇ ဒသမ ၅ ဂရမ်၊ အထွက်နှုန်း တင်း ၈၀ မှ ၉၀၊ ထူးခြားမှုအဖြစ် ဆားငန်ခံနိုင်ရည်ရှိခြင်း စသည်ဖြင့် လည်းကောင်း၊ ရေမြုပ်ခံစပါး -၁ (Swarna Sub-1) မှာ သက်တမ်း ၁၄၅ ရက်မှ ၁၅၀၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

တပ်မတော်က သိမ်းယူထားသောမြေများအား ဒုတိယအကြိမ် စိစစ်စွန့်လွှတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)နှင့် အပိုင်း(၃)တွင် ပါရှိသော တပ်မတော်နှင့်သက်ဆိုင်သည်ဟုယူဆ၍ ပေးပို့ခဲ့သည့်အမှုပေါင်း (၅၆၅)မှုရှိသော်လည်း စိစစ်ချက်အရ တပ်မတော်နှင့်သက်ဆိုင်သည့်အမှု (၃၆၅)မှုတွင် ဖြေရှင်းပြီး(၃၅၇)မှုအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပထမအကြိမ် ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်သည်။

- ကော်မရှင်တိုင်စာတွင်ပါဝင်ခဲ့မှုမှ စွန့်လွှတ်ပေးခဲ့သောမြေ - ၂၄၈၅၄ဒသမ ၉၁၀ ဧက
- ကော်မရှင်တိုင်စာတွင် မပါဝင်သော်လည်း သီးခြားစွန့်လွှတ်ပေးခဲ့သောမြေ - ၂၉၄၀၀ ဒသမ ၀၉၃ ဧက

စုစုပေါင်း - ၅၄၂၅၅ ဒသမ ၀၀၃ ဧက

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

ကြေးမုံစာတည်းရှုထောင့် **၆-၂-၂၀၁၄၊ ကြာသပတေးနေ့**

နည်းနည်းသင် များများလေ့လာ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံ၏မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါကြွယ်ဝမှုနှင့် တိုင်းတာသတ်မှတ်မှု မရှိဘဲ နည်းပညာဖွံ့ဖြိုးမှုနှင့်သာ အဆင့်နိမ့်၊မြင့်ခွဲခြားမှုပြုကြသည်။ မိမိတို့နိုင်ငံသည် ရေခံမြေခံ ကောင်း၏၊ သယံဇာတပေါကြွယ်ဝ၏။ နည်းပညာ အားနည်းသောအခါ ထိုသို့သော သယံဇာတများက အကျိုးမပြုရုံသာမက နိုင်ငံကိုသူ့ကျွန်ဘဝသို့ရောက်စေခဲ့ရသည်။ ကိုလိုနီကျွန်ပြုခံခဲ့ရမှု သမိုင်းက ခိုင်လုံသော အထောက်အထားပင်ဖြစ်သည်။

၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံတိုင်းမှာ ပညာရေးကို ရှေ့တန်းတင်လာကြသည်။ နိုင်ငံရင်းနှီးမြှုပ်နှံမှုတွင် ပညာရေးကို ပိုသုံးစွဲလာကြသည်။ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံထား၍ ဆုံးရှုံးနစ်နာသည်မရှိ အားလုံးက လက်ခံထားကြသည်။ ဤအချက်ကို မြေပေါ်မြေအောက်သယံဇာတမရှိဘဲ နည်းပညာတစ်ခုတည်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ အာရှကျားများက မှန်ကန်ကြောင်း မီးမောင်းထိုးပြနေသည်။

နိုင်ငံဖွံ့ဖြိုးမှုအတွက် ပညာရေး ပန္နက်တင်မင်္ဂလာကို အခြေခံပညာမှ အစ ပြုကြရစမြဲ။ အခြေခံပညာသည် စာကိုလည်းသင် လူကိုလည်းပြင်ရသည်။ မျိုးဆက်သစ်လေးများအား တစ်ပြိုင်တည်းမှာ လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးရာ ရပ်ဝန်းဖြစ်သည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံ၏ အခြေခံပညာသင်ရိုးမာတိကာနှင့်သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိသည့် သင်ခန်းစာများထည့်သွင်းလျက် "နည်းနည်းသင် များများလေ့လာ" သဘောတရားကို အခြေခံပြီး အသစ်တစ်ဖန်ပြန်လည်ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများနှင့် သင်ရိုးမာတိကာများကို ယခင်က မူလတန်း၊ အလယ်တန်း၊ အထက်တန်းစသဖြင့် အဆင့်ဆင့်တွင် နိုင်ငံတကာအဆင့်မီမြင့်တင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဦးစွာ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ အခြေခံပညာမူလတန်းအဆင့်တွင် သိပ္ပံ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ (ကျန်းမာရေး အသိပညာပေးဘာသာရပ်) တို့ကို တိုးချဲ့ထည့်သွင်း အားဖြည့်သင်ကြားပေးခဲ့သည်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းအဆင့်တွင်လည်းကောင်း၊ ၂၀၀၁-၂၀၀၂ တွင် အခြေခံပညာ အလယ်တန်းအဆင့်တွင်လည်းကောင်း ကာယပညာနှင့် အားကစား၊ ရသပညာ (ပန်းချီဂီတ)၊ စာရိတ္တနှင့်လောကနီတိ၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကြိုသက်မွေး (စက်မှု၊ စိုက်ပျိုး၊ အိမ်တွင်းမှု) ဘာသာရပ်များကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်များအဖြစ် သင်ကြားပေးခဲ့သည်။ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေး၊ ဘက်စုံ၊ ပညာရေး ဆိုစကားနှင့်အညီ အခြေခံပညာတွင် ဗလငါးတန်ဖွံ့ဖြိုးရေး၊ တစ်နည်း နိုင်ငံ့သားကောင်းရတနာ လူတော်လူကောင်းဖြစ်လာစေရေး ဦးစားပေးခဲ့သည်။

သို့သော် လက်တွေ့မှာဖြစ်မလာခဲ့။ မှန်းချက်နှင့် နှမ်းထွက်မကိုက်ညီ၊ "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" ဖြစ်ခဲ့ရသည်။ အားနည်းချက်များစွာအနက် သင်ရိုးတွင်ပါရှိသည့်သင်ခန်းစာများက အခြေခံပညာကျောင်းသားများသင်ယူရမည့် ပမာဏထက်ပိုမိုများပြားနေသည်ကို စိစစ်တွေ့ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မူလတန်းအဆင့်တွင် ၂၀ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်တွင် ၁၁ ရာခိုင်နှုန်း ၊ အထက်တန်းအဆင့်တွင် ၁၁ ရာခိုင်နှုန်းလျှော့ချပြုပြင်ထားသည့် သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းသုံးဖတ်စာအုပ်များကို အသစ်တစ်ဖန်ပြန်လည်ရေးဆွဲလာရခြင်း ဖြစ်သည်။ အသစ်ရေးဆွဲပြီး သင်ရိုးများသည် အခြေခံပညာကျောင်းသားများအတွက် " နည်းနည်းသင် များများလေ့လာ"သဘောတရားအခြေခံပြီး နိုင်ငံတကာအဆင့်မီရေးဆွဲထားခြင်းဖြစ်ရာ သဘောတရားအရ စိတ်ချရသည့်အဆင့်တွင်ရှိနေပြီဖြစ်သည်။

တာဝန်ယူကြီးကြပ်သင်ပေးကြရမည့် ပညာရေးလက်တွေ့နယ်ပယ်မှ အာစရိယဆရာများ၏ လက်တွေ့ဘဝနယ်ပယ်တွင် လက်ကိုင်ပြုရမည့် နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများအတိုင်း လိုက်လျောညီစွာကိုင်တွယ်နိုင်ပါမှ၊ တစ်နည်း သဘောတရားနှင့်လက်တွေ့ဟန်ချက်ညီနိုင်ပါမှ မိမိတို့နိုင်ငံ၏ ပညာရေးအခြေခံ၊ အခြေခံပညာ ခိုင်မာတောင့်တင်းလာနိုင်မည်မှာ အမှန်ဖြစ်ပါသည်။ "သဘောတရားမပါသော လက်တွေ့သည်အကန်းနှင့်တူပြီး လက်တွေ့မပါသော သဘောတရားသည် အမြုံနှင့်တူသည်" ဆိုစကားရှိခဲ့သည့်အတိုင်း သဘောတရားနှင့် လက်တွေ့ဘဝသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဟန်ချက်ညီ အမှီသဟဲပြုလျက် လက်တွေ့မပျက်ရှိနေပါမှ ဆက်နွယ်ရာအဝန်းအဝိုင်း ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမှာ အမှန်ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်နှင့်အတူ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် အမ်း-ပဒဲကြော-မအီလမ်း ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် တလိုင်းတောင်တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မအီမြို့ လမ်းစခန်း ရှင်းလင်းဆောင်၌ လမ်း/တံတား အထူးအဖွဲ့များနှင့် ခရိုင်တာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို စေတနာထားဆောင်ရွက်ရန်၊ ပွင့်လင်းရာသီဖြစ်၍ လုပ်ငန်းများအရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ မအီ-တောင်ကုတ်လမ်းပေါ်ရှိ မအီချောင်းတံတားကြံ့ခိုင်မှုနှင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ထောင့်ချိုင်တံတားတည်ဆောက်နေမှုတို့ကို စစ်ဆေးပြီး တောင်ကုတ်မြို့၌ တာဝန်ခံအင်ဂျင်နီယာများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နေလသစ္စာကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်သော တောင်ကုတ်-သံတွဲလမ်းအခြေအနေ၊ သံတွဲမြို့နယ် ငပလီကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်း အထူးအဖွဲ့က မဇင်- ငပလီ-လင်းသာ-မြပြင်-လုံးသာလမ်းမိုင်တိုင်အမှတ် (၀/၀) မှ (၃/၃) အထိ ၃ မိုင် ၃ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၇/၀)မှ (၈/၀) အထိ တစ်မိုင်ကို ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မဇင်-ငပလီ-လင်းသာ-မြပြင်-လုံးသာလမ်းဆောင်ရွက်ထားရှိမှုနှင့် ငပလီကမ်းခြေရှောင်ကွင်းလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဖေဖော်ဝါရီ ၅	
ရန်ကုန် ရွှေဈေး	၆၆၀၄၀၀	- ၆၆၁၄၀၀
မန္တလေး ရွှေဈေး	၆၆၀၃၀၀	- ၆၆၁၃၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၃၃. ၁
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၇. ၄၂
(ဃ) တရုတ်	တစ်ယွမ်	= ၁၆၂. ၆၈
(င) ထိုင်း	တစ်ဘတ်	= ၃၀. ၀၈၄
(စ) မလေးရှား	တစ်ရင်းဂစ်	= ၂၉၇. ၂၁
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၆၈
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၇၀. ၆၂
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၄၅၇
(ည) သြစတြေးလျ	တစ်ဒေါ်လာ	= ၈၇၈. ၃၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၂-၂၀၁၄ (ကြာသပတေးနေ့)

၆း၀၃	တရားတော်
၆း၂၅	မေတ္တာပို့
၆း၄၅	မျိုးချစ်တပ်မတော်
၈း၁၀	ရှေးဟောင်းသုတ
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅	လျှပ်တစ်ပြက်
၄း၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒရမ်မာများရဲ့ အရှင်သခင်" (အပိုင်း-၃၁)
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆေးစက်ကျရာ မေ့မေတ္တာ" (အပိုင်း- ၁၅)
၆း၃၅	7th Anniversary Melody World
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွေနဲ့မျိုးနဲ့ ပြဿနာနဲ့" (အပိုင်း-၃၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း" (အပိုင်း-၁၈) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" (ဒုတိယတွဲ) (အပိုင်း-၈၇)

နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး

❖ နိုင်ငံတော်သမ္မတမှ

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းတွင် ကုလသမဂ္ဂနှင့်ပိုမိုနီးကပ်စွာ ဆက်ဆံလျက်ရှိပြီး လူ့အခွင့်အရေးကော်မရှင်၊ လူ့အခွင့်အရေးကောင်စီတို့နှင့်လည်း ပိုမိုနီးကပ်စွာ ဆက်ဆံလျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် လွတ်လပ်သောအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ၎င်းတို့အဖွဲ့သည် နိုင်ငံပေါင်း ၉၀ ခန့်တွင် အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ လွန်ခဲ့သည့် (၂)နှစ်ခွဲတာ ကာလအတွင်း မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးဆိုင်ရာနှင့် ပတ်သက်၍ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့အဖွဲ့အနေဖြင့် ပါဝင်ကူညီဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

❋ ရခိုင်ပြည်နယ်မှ

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒေသ၏ ပထဝီအနေအထားနှင့် လူမှုရေး၊ စီးပွားရေး တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးငွေအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဦးအောင်သန်းဦးတို့က မိမိတို့ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့လူ့အဖွဲ့အစည်း၌ သမိုင်းကြောင်းနှင့်ချီပြီး ဒီမိုကရေစီရေချိန်နိမ့်ပါးခဲ့ခြင်းနှင့်ပွင့်လင်းလွတ်လပ်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခများ၊ အခက်အခဲအကျပ်အတည်းများ၊ အချင်းချင်း မယုံကြည်မှုများ၊ စီးပွားရေးနိမ့်ကျမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမှုများဆိုသည့် ခါးသီးသောဒဏ်များကို ခံစားခဲ့ကြရပါကြောင်း၊ ၎င်းဒဏ်ရာများကို ကုစားနိုင်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အသွင်ကူးပြောင်းရေးဖြစ်စဉ်များသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်အခြေပြု အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နှင့် ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်တည်ဆောက်မှု ဖြစ်စဉ်များကို ဖော်ဆောင်လျက်ရှိသော သုံးပွင့်ဆိုင်အသွင်ကူးပြောင်းရေး ဖြစ်စဉ်များဖြစ်ကြောင်း။

ယင်းအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီးများကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့်အတူ ခေတ်စနစ်နှင့်လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ သယံဇာတ၊ ငွေကြေးအရင်းအနှီး၊ နည်းပညာတို့ကို လူသားအရင်းအမြစ်က စီမံခန့်ခွဲနိုင်ရန် အဓိကကျပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ စွမ်းဆောင်ရည်ဖြစ်ကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစွမ်းဆောင်ရည်များဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း၊ ဆူပူအကြမ်းဖက်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ထိရောက်မှုရှိခြင်း၊ ဥပဒေစိုးမိုးမှုရှိခြင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်းတို့နှင့်ပြည့်စုံသည့် အုပ်ချုပ်ရေးယန္တရားကောင်း ဖြစ်အောင်တည်ဆောက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

တာဝန်သိမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ခြင်းဖြင့် အစိုးရဌာနများ၏ အဓိကအချက်ကို ပြည်သူများထံချပြနိုင်ခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်တတ်လာခြင်း၊ အဂတိလိုက်စားမှုများ တားဆီးထိန်းသိမ်းနိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားဖြင့် လုပ်ငန်းများထိရောက်မှုရှိလာခြင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုကောင်းမွန်လာနိုင်ခြင်းဆိုသည့် ကျေးဇူးများရရှိမှာဖြစ်ပါကြောင်း၊ ပြည်သူများ၏ လတ်တလောစားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရမည့်အပြင် ရေရှည်ဖွံ့ဖြိုးရေးစီမံချက်များကိုလည်း တိကျမှန်ကန်သော မြေပြင်စာရင်းအင်းကိန်းဂဏန်းများအပေါ် အခြေပြုစီမံသွားကြရန်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စစ်တွေမြို့အစိုးရအဖွဲ့ရုံးတွင် မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတများ ပြည့်စုံကြွယ်ဝသည့်အပြင် စီးပွားရေးမဟာဗျူဟာကျသည့် တန်ဖိုးမဖြတ်နိုင်သော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့် ပြည်နယ်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးသည် အရှေ့အနောက်ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးစင်္ကြံလမ်းကြောင်းအဖြစ် ကူးသန်းရောင်းဝယ်မှုဗဟိုချက်ဖြစ်လာနိုင်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလာပြီး ရခိုင်ပြည်နယ်၏စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းကို ပိုင်ဆိုင်လျက်ရှိပါကြောင်း။

စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ပြီး စည်ပင်သာယာဝပြောသော ပြည်နယ်တစ်ခုဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် အဓိကအခြေခံကျသည့်အချက်မှာ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ရရှိအောင် အားလုံးက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း။

တာဝန်ရှိသည့် လုံခြုံရေးအဖွဲ့အစည်းများက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်အား အပြည့်အဝအကောင်အထည်ဖော်သွားနိုင်ရန် စီမံထားပြီးဖြစ်ပါကြောင်း၊ ဥပဒေချိုးဖောက်မှုများကို ထိရောက်စွာ အရေးယူသွားမှာဖြစ်ကြောင်း၊ တရားမဝင် ဆက်လက်ဝင်ရောက်လာသူများအား ထိရောက်စွာ ဟန့်တားရေး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအား နိုင်ငံသားဖြစ်ရေးကိစ္စကို ရေတိုရေရှည်စီမံဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အလွဲသုံးစားလုပ်ပြီးအမုန်းတရားနှင့် ပဋိပက္ခကို တိုးပွားစေသည့် လုပ်ကြံဖန်တီးလှုံ့ဆော်မှုများကို မိမိတို့မှ ဖြစ်ရပ်မှန်များကိုသတင်းလက်ဦးမှု ရယူထုတ်ပြန်သွားနိုင်ရန် လိုအပ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်နှင့် ဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ပိုမိုရှုပ်ထွေးစေမည့်ကိစ္စရပ်များ မဖြစ်ပေါ်အောင် နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ ယုံကြည်ထောက်ခံမှုရရှိရန် ဖြစ်ရပ်မှန်သတင်းများကို ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များမှ အတည်ပြုချက်ရယူထုတ်ပြန်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် စစ်တွေဆိပ်ကမ်းရှိ ကုလားတန်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးဇင်ယော်က စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက လိုအပ်ချက်များနှင့် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားကာ စစ်တွေဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုလားတန်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးစီမံကိန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ပလက်ဝမြို့တို့တွင် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စစ်တွေဆိပ်ကမ်းကို တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားတစ်ခုအဖြစ် တည်ဆောက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ထားမှု၊ စစ်တွေ View Point နှင့် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

(သတင်းစဉ်)

❍ ရွှေဖုံးမှ

အပင်မြင့် ၃ ပေမှ ၃ ဒသမ ၅ ပေ၊ အနှံပါပင်များ ၁၀ မှ ၁၅ ပင်၊ စုစုပေါင်းအစေ့ ၁၅၀ မှ ၂၅၀၊ အောင်စေ့ ၉၀ ရာခိုင်နှုန်း၊ အစေ့ ၁၀၀၀ အလေးချိန် ၁၉ ဂရမ်၊ အထွက်နှုန်း တင်း ၇၀ မှ ၁၃၀ စားသုံးမှုကောင်းကာ ဆန်ရည်ဆန်သွေး ကြည်လင်ခြင်း၊ ရေအောက်တွင် နှစ်ပတ်ခန့်ရေမြုပ်ဒဏ်ခံနိုင်ရည်ရှိခြင်း စသည့်လက္ခဏာများရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးကာ ရာသီဥတုပြောင်းလဲလာမှုကြောင့် မုတ်သုံအဝင်နောက်ကျ၍ မုတ်သုံအထွက်စောကာ မိုးရာသီတိုတောင်းလာခြင်း၊ မိုးတွင်းကာလ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်တတ်သောမုန်တိုင်းများမှ မိုးလွန်ကာလတွင် ပိုဖြစ်လာခြင်းတို့ကြောင့် အချိန်အခါမဟုတ် မိုးများရွာခြင်း၊ ရွာသွန်းသည့်အခါတွင်လည်း ယခင်လိုပမာဏနည်းနည်းနှင့်ပုံမှန်မရွာတော့ဘဲ သွန်ချသလို ရွာချခြင်းတို့ကြောင့် ဖြစ်လာသော ရေကြီးရေလျှံမှုများ၊ ပင်လယ်ဆားငန်ရေဒဏ်ခံရခြင်းတို့မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်များဖြစ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာ ထွန်းလွင်က ပြောသည်။

ထို့ကြောင့် တောင်သူများအတွက် စပါးသီးနှံစိုက်ပျိုးလုပ်ဆောင်ရာတွင် စိန်ခေါ်မှုများရှိလာခဲ့ပြီး ရာသီဥတုအခြေအနေကို မိုးလေဝသပညာရှင်များက ကူညီအသိပေးထုတ်ဖော်ပြောနေသလို စိုက်ပျိုးရေးပညာရှင်များကလည်း ရာသီဥတုနှင့်လိုက်လျောညီထွေမည့်သုတေသနများကို စီစဉ်၍ ကြိုးပမ်းထုတ်လုပ်ပေးနေလျက်ရှိကြပါသည်။

သို့ရာတွင် အချို့သောတောင်သူများသည် ဒေသတစ်ခုအတွက် ထုတ်လုပ်ပေးသည့် စပါးမျိုးတစ်ခုကို မိမိမိတ်ဆွေ အပေါင်းအသင်းများသို့ လက်လွှဲပေးကာ အခြားသောရေ၊ မြေမတူသည့်ဒေသတစ်ခုတွင် စိုက်ပျိုးလေ့ရှိတတ်ကြောင်းသိရသည်။ ခြံမန်နေဂျာဦးထိန်လင်းထွန်းက "ဥပမာပြောရရင် မြောင်းမြမှာပဲ စိုက်ရမယ့် စပါးကို အကြောင်းအမျိုးမျိုးကြောင့် တောင်သူက မိမိရဲ့ ရွှေဘိုဘက်က မိတ်ဆွေကိုပေးလိုက်ရင် ဒီမှာလို အောင်မြင်ချင်မှ အောင်မြင်နိုင်မယ်၊ အဲဒီလိုလက်လွှဲပေးလိုက်တာတွေ အများကြီးရှိတယ်။ သူ့ဒေသမှာပဲ စိုက်ပျိုးရင် ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်ပါလိမ့်မယ်"ဟု ရှင်းပြခဲ့သည်။

ထိုမြောင်းမြသုတေသနခြံသည် ၁၉၂၆ တွင် ဗဟိုစိုက်ပျိုးရေးခြံအဖြစ် စတင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် စိုက်ပျိုးရေး သုတေသနဌာနခွဲအောက်သို့ ရောက်ရှိခဲ့ကြောင်း၊ ထိုစဉ်က စပါးကို နေရာတိုင်းတွင် စိုက်ခြင်းကြောင့် စမ်းသပ်နိုင်ခဲ့သော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ဂုန်လျှော်သီးနှံကို မြောင်းမြတွင် စိုက်ပျိုးလုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဂုန်လျှော်သုတေသနခြံအဖြစ် ၂၀၀၄ ခုနှစ် ဧပြီတွင် ဆောင်ရွက်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် တိုင်းဒေသကြီးလိုအပ်ချက်အရ စပါးသီးနှံကို ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့စပါးမျိုးများကို သုတေသနပြုစမ်းသပ်ပြီး မိဘမျိုးရင်း အစေ့များဖြစ်သော Breeder's Seed နှင့် Foundation Seed တို့ကို နေပြည်တော်ရေဆင်း၌ရှိသော စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်သွားမည်ဟု သိရသည်။ မြေ၊ ရေ၊ ဒေသနှင့် ကိုက်ညီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော ဂုန်လျှော်မျိုးများ၊ မိုးကောင်းသောက်လယ်စပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ရန်၊ ဂုန်လျှော်သီးနှံနှင့် စပါးသီးနှံတို့အတွက် မျိုးနှင့်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ဒေသအတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ပြဿနာများကို ကူညီဖြေရှင်းပေးရန်၊ စပါးမျိုးသန့် အဆင့်ဆင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ တောင်သူများသို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များထားကာ မြောင်းမြသုတေသနခြံမှ ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုမြောင်းမြသုတေသနခြံသည် ပင်လယ်ရေမျက်နှာပြင် အထက် ၁၂ ဒသမ ၆၇ ပေတွင်ရှိပြီး မြောင်းမြမြို့မှ အနောက်ဘက် တစ်မိုင်ခွဲအကွာတွင် လည်းကောင်း၊ ရန်ကုန်မြို့မှ ရေမိုင် ၁၃၅ မိုင်အကွာ၊ပုသိမ်မြို့မှ ရေမိုင် ၃၇ မိုင်အကွာ ရန်ကုန်-ပုသိမ်သွား မြောင်းမြမြစ်ကမ်းဘေးတွင် ရှိကြောင်း သိရသည်။

ထက်ခိုင် (စမ်းချောင်း)

တပ်မတော်မှ

တပ်မတော်က အထက်ပါ စုစုပေါင်းမြေ ၅၄၂၅၅ ဒသမ ၀၀၃ ဧကအား တိုင်းဒေသကြီး/ပြည်နယ်မြေယာစီမံခန့်ခွဲရေးအဖွဲ့များသို့ ပထမအကြိမ် ပြန်လည်စွန့်လွှတ်အပ်နှံပေးခဲ့ပြီးဖြစ်သည်။ ခရိုင်/မြို့နယ်/ ရပ်ကွက်/ ကျေးရွာ မြေယာစီမံခန့်ခွဲရေးအဖွဲ့များကလည်း စနစ်တကျစိစစ်၍ တောင်သူများလက်ဝယ်ပြန်လည်အပ်နှံပေးလျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ နယ်မြေဒေသများအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိ ရပ်ဖများ၊ မြေစာရင်းဦးစီးဌာန အပါအဝင် သက်ဆိုင်ရာဌာနတာဝန်ခံများနှင့်တပ်မတော်မှကိုယ်စားလှယ်များပါဝင်သော အဖွဲ့များဖွဲ့စည်း၍ တပ်မတော်မှစိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရန် သိမ်းဆည်းခဲ့သောမြေများအား မြေပြင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့များ၏ မြေပြင်စစ်ဆေးချက်အရ မြေဧရိယာ ၁၅၄၈၉၂ ဒသမ ၁၀၂ ဧကအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှတစ်ဆင့် စနစ်တကျစိစစ်ပြီး မူလသက်ဆိုင်သူများထံသို့ ယခုအခါ ဒုတိယအကြိမ် ထပ်မံစွန့်လွှတ်ပေးမည်ဖြစ်သည်။

တပ်မတော်မှ ပြန်လည်စွန့်လွှတ်ပေးလျက်ရှိသော မြေများနှင့် ပတ်သက်၍ သိမ်းဆည်းမြေများအပေါ် ပြန်လည် စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင်

- ပြည်ထဲရေးအမိန့်ရယူသိမ်းဆည်းခဲ့သည့်မြေများအား ပြန်လည်စွန့်လွှတ်ပေးမည့် တပ်ရင်း/တပ်ဖွဲ့များသည် မြေယာအမှုတွဲဖွင့်လှစ်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး(ကော်လ္လိတော်အရာရှိ) မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာပြင်ဆင်ထုတ်ပြန်ရန် တင်ပြအပ်နှံရမည်။
- အဆိုပါမြေများအား ပြည်ထဲရေးဝန်ကြီးဌာနမှ မြေသိမ်းပယ်ဖျက်သည့်အမိန့်ထုတ်ပြန်ပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လွှဲပြောင်းပေးပြီး သက်ဆိုင်သောတောင်သူများမှ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရန် သက်ဆိုင်ရာမြေယာစီမံခန့်ခွဲရေးအဖွဲ့သို့ လျှောက်ထားရယူရမည်။
- လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေပုဒ်မ(၃၉)အရ သိမ်းဆည်းထားသောမြေများအား ပြန်လည်စွန့်လွှတ်ပေးမည့် တပ်ရင်း/တပ်ဖွဲ့များမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအပ်နှံရမည်။
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လန(၃၉)အား ပယ်ဖျက်အမိန့်ထုတ်ပြန်၍ စွန့်လွှတ်မြေများအား ခရိုင်/မြို့ နယ်မြေယာစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် သက်ဆိုင်သူများသို့ပြန်လည်ပေးအပ်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်သူများမှလည်း လုပ်ကိုင်ခွင့်ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။
- မြေစာရင်းပုံစံ(၁၀၅)၊ တပ်အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်ရယူသိမ်းဆည်းထားသောမြေနှင့် ယခင်ကာလသိမ်းဆည်းရေး ဆောင်ရွက်ဆဲမြေများအား တပ်ရင်း/တပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့ထံသို့တင်ပြခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာမြေယာစီမံခန့်ခွဲမှုအဖွဲ့များထံသို့ အပ်နှံရမည်။
- ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု မြေယာစီမံခန့်ခွဲမှုအဖွဲ့များမှ သက်ဆိုင်သူများသို့ ပြန်လည်အပ်နှံပေးရမည်ဖြစ်ပြီး သက်ဆိုင်သူများမှလည်း လုပ်ကိုင်ခွင့်ပြန်လည်လျှောက်ထားရယူရမည်ဖြစ်သည်။

တပ်မတော်က ပြန်လည်စွန့်လွှတ်ပေးလျက်ရှိသော မြေများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ မြေယာစီမံခန့်ခွဲရေးအဖွဲ့များသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင်ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်စွန့်လွှတ်ပေးမည်ဖြစ်သည်။ တပ်မတော်က သိမ်းဆည်းထားသော မြေများအား မူလသက်ဆိုင်သူသို့ ပြန်လည်စွန့်လွှတ်ပေးရာတွင် ယခုအကြိမ်အပါအဝင် စုစုပေါင်းမြေ ၂၀၉၁၄၇ ဒသမ ၁၀၅ ဧက ရှိပြီဖြစ်သည်။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဦးဆောင်သော ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီ (Delivery Unit) အဖွဲ့များကလည်း မူလသက်ဆိုင်သူများ၏လက်ဝယ်သို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်သွယ်၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်က ဒုတိယအကြိမ်စိစစ်ပြန်လည်စွန့်လွှတ်ပေးမည့် မြေများစာရင်း

ရက်စွဲ၊ ၅-၂-၂၀၁၄

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ပြည်ထဲရေးအမိန့်ရယူသိမ်းဆည်းမြေ	လန(၃၉)ရယူသိမ်းဆည်းမြေ	မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရယူသိမ်းဆည်းထားသောမြေ	တပ်အစီစဉ်ဖြင့် လုပ်ပိုင်ခွင့်ရယူသိမ်းဆည်းထားသောမြေ	ယခင်ကာလသိမ်းဆည်းရေးဆောင်ရွက်ဆဲမြေ	စုစုပေါင်း	မှတ်ချက်
၁	နေပြည်တော်	-	-	၁၁၆. ၀၀၀	-	၆၈. ၄၀၀	၁၈၄. ၄၀၀	
၂	ကချင်	-	-	၂၉၈၅၀. ၂၀၀	-	၈၃၉၀. ၀၈၀	၃၈၂၄၀. ၂၈၀	
၃	ကယား	၄၂၇. ၀၀၀	-	-	-	၂၄၁. ၁၈	၆၆၈. ၁၈	
၄	ကရင်	-	-	၇၁၉. ၄၀	၆၂၆. ၇၂	၂၁၀. ၂၀	၁၅၅၆. ၃၂	
၅	ချင်း	-	-	-	-	၂၂၂. ၈၈	၂၂၂. ၈၈	
၆	စစ်ကိုင်း	-	၉၂၀. ၀၀	၅၉၅၉. ၅၀	၁၃၉၀၃. ၁၃	၈၄၅၆. ၄၉	၂၉၂၃၉. ၁၂	
၇	တနင်္သာရီ	-	၃၄၂. ၇၆၀	၁၂၆၁. ၀၇၀	၇၄၈. ၇၁၀	-	၂၃၅၂. ၅၄၀	
၈	ပဲခူး	၄၃၉၀. ၇၀၀	၂၀၇၆. ၂၅၀	၆၂၀၀. ၈၅၀	၆၀၀. ၅၀၀	၂၀၄၈. ၀၀၀	၁၅၃၁၆. ၃၀၀	
၉	မကွေး	-	-	၅၉၂. ၁၈	၁၉၆၃. ၁၆	၁၀၄၂. ၅၄	၃၅၉၇. ၈၈	
၁၀	မန္တလေး	၆၈၄. ၆၆၀	၄၈၂. ၄၃၀	-	၁၉၃၇. ၆၂၀	၇၄၀. ၀၀၀	၃၈၄၄. ၇၁၀	
၁၁	မွန်	-	-	၁၆၂၅. ၄၆	၁၇၇၂. ၄၃	၃၂၃. ၈၁	၃၇၂၁. ၇၀	
၁၂	ရခိုင်	၁၇၆၀. ၆၁၀	-	၉၀၅၂. ၃၀၀	၃၉၁၄. ၁၆၀	၃၂၉၂. ၈၈၀	၁၈၀၁၉. ၉၅၀	
၁၃	ရန်ကုန်	-	-	၁၃၇. ၆၂၀	၇၃၇. ၂၅၀	၄၈၄၉. ၄၁၀	၅၇၂၄. ၂၈၀	
၁၄	ရှမ်း	၁၄၂၀၈. ၇၃၄	၄၇. ၁၁၀	၆၉၅၄. ၈၂၀	၇၃၄၀. ၄၇၀	၃၆၅၂. ၄၉၂	၃၂၂၀၃. ၅၆၂	
၁၅	ဧရာဝတီ	-	-	၆၉၅၄. ၈၂၀	-	-	-	မှတ်ချက်(၄)
	စုစုပေါင်း	၂၁၄၇၁. ၆၇၀	၃၈၆၈. ၅၄၀	၆၂၄၆၉. ၃၈၀	၃၃၅၄၄. ၁၅၀	၃၃၅၃၈. ၃၆၂	၁၅၄၈၉၂. ၁၀၂	

မှတ်ချက်။
(၁) ပြည်ထဲရေးအမိန့်ရယူသိမ်းဆည်းမြေ(၂၁၄၇၁. ၆၇)ဧကအား ကော်လ္လိတော်အရာရှိထံမှစ၍ အမှုတွဲဖွင့်ပြီး ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။
(၂) လ/န (၃၉)ရယူသိမ်းဆည်းမြေ(၃၈၆၈. ၅၄)ဧကအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ လ/န (၃၉)ပယ်ဖျက်ဆောင်ရွက်၍ အပ်နှံပေးသွားပါမည်။
(၃) ကျန်မြေ(၁၂၉၅၁. ၈၉၂)ဧကအား တိုင်းဒေသကြီး/ပြည်နယ် မြေယာစီမံခန့်ခွဲမှုအဖွဲ့သို့ စွန့်လွှတ်အပ်နှံပေးရပါမည်။
(၄) ဧရာဝတီတိုင်းဒေသကြီးတွင် မြေ (၉၃၃၅. ၄၁)ဧကအား ပထမအကြိမ်တွင် စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

ကောက်ယူထားသော မှတ်တမ်းများအရ မှတ်ပုံတင်မဲ့ မော်တော်ယာဉ်ဆိုင်ကယ်များအား တရားဝင်လိုင်စင်ပြုလုပ်ပေးသည့် စီမံချက်များကို ၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ (၈)ကြိမ် ပြုလုပ်ပေးခဲ့ရာ မော်တော်ဆိုင်ကယ်စီးရေ ၂၈၃၃၃၀၉ စီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ယနေ့အချိန်တွင် နယ်စပ်ဒေသ စစ်ဆေးရေးဂိတ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ရှောင်လွှဲပြီး တရားမဝင် မော်တော်ဆိုင်ကယ်များ မြန်မာနိုင်ငံ မြို့ပြနှင့် ကျေးလက်ဒေသများသို့ ရောက်ရှိနေကြပြီး စီးနင်းအသုံးပြုလျက်ရှိနေသည်။ အဆိုပါ မော်တော်ဆိုင်ကယ်ပိုင်ရှင် ပြည်သူများသည် အခွန်အခပေးဆောင်ပြီး တရားဝင်ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးခြင်းကို လိုလားလျက်ရှိကြသည်။

စည်းကမ်းဥပဒေနှင့်အညီ ဖြစ်လာစေရေးအတွက် နိုင်ငံအတွင်း ရောက်ရှိနေသော မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင်ပေးရေး စီမံချက် (One Stop Service) ချမှတ်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများ ပူးပေါင်း၍ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မှတ်ပုံတင်ပေးရာတွင် (One Stop Service) အဖွဲ့အဖြစ်ဌာနများ ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံ လုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့်ပြည်ထဲရေးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက်မှ ဇွန် ၃၀ ရက်အတွင်း ရုံးဖွင့်ရက် ၉၀ အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရရုံးပိတ်ရက်များနှင့် ဘဏ်ပိတ်ရက်ဖြစ်သော ဧပြီ ၁ ရက်တို့တွင်ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာမြို့များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလှမ်းဝေးသည့်ဒေသများအတွက်လည်း ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ နယ်လှည့်လုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မော်တော်ဆိုင်ကယ်တစ်စီးလျှင် အခွန်အခအဖြစ်ငွေ သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်းအား အကောက်ခွန်စည်းကြပ်ခွန်၊ သတ်မှတ်ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွန်အဖြစ်လည်းကောင်း၊ သူတစ်ပါးထိခိုက်မှုအာမခံကျပ် ၁၇၅၀၊ မော်တော်ဆိုင်ကယ်အမှတ် မှတ်ပုံတင်ကြေး ကျပ် ၂၂၀၀၀ နှင့် ဘဏ်ဆောင်ရွက်ခ ကျပ် ၅၅၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ်၏ ထုတ်လုပ်သည့် နိုင်ငံနှင့် ထုတ်လုပ်သည့် ခုနှစ်ပေါ် မူတည်၍ ပေးသွင်းရမည့် အခွန်ငွေများ ကွဲပြားကြောင်း သိရှိရသည်။ အများအားဖြင့် တရုတ်နိုင်ငံထုတ်နှင့် ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များများပြားနိုင်ပြီး ဂျပန်နိုင်ငံထုတ်နှင့် အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်အချို့လည်း ဆောင်ရွက်လာနိုင်ကြောင်း၊ ယနေ့ပြည်တွင်းသို့ရောက်ရှိနေသည့် ဗီယက်နမ်နိုင်ငံထုတ် ဆိုင်ကယ်ပိုင်ဆိုင်ထားသူများကလည်း ပါဝင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းရကြောင်းဖြင့် မှတ်ပုံတင်ဆောင်ရွက်လိုကြသည့် ပြည်သူများက သုံးသပ်ပြောကြားလျက်ရှိသည်။

တာဝန်ရှိသူများအနေဖြင့် မော်တော်ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင်ပေးခြင်းသည် အဓိကအားဖြင့် ကျေးလက်နေပြည်သူများ သွားလာရေးအတွက် အဆင်ပြေချောမွေ့စေပြီး စည်းကမ်းဥပဒေကို လေးစားလိုက်နာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သော်လည်း ကြိမ်ဖန်များစွာ ဆောင်ရွက်လျှင် ဥပဒေကိုချိုးဖောက်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်လာနိုင်သည့်အတွက် ယခုစီမံချက်သည် နောက်ဆုံးအကြိမ်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ စီမံချက်ကာလပြီးဆုံးသွားပါက မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးသိမ်းဆည်းခြင်း၊ ယာဉ်လက်ဝယ်ရှိသူများအား အရေးယူခြင်းစသည်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၂-၂၀၁၄ (ကြာသပတေးနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ
၇း၃၀	"ဖွားချစ်ကတားမြစ်ထားသည်"
၈း၂၅	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၅၇)
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၁၂)
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း "ပထမနံနက်ခင်း" (စုမိ၊ နဝရတ်) (ဒါရိုက်တာ- မလိခစိုးထိုက်အောင်)
၃း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့သုခကမ္ဘာ" (အပိုင်း-၁၂)
၄း၃၀	"၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ" (ရူပဗေဒဘာသာရပ်)
၅း၁၅	(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇း၃၀	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၅၈)
၇း၂၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၁၃)
၈း၃၅	ပြည်သူ့နီတိ "ပျောက်ဆုံးသွားတဲ့ ကြက်သားတုံး" ဉာဏ်ရည်ချင်ပြိုင်ဘယ်သူနိုင် နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့ သုခကမ္ဘာ" (အပိုင်း-၁၃)

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာအကြီးတန်းအကြံပေး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာအကြီးတန်းအကြံပေး Ms. Judith Cefkin ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Derek Mitchell လည်း တက်ရောက်သည်။

(သတင်းစဉ်)

■ ပြည်ပမှ

ဝန်ကြီးဌာနမှကြော်ငြာထားသော ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများစာရင်းကို Website-www.mol.gov.mm တွင်လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၏ ဖုန်းနံပါတ်-၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၁၈၅ သို့လည်းကောင်း၊ မိမိတို့နှင့်ဆက်သွယ်သွားရောက်မည့် အေဂျင်စီ အမှန်တကယ်ရှိ/မရှိ၊ အလုပ်ခေါ်စာ Demand Letter မှန်ကန်မှု ရှိ/မရှိတို့အား စိစစ်ရန်လိုအပ်ပြီး သွားရောက်အလုပ်လုပ်ကိုင်မည့်သူသည် အလုပ်ရှင်နှင့် စာချုပ်ချုပ်ဆို၍ မိမိသွားရမည့်နေရာနှင့် လုပ်ငန်းဆိုင်ရာအချက်အလက်များအား ကြိုတင်သိရှိပြီး ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားပါရှိမှသာ သွားရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ အခွင့်အရေးများရရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်မှုပေးရေးအတွက် ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိ (Labour Attache) များ ခန့်ထားဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ခြင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအား ကြီးကြပ်ရန် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းထားပါသည်။

"ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန်" နိုင်ငံတော်က ချမှတ်ထားသောမူဝါဒနှင့်အညီ ပြည်ပရောက် မြန်မာအလုပ်သမားများအား မည်သည့်နိုင်ငံတွင်ရောက်ရှိနေသည်ဖြစ်စေ နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

ပြည်ပရောက်မြန်မာအလုပ်သမားရေးရာကိစ္စရပ်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ သက်ဆိုင်ရာအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်ပတွင်အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများနှင့် ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကြမည့်သူများသည် တရားမဝင်ဆောင်ရွက်နေသည့် အေဂျင်စီများ၊ ကြားပွဲစားများနှင့် လုံးဝဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြည်ပ၌အခက်အခဲများကြုံတွေ့ရပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးအပ်ပါသည်-

ရွှေ့ပြောင်းလုပ်သားဌာနခွဲ-
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ရုံးအမှတ် ၅၁၊ နေပြည်တော်

ဖုန်းနံပါတ်	-	၉၅၆၇၄၃၀၁၈၃
		၉၅၆၇၄၃၀၁၈၅
		Email-migration.dol@gmail.com

Complaints Mechanism Center၊ နေပြည်တော်

ဖုန်းနံပါတ်	-	၉၅၆၇၄၃၀၁၈၄
		၉၅၆၇၄၃၀၂၈၄
		Email-complaint.moles@gmail.com

Complaint Mechanism Center၊ ရန်ကုန်

ဖုန်းနံပါတ်	-	၉၅၁၆၅၀၁၈၇
		၉၅၁၆၅၀၀၈၉

ကိုရီးယားသမ္မတနိုင်ငံ - ဒေါ်မေသူညို (အလုပ်သမားသံအရာရှိ)

ဖုန်းနံပါတ်	-	၀၀၈၂၁၀၃၇၉၉၄၆၉၀
		Email-maythunyo@gmail.com

မလေးရှားနိုင်ငံ - ဦးစိုးဝင်း (အလုပ်သမားသံအရာရှိ)

ဖုန်းနံပါတ်	-	၀၀၆၀၁၀၂၅၉၇၇၅၀
		Email-soewinlabour@gmail.com

ထိုင်းနိုင်ငံ - ဦးကျော်ကျော်လွင် (အလုပ်သမားသံအရာရှိ)

ဖုန်းနံပါတ်	-	၀၀၆၆၈၆၇၇၄၆၈၂၅
		Email-kklwinlabor@gmail.com

အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၇/၂၀၁၄)
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)
ချင်းအမျိုးသားပါတီ (Chin National Party) အား
ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၂၁)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ချင်းအမျိုးသားပါတီ (Chin National Party)** သည် ယင်းပါတီ၏ အမည်ကို **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ချင်းအမျိုးသားပါတီ** (Chin National Party)အား ၅-၂-၂၀၁၄ ရက်နေ့မှစ၍ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံဒိုင်ဝါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအုပ်စုတို့ ပူးတွဲကျင်းပသည့်"မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ"ကို ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ် UMFCCI တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ မကြာမီကပြဋ္ဌာန်းခဲ့သော ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် စတော့ဈေးကွက်ထူထောင်ရေးနှင့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ ရှယ်ယာများထုတ်ဝေရောင်းချရာတွင် လိုက်နာရမည့်နည်းစနစ်များကို ပြည်သူများနားလည်သဘောပေါက်လာစေရေးနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရန်တို့ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ ဒိုင်ဝါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအုပ်စု၊ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်နှင့် တိုကျိုစတော့အိတ်ချိန်း (JPX) တို့မှ ပညာရှင်များကအစုရှယ်ယာဈေးကွက်မိတ်ဆက်အစပျိုးမည့် ရန်ကုန်စတော့အိတ်ချိန်း တည်ထောင်ခြင်း၊ ရန်ကုန်စတော့အိတ်ချိန်း၏ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းရောင်းချမည့်ကုမ္ပဏီများ ပြင်ဆင်ထားသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ UMFCCI ဖုန်း-၀၁-၂၁၄၃၄၄၊ MSEC ၀၁-၃၈၇ ၀၃၂ နှင့် msecbod@gmail.com တို့ကို စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာကန့်သတ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၏ပညာရေးစနစ်တို့ကို နှိုင်းယှဉ်လေ့လာဆန်းစစ်ခြင်း

၇-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတကြီးက ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျမြင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်း (Human Development Index) များအလွန်ကောင်းမွန်၍ ဖွံ့ဖြိုးပြီးနိုင်ငံများအဆင့်သို့ရောက်ရှိရန် အပြိုင်အဆိုင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်းများ ကောင်းကြသည်ကိုလေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းအပေါ်တွင် တိုက်ရိုက်အချိုးကျနေပါသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောပညာရေးစနစ်ကို နိုင်ငံတိုင်းက လက်တွေ့ကျကျပြုပြင်ပြောင်းလဲ၍ နိုင်ငံ၏လုပ်သားဈေးကွက်လိုအပ်ချက်အရ ကျွမ်းကျင်လုပ်သားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို ပြုစုပျိုးထောင်လေ့ကျင့်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

UNESCO ၏ EFA Global Monitoring Report 2012 အရလည်း နိုင်ငံပေါင်း ၂၀၅ နိုင်ငံတွင် ၈၅ ရာခိုင်နှုန်းရှိသော နိုင်ငံများ၌ အခြေခံပညာကျောင်းစတင်အပ်နှံသည့် ကျောင်းဝင်သက်သည် အနည်းဆုံးခြောက်နှစ်ဖြစ်၍ အခြေခံပညာသင်ကာလသည် အနည်းဆုံး ၁၂ နှစ်ဖြစ်ပြီး နည်းပညာနှင့် သက်မွေးပညာနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျ ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် ထိုနိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်းများသည် အလွန်မြင့်မားကာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဖြစ်ကြသည်ကို လေ့လာတွေ့ရှိရပြီး ကျောင်းဝင်သက်စော၍ အခြေခံပညာသင်ကာလနည်းသောနိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်းနိမ့်ကျပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ယေဘုယျအားဖြင့် လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း ခေတ်သစ်စနစ်သစ်နှင့်အညီ ပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် ခေတ်သစ်စနစ်သစ်နှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံတကာအဆင့်အတန်းမီ ပညာရေးအဆင့်အတန်း မြင့်မားလာရေးအတွက် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ လွှတ်တော်၊ ပါတီများ၊ ပြည်တွင်း/ပြည်ပပညာရှင်များ၊ မိဘ၊ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ၊ အဖွဲ့အစည်းများ၊ Stakeholder များအားလုံးက အားလုံးအတွက်ပညာရေး (Education for ALL) ပညာရေးအတွက် အားလုံးအပါအဝင် (ALL for Education) အဖြစ်ခံယူလျက် အမျိုးသားပညာရေး တစ်မျိုးသားလုံးပါဝင် ဆွေးနွေးအကြံပြုချက်များဖြင့် မူဝါဒ(မူကြမ်း)၊ လုပ်ငန်းစဉ်(မူကြမ်း)များနှင့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)၊ဆက်စပ်ဥပဒေ(မူကြမ်း)များတို့ကို တိုင်းဒေသကြီး/ပြည်နယ်အလုပ်ရုံဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်နှင့်အခြား ၁၇ နိုင်ငံတို့၏ ပညာရေးစနစ်တို့ကို နှိုင်းယှဉ်လေ့လာ၍ ရရှိလာသော အောက်ပါအတိုင်း လေ့လာဆန်းစစ်ချက်အချို့ကို တင်ပြအပ်ပါသည်-

မသင်မနေရပညာရေးမူဝါဒကို နှိုင်းယှဉ်လေ့လာဆန်းစစ်ခြင်း

မြန်မာ၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့သည် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို Grade(1)မှ Grade (5) အထိ ကျင့်သုံးလျက်ရှိသည်။ မလေးရှား၊ တောင်ကိုရီးယားနိုင်ငံတို့သည် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို Grade(1) မှ Grade (6) အထိ ကျင့်သုံးလျက်ရှိသည်။ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တရုတ်၊ ဂျပန်၊ ဂျာမနီ၊ အိန္ဒိယ၊ ဘရာဇီးနိုင်ငံတို့သည် Grade(1) မှ Grade(9) အထိလည်းကောင်း၊ ရုရှား၊ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျနိုင်ငံတို့သည် Grade(1)မှ Grade(12) အထိလည်းကောင်း မသင်မနေရပညာရေးစနစ်ကိုကျင့်သုံးလျက်ရှိပါသည်။ ထိုင်းနိုင်ငံတွင် KG-1, 2, 3, Grade (1)မှ Grade (12)အထိ ပညာသင်နှစ် ၁၅ နှစ်အတွက် အခမဲ့ပညာရေးစနစ်ကိုလည်းကောင်း၊ မလေးရှားနိုင်ငံတွင် Grade(1)မှ Grade (12)အထိ ပညာသင်ကာလများအတွက် အခမဲ့ပညာရေးစနစ်ကို လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံရှိ ကျေးလက်ဒေသနှင့် အထူးပညာရေးဒေသတို့တွင် Grade(1) မှ Grade(9)အထိ အခမဲ့ပညာရေးစနစ်ကို လည်းကောင်း ကျင့်သုံးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ပညာရေးဥပဒေ

နိုင်ငံများတွင် လိုက်လျောညီထွေရှိသည့် အမျိုးသားပညာရေးဥပဒေ၊ မသင်မနေရပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေ၊ အခမဲ့ပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊ ကိုယ်ပိုင်ကျောင်း/တက္ကသိုလ်ဥပဒေ၊ နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ၊ မူကြိုပညာရေးဥပဒေ၊ အာမခံချက်ဥပဒေ၊ အထူးပညာရေးဥပဒေ၊ ပညာရေးသုတေသနဥပဒေ၊ ပညာရည်စစ်ဆေးအကဲဖြတ်မှုဥပဒေ၊ ဆရာအတတ်သင်ပညာရေးဥပဒေ၊ သင်ရိုးညွှန်းတမ်းဥပဒေများ စသည်တို့ကိုပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ပညာရေးစီမံခန့်ခွဲမှု

နိုင်ငံအားလုံးတွင် အခြေခံပညာကဏ္ဍကို ပညာရေးဝန်ကြီးဌာနများကသာ တာဝန်ယူစီမံခန့်ခွဲပါသည်။ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်၊ ဘရာဇီးနိုင်ငံတို့တွင် ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ အများဆုံးငါးခုတို့ကသာ အဆင့်မြင့်ပညာကိုစီမံခန့်ခွဲပါသည်။ မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံတို့တွင် ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများစွာက အဆင့်မြင့်ပညာကဏ္ဍကို စီမံခန့်ခွဲပါသည်။ စင်ကာပူနိုင်ငံမှလွဲ၍ နိုင်ငံအားလုံးတွင် ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်နယ်အဆင့်၊ ဒေသအဆင့်တို့ဖြင့် တာဝန်ယူဆောင်ရွက်ပါသည်။

> “ ကျောင်းဝင်သက်စော၍ အခြေခံပညာသင်ကာလနည်းသောနိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်း နိမ့်ကျပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ယေဘုယျအားဖြင့် လေ့လာတွေ့ရှိရ ”

မူကြိုပညာရေး

နိုင်ငံတိုင်းတွင် မူကြိုပညာရေးကိုမသင်မနေရပြဋ္ဌာန်းဆောင်ရွက်ခြင်းမျိုး မရှိပေ။ထိုင်း၊ ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် အခမဲ့မူကြိုပညာရေးဖြစ်ပါသည်။ နိုင်ငံတိုင်းတွင် ရှေးဦးကလေးသူငယ်စောင့်ရှောက်ရေးနှင့် မူကြိုပညာရေးတို့ကို ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၊ ပုဂ္ဂလိကတို့မှ တာဝန်ယူဆောင်ရွက်ပါသည်။

မူကြိုတန်းအပ်နှံမှုနှုန်းမှာ ကမ္ဘောဒီးယားတွင် ၁၄ ရာခိုင်နှုန်း၊ မြန်မာတွင် ၂၂ ဒသမ ၉ ရာခိုင်နှုန်းတို့မှလွဲ၍ ကျန်နိုင်ငံများတွင် အပ်နှံမှုနှုန်းများသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့

အခြေခံပညာရေးစနစ်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပညာရေးဆိုင်ရာအညွှန်းကိန်းများ

မြန်မာနိုင်ငံတွင် ကျောင်းဝင်သက်သည် (၅+)နှစ်ဖြစ်၍ အခြေခံပညာရေးစနစ်ဖွဲ့စည်းတည်ဆောက်ပုံသည် (KG+4:4:2) ဖြစ်သဖြင့် အခြေခံပညာသင်ကာလ ၁၁ နှစ်ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းဝင်သက်သည် (၁၆+)နှစ်ဖြစ်ပါသည်။ ကျန်နိုင်ငံများတွင် ကျောင်းဝင်သက်သည် (၆+) နှစ်ဖြစ်၍ အခြေခံပညာသင်ကာလ ၁၂ နှစ်ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းဝင်သက်သည် (၁၈+)နှစ်ဖြစ်ပါသည်။ အသားတင်မူလတန်းကျောင်းဝင်နှုန်းသည် မြန်မာနိုင်ငံတွင် ၈၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြစ်ပြီး အခြားနိုင်ငံများက ကျောင်းဝင်နှုန်းပိုမိုများပါသည်။

အသားတင်အလယ်တန်း/အထက်တန်းကျောင်းဝင်နှုန်းသည် မြန်မာနိုင်ငံတွင် ၄၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး လာအိုနှင့်အိန္ဒိယမှလွဲ၍ အခြားနိုင်ငံများက ကျောင်းဝင်နှုန်းပိုမိုများပါသည်။ အသားတင်အဆင့်မြင့် ကျောင်းဝင်နှုန်းသည် မြန်မာနိုင်ငံတွင် ၁၂ ရာခိုင်နှုန်းဖြစ်ပြီး အခြားနိုင်ငံများက ကျောင်းဝင်နှုန်းပိုမိုများပါသည်။

အသားတင်ကျောင်းထွက်နှုန်းသည် မြန်မာနိုင်ငံတွင် ၂၇ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ပြီး အခြားနိုင်ငံများက ကျောင်းထွက်နှုန်းပိုမိုနည်းပါသည်။

မူလတန်းပြီးမြောက်နှုန်းသည် မြန်မာနိုင်ငံတွင် ၅၇ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး အခြားနိုင်ငံများကပြီးမြောက်နှုန်းပိုမိုများပါသည်။

ဆရာ၊ ကျောင်းသားအချိုးသည် မြန်မာနိုင်ငံ၌ ၁ အချိုး ၂၉ ဖြစ်ပြီး ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့မှလွဲ၍ ကျန်နိုင်ငံများ၌ ဆရာ၊ ကျောင်းသားအချိုးနည်းပါသည်။

နိုင်ငံတိုင်းတွင် နိုင်ငံတော်/ပုဂ္ဂလိက ကျောင်းများရှိပါသည်။ ပညာရေးအသုံးစရိတ် (% of GDP) တွင် မြန်မာနိုင်ငံ၌ ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြစ်သဖြင့် ကျန်နိုင်ငံများအားလုံးက ပိုမိုများသည်ကို လေ့လာတွေ့ရှိရပါသည်။

သင်ရိုးညွှန်းတမ်း

မြန်မာနိုင်ငံတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းကို ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိသာ ပြုပြင်ရေးဆွဲခဲ့ပါသည်။ စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့တွင် သင်ရိုးညွှန်းတမ်း ငါးနှစ်တစ်ကြိမ်ပြုပြင်ရေးဆွဲပါသည်။

မြန်မာနိုင်ငံမှအပ ကျန်နိုင်ငံများတွင် သင်ရိုးညွှန်းတမ်းကို နိုင်ငံ၏လိုအပ်ချက်အရ နှစ်ကြိမ်ထက်ပိုမို၍ ရေးဆွဲခဲ့ပါသည်။

လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်နှင့် ဘရာဇီးနိုင်ငံများတွင် မူလတန်းအောက်ဆင့်၌ နိုင်ငံခြားဘာသာစကားကို မသင်ကြားပါ။ မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံများတွင် နိုင်ငံခြားဘာသာစကားကိုသင်ကြားပါသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လုံးအတွက် စာသင်ချိန်နာရီပေါင်း ၇၂၀ ရှိပါသဖြင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် စာသင်ချိန်နာရီအနည်းဆုံးနိုင်ငံဖြစ်ပါသည်။

နိုင်ငံအများစုတွင် အဓိကဘာသာရပ်များအပြင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် ကာယပညာရေး၊ ပန်းချီ၊ ဂီတ၊ လက်မှုပညာ၊ အလုပ်အကိုင်နှင့်နည်းပညာ၊ စာရိတ္တဖွံ့ဖြိုးမှု၊ ဒေသလိုအပ်ချက်ပညာရပ်တို့ကို သင်ကြားပို့ချကြပါသည်။

ကမ္ဘောဒီးယား၊ ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဘရာဇီး၊ ဂျာမနီ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့တွင် အထက်တန်းဆင့်၌ Credit System ကျင့်သုံးသည်ကို လေ့လာတွေ့ရှိရပါသည်။

ပညာရည်စစ်ဆေးတိုင်းတာမှုအကဲဖြတ်စနစ်

နိုင်ငံတိုင်းတွင် ကျောင်းအခြေပြုအကဲဖြတ်စနစ်ရှိပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့✲

ဥတုရာသီ
တောကိုမှီ၏



ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဖေဖော်ဝါရီ　　၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU အား ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်စီမံကိန်းများအတွက် စုစုပေါင်း ငွေကျပ်(၅၂၆၇၃၄ ဒသမ ၁၆၈)သန်း အသုံးပြုခွင့်ရရှိ

နေပြည်တော်　ဖေဖော်ဝါရီ　၅

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများ ဆွေးနွေးခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်းကျပ် (၈၈၉ ဒသမ ၁၈၁)ဘီလီယံ အသုံးပြုသွားရန် လျာထားခဲ့ပါကြောင်း၊ အဆိုပါ မူလလျာထားခဲ့သည့် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လွှတ်တော် ကတိကဝတ် စီမံကိန်း(၄၁) ခုနှင့် လုပ်ငန်း(၇)ခု အပါအဝင် စီမံကိန်းပေါင်း(၇၅)ခုနှင့် လုပ်ငန်းပေါင်း(၃၂၀)တို့ကို ဆောင်ရွက်ရန် လျာထားခဲ့ပါကြောင်း။

လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်စီမံကိန်းများအတွက် စုစုပေါင်း ငွေကျပ်(၅၂၆၇၃၄ ဒသမ ၁၆၈)သန်း အသုံးပြုခွင့်ရရှိခဲ့ပါကြောင်း၊ ယင်းငွေလုံးငွေရင်း ပမာဏတွင် နိုင်ငံပိုင်ငွေ (ပြည်ထောင်စုဘတ်ဂျက်)၊ နိုင်ငံခြားချေးငွေ၊ ပြည်ပထောက်ပံ့ငွေများပါဝင်ပြီး ပြည်ထောင်စုဘတ်ဂျက်ဖြင့် သုံးစွဲမည့်ငွေပမာဏမှာ (၅၁)ရာခိုင်နှုန်းဖြစ်ပါကြောင်း။

စီမံကိန်းများကိုလျာထားရာတွင် နိုင်ငံခြားချေးငွေ၊ ပြည်ပထောက်ပံ့ငွေများ အသုံးပြုမည့် စီမံကိန်းများကို ဦးစားပေးထည့်သွင်းခဲ့ရပြီး နိုင်ငံပိုင်ငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအနက် အချို့စီမံကိန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ခဲ့ရကြောင်း။

သို့ဖြစ်ပါ၍ စိစစ်လျှော့ချခဲ့ရသည့် လွှတ်တော် ကတိကဝတ်များအပါအဝင် စီမံကိန်းများနှင့် လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေ ဆောင်ရွက်ရန်ဖြစ်ပါက ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံခြားချေးငွေရရှိပါက ယင်းချေးငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များကို အခြေခံပညာ သင်ရိုးညွှန်းတမ်းများတွင် သင့်လျော်သလို ထည့်သွင်းလေ့လာစေရေးအတွက် ဆောင်ရွက်ရန် ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ (၁၈) ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးဥပဒေတွင် တိုင်းရင်းသားဘာသာစကားကို မည်သည့်အတန်းအထိ သင်ကြားပို့ချမည်၊ မည်သည့် တိုင်းရင်းသားဘာသာစကားများကို မည်ကဲ့သို့ သင်ကြားမည်တို့အတွက် ဆက်လက်ညှိနှိုင်းဆွေးနွေး အကြံပြုချက်များ ရယူသွားမည် ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွက် မူလလျာထားချက်တွင် စုစုပေါင်း(၅၁၄)ကျောင်းကို လျာထားခဲ့ပါကြောင်း၊ မူလလျာထားချက်ကို စိစစ်ပြီးနောက် ဘဏ္ဍာငွေရရှိမှုအရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး။

အန္တရာယ်ရှိ (၉၄)ကျောင်းနှင့် ပြည်သူ့လွှတ်တော်မှ ပြည်သူ့ကိုယ်စားတင်ပြသော ကျောင်းပေါင်း(၁၂၆)ကျောင်း စုစုပေါင်းကျောင်း(၂၂၀)ကိုသာ လျာထားနိုင်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ (၂၆)မြို့နယ်တွင် အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ခြင်း ခေါင်းစဉ်အောက်တွင် ကန်ကြီးထောင့်မြို့နယ်မှ လွဲ၍ ကျန်(၂၅)မြို့နယ်အတွက် ခွင့်ပြုထားရှိပြီး ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွက် မူလလျာထားချက်တွင် စုစုပေါင်း(၂၂၉)ကျောင်း လျာထားခဲ့ပါကြောင်း၊ မူလလျာထားချက်ကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ စိစစ်ပြီးနောက် အန္တရာယ်ရှိကျောင်း(၈၀)နှင့် လွှတ်တော်မှ မေးမြန်းထားသည့် ကျောင်း(၂၈)ကျောင်း စုစုပေါင်း (၁၀၈) ကျောင်းကိုသာ လျာထားနိုင်ခဲ့ပါကြောင်း၊ ခွင့်ပြုရန်ပုံငွေအတွင်းမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များအလိုက် အတတ်နိုင်ဆုံးအချိုးညီမျှမှုရှိစေရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် စုစုပေါင်း(၅)ကျောင်း ရရှိခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင်မြို့နယ်ထက် ပိုမိုရရှိသော မြို့နယ်(၅)မြို့နယ်သာ ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က စေတနာ့ဝန်ထမ်းအဖွဲ့အစည်း(၁၂၈၀)ခုကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေး ငွေစာရင်းခေါင်းစဉ်အောက်တွင် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၅)ခုအတွက် တစ်ခုလျှင် ကျပ်သိန်း(၈၀၀) နှုန်းဖြင့် တွက်ချက်တင်ပြတောင်းခံရရှိခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်။

၏ မူလခွင့်ပြုချက်တွင်လည်း ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၃)ခုအတွက် ကျပ်သိန်း(၈၀၀) စီ ထပ်မံတင်ပြထားပြီးဖြစ်သဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးလိုအပ်ချက်အရ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် လုပ်ငန်းများအောင်မြင်ရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘော ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းပြီးဖြစ်သည့်အတွက် ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများ ဆွေးနွေးခြင်းပြီးဆုံးကြောင်းနှင့် စီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ(၂)ပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းများကို ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၃/၂၀၁၄)ကို ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးက လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၂-၂၀၁၄ (ကြာသပတေးနေ့)

၅း၄၀	“အားကိုးရာအစစ်ရှာပါ” တရားတော် [ဘဒ္ဒန္တစန္ဒဝံသ (ဓမ္မာစရိယ)]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သမီးလေး” (အပိုင်း-၉၁)
၁၂း၅၀	စာအုပ်ပြခန်း [မြေမှုန်လွင် (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဖျံတစ်ကောင်လွတ်နေ)]
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သမီးလေး” (အပိုင်း-၉၂)
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲသွားသောနှလုံးသား” (အပိုင်း-၇၅)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရွှေဖူးစာလေးတဝဲလည်” (အပိုင်း-၃၃)
၂း၀၅	Intellectual Talk (နိုင်ငံကြီးသားတစ်ယောက်ပီသမှု) [ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မျိုးမြတ်သူ] (အပိုင်း-၂)

✱ **သမားရိုးကျမှ**

ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အသင်းသားများ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ သမဝါယမဝန်ကြီးဌာန အစီအမံဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ပြည်နယ်အတွင်းက လက်လှမ်းမီနိုင်ရာ ပြည်သူလူထုများအတွက် လာရောက်ပံ့ပိုးကူညီသည့် အစီအစဉ်ဖြစ်ပါကြောင်း။

CB ဘဏ်နှင့် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး အရစ်ကျပံ့ပိုးပေးသည့် လယ်ယာနှင့် လုပ်ငန်းသုံး စက်ကိရိယာများ ပံ့ပိုးပေးအပ်စဉ်။ (သတင်းစဉ်)

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား ပေါင်းစုံ နေထိုင်ပြီး သဘာဝသယံဇာတ ပေါများကြွယ်ဝသော်ငြား အတိတ်က အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲ တွင်းနက်သည့် နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ [illegible] မြန်မာနိုင်ငံ၏ ဆင်းရဲမှုသည် ၂၆ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း။

ရရှိလာသည့်စစ်တမ်းများအရ ကျေးလက်နေပြည်သူများ ဆင်းရဲ သကဲ့သို့ မြို့ပြနေလူထုလူတန်းစားအစိတ်အပိုင်းတစ်ခုဖြစ်သည့် တစ်နေ့ လုပ် တစ်နေ့စား အခြေခံလူတန်းစားများသည်လည်း စားဝတ်နေရေးဒုက္ခနှင့် နေ့စဉ် ရုန်းကန်လှုပ်ရှားနေကြရပါကြောင်း။

ထို့အတွက် နိုင်ငံတကာနှင့်ယှဉ်ယှဉ်ပြီး စောင့်ကြည့်နေရသည့် ထို ၂၆ ရာခိုင်နှုန်းရှိသည့် ဆင်းရဲနွမ်းပါးမှု လျော့ကျသွားစေရန်၊ လက်တွေ့ပြည်သူ လူထုအတွင်း လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ နေ့စဉ်ကြုံတွေ့နေရသည့် စားဝတ်နေရေး ပြေလည်နိုင်စေရန်၊ မိမိဘဝအတွက် မိမိခြေထောက်ပေါ် ရပ်တည်နေနိုင်အောင်ဟူသည့် ရည်ရွယ်ချက်ဖြင့် တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် တစ်လှမ်းချင်းစီစဉ်ဆောင်ရွက်ပေးရာ၌ ယနေ့တွင် ရှမ်းပြည်နယ် ပြည်သူလူထုအတွက် လာရောက်ပြီး ယခုကဲ့သို့ အခမ်းအနားဖြင့် ထောက်ပံ့ကူညီပံ့ပိုးပေးနေတာဖြစ်ပါကြောင်း။

အထက်တွင်ဖော်ပြခဲ့ပြီးသည့် အကြောင်းကြောင်းကြောင့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသည့်အထဲတွင် လယ်ယာလုပ်ငန်းကိုသာ အဓိကအားထားကြရသည့် ကျေးလက်နေပြည်သူအားလုံးနီးပါးတို့သည် မိရိုးဖလာနည်းလမ်းနှင့်ပင် စိုက်ပျိုးလုပ်ကိုင်နေကြသည်ကို တွေ့ရပါကြောင်း၊ သမားရိုးကျရိတ်သိမ်းခြွေလှေ့ သယ်ယူပို့ဆောင်၊ ကြိတ်ခွဲနေခြင်းအားဖြင့် မိသားစုလူဦးရေတိုးပွားလာသော်လည်း လယ်ယာထွက်ကုန် တိုးပွားနိုင်ခြင်းမရှိသည့်အတွက် ဝင်ငွေနည်း ဆင်းရဲမြဲ ဆင်းရဲနေကြရသည့်ဘဝသို့ ရောက်ရှိနေကြခြင်းဖြစ်ပါကြောင်း။

ထို့အပြင် တစ်ပိုင်တစ်နိုင်လုပ်ငန်းအောင်မြင်နေကြသူများအဖို့လည်း မိမိတို့လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်အောင် သမဝါယမအသေးစား ငွေကြေးလုပ်ငန်းနှင့် သက်သာသည့် အတိုးနှုန်းချေးငွေများကိုလည်း ထုတ်ချေးသွားမည်ဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးသည့် ဒုက္ခဒဏ်မျိုးစုံ ခံစားနေကြရသည့် အခြေခံလူတန်းစားများအတွက် လူမှုစီးပွားဘဝ တိုးတက်မှုရရှိအောင် နိုင်ငံတော်ဘက်က တတ်နိုင်သည့်ဘက်မှ ကူညီထောက်ပံ့နေသကဲ့သို့ ရရှိကြသူပြည်သူများအနေဖြင့်လည်း မိမိရရှိသည့်ချေးငွေဖြင့် စက်ပစ္စည်းများကို မှန်မှန်ကန်ကန် လုံ့လဝီရိယရှိရှိဖြင့် အသုံးပြုကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် သတ်မှတ်ကာလရောက်သည့်အခါတွင် ချေးငွေထဲမှ အရစ်ကျဆပ်ငွေများကို အချိန်မှန်ပြန်လည်ပေးဆပ်နိုင်အောင်၊ အဟောင်းပေး၊ အသစ်ယူ တာဝန်ကျေပွန်အောင် လိုက်နာဆောင်ရွက်သွားကြရန်လည်း အရေးကြီးကြောင်းကိုသိရှိစေလိုပါကြောင်း၊ နိုင်ငံတော်မှ သမဝါယမဝန်ကြီး ဌာန အစီအစဉ်ဖြင့် အရင်းအနှီးလိုအပ်နေသည့် ပြည်သူများကိုထုတ်ချေးပေး နေသည်ဆိုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာတော်ငွေအင်အားတစ်ခုတည်းဖြင့် အားလုံးကိုထုတ်ချေးပေးနိုင်စွမ်း မရှိသေးတာ အမှန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ထုတ်ချေးပေးသည့်အပိုင်းရှိသလို နိုင်ငံတကာရင်းနှီးသည့် မိတ်ဆွေနိုင်ငံများမှ အတိုးနှုန်းတစ်ခုဖြင့်သတ်မှတ်ပြီး အကူအညီ ရယူထား [illegible] အဟောင်းပေးအသစ်ယူစနစ်များဖြင့် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ကို သိရှိစေလိုပါကြောင်း၊ လက်ရှိနိုင်ငံ၏ ဆင်းရဲမှုနှုန်းဖြစ်သည့် ၂၆ ရာခိုင်နှုန်းသော ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို ချေဖျက်နိုင်မှသာ မြန်မာ နိုင်ငံသည် ကမ္ဘာ့ဆင်းရဲနိုင်ငံအဖြစ်မှ ကျော်လွန်လွတ်မြောက်နိုင်ပြီး ထိုမှ တစ်ဆင့် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်ကို ရောက် ရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့အတွက် ယနေ့အခမ်းအနားကို တက်ရောက်ကြသည့် အနယ်နယ် အရပ်ရပ်မှ မိဘပြည်သူများ၊ ကျေးလက်/မြို့ပြ သမဝါယမအသင်းသားများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူထုလူတန်းစားအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အောင်မြင်အောင် ပါဝင်ကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သမဝါယမဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်၏လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဦးတည်ချက် (၂)ရပ်နှင့်လုပ်ငန်းစဉ် (၅)ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက် ဆောင်းသီးနှံ အသေးစားချေးငွေ ကျပ်သိန်း ပေါင်း ၁၄၇၈၂ ဒသမ ၄၃ သိန်းကို ထုတ်ချေးသွားမည်ဖြစ်ပြီး တန်ဖိုးကျပ်သိန်း ပေါင်း ၁၇၉၉၇ ဒသမ ၄ သိန်းရှိသော လယ်ထွန်စက်အပါအဝင် လယ်ယာသုံး စက်ကိရိယာပေါင်း ၉၂၆ မျိုးကို အရစ်ကျ ငွေချေးစနစ်ဖြင့် ရောင်းချပေးမည် ဖြစ်ပါကြောင်း၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၄၁၇ ဒသမ ၈ သိန်းရှိသည့် အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၃၄၀ မျိုးကိုလည်း အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါ ကြောင်း၊ အလားတူ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ကျေးလက် ပြည်သူများအတွက် ဆောင်းသီးနှံအသေးစားချေးငွေ ကျပ်သိန်းပေါင်း ၅၀၁၁၇ ဒသမ ၉၄ သိန်းကိုလည်း ယခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ချေး ပြီးဖြစ်ပါကြောင်း။

ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး အရင်းအနှီးချေးငွေလုပ်ငန်းကို ယခုနှစ် ကုန်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင် တိုးချဲ့ ဆောင်ရွက်သွားရန်လည်း မျှော်မှန်းထားပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ယခု ထုတ်ချေးသည့် ချေးငွေများကို အတိုးနှုန်း လျှော့ချပြီး တစ်ကျပ်ငါးဆယ်ပြားနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ သို့သော် ယခင်ချေးထားသည့် ချေးငွေများအတွက်ကိုမူ ယခင် အတိုးနှုန်းနှစ်ကျပ်ခွဲနှုန်းဖြင့်သာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ထို အတိုးနှုန်းများ လျှော့ချနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းစသည်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်ဒေသ ဖွံ့ဖြိုး ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ကျယ်ပြန့်စွာ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးဆောင်ရွက်ချက် များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက Set Top Box များ ထောက်ပံ့ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ရာ ငွေစုငွေချေးသမဝါယမအသင်းများမှ တာဝန်ရှိသူများက တက်ရောက်လက်ခံ ရယူကြသည်။

ယင်းနောက် CB ဘဏ်နှင့် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အရစ်ကျပံ့ပိုးပေးသည့် လယ်ယာနှင့်လုပ်ငန်းသုံး စက်ကိရိယာများ ပံ့ပိုးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးထပ်ဆင့်လွှင့်စက်ရုံမှထုတ်လွှင့်လျက်ရှိသည့် ဒစ်ဂျစ်တယ်ရုပ် သံလိုင်းများကို ရုပ်သံလွှင့်ဧရိယာအတွင်း ဖမ်းယူကြည့်ရှုနိုင်ရန် Set Top Box အလုံးရေ ၁၈၀၂၂ လုံးကို အခမဲ့ပေးအပ်ထောက်ပံ့ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လက်ခံသည်။

ထို့နောက် ယနေ့ထောက်ပံ့ထုတ်ချေးငွေများ ရရှိမှုနှင့်ပတ်သက်၍ အသင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်း အနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် ကာ ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင် ခြောက်ခရိုင်၊ မြို့နယ် ၂၀ မြို့နယ်၊ အခြေခံ သမဝါယမအသင်း ၂၁၃ သင်း၊ အသင်းသားဦးရေ ၁၄၃၁၉ ဦးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ပံ့ပိုးထုတ်ချေးငွေများအပါအဝင် လယ်ယာသုံးစက်ကိရိယာနှင့် လုပ်ငန်းသုံးစက်ကိရိယာ စုစုပေါင်း ၁၂၆၆ မျိုးတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၉၄၁၅ ဒသမ ၂ သိန်း ပံ့ပိုးပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပနေမှုကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပါတီအဖွဲ့ဝင် ၁၁၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီအဖွဲ့ဝင် ၁၀၂ ဦးတို့သည် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမများနှင့် လွှတ်တော် အဆောက်အအုံများအား (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင် ၁၅၄ ဦးတို့သည်လည်းကောင်း လာရောက်လေ့လာကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✱ **စာမျက်နှာ ၆ မှ**

စာမေးပွဲစနစ်

မြန်မာနှင့် နိုင်ငံအများစုတို့တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့်ပြီးမြောက်ကြောင်း စာမေးပွဲများရှိပါသည်။ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင် နိုင်ငံတကာအဆင့် စာမေးပွဲများမရှိပေ။ ကျန်နိုင်ငံများတွင် နိုင်ငံတကာအဆင့်စာမေးပွဲများ (PISA, TIMSS) ရှိပါသည်။ နိုင်ငံတိုင်းတွင် နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်စာမေးပွဲ ရှိပါသည်။

ဆရာအတတ်ပညာရေးလုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး

မြန်မာနှင့် လာအိုနိုင်ငံတို့တွင် မူလတန်းဆရာအတတ်ပညာ သင်တန်းကာလသည် တစ်နှစ်ဖြစ်၍ ကျန်နိုင်ငံများတွင် နှစ်နှစ်ဖြစ်ပါသည်။ မြန်မာနှင့် နိုင်ငံအများစုတွင် အလယ်တန်းဆရာအတတ်သင်တန်း ကာလသည် နှစ်နှစ်ဖြစ်၍ ဗီယက်နမ်၊ တရုတ်နှင့် ဂျာမနီနိုင်ငံတို့တွင် သုံး၊ လေးနှစ်ဖြစ်ပါသည်။ မြန်မာနှင့် နိုင်ငံအများစုတွင် အထက်တန်း ဆရာအတတ်သင်တန်းကာလသည် လေး၊ ငါးနှစ်ဖြစ်ပါသည်။ လာအိုနှင့် ကမ္ဘောဒီးယားမှလွဲ၍ နိုင်ငံအများစုတွင် မဟာပညာရေးဘွဲ့၊ ပညာရေး ပါရဂူဘွဲ့သင်တန်းများရှိပါသည်။ နိုင်ငံတိုင်းတွင် လုပ်ငန်းခွင်သင်တန်း များရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ကျောင်းပြင်ပ ပညာရေး

မြန်မာအပါအဝင် ၁၀ နိုင်ငံတွင် ကျောင်းပြင်ပပညာရေးဌာန သီးခြားမရှိပါ။ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တောင်ကိုရီး ယား၊ ရုရှား၊ ဂျာမနီနှင့် ဘရာဇီးနိုင်ငံတို့တွင် ကျောင်းပြင်ပ ပညာရေးဌာန များရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် ၁၂ နိုင်ငံတို့တွင် မူလတန်း ပညာရေးနှင့် ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်များ ရှိပါသည်။ မြန်မာနိုင်ငံမှလွဲ၍ ကျန်သော ၁၁ နိုင်ငံအများစုတို့တွင် ကျောင်းပြင်ပ အလယ်တန်း/အထက်တန်း/အဆင့်မြင့်ပညာရေး တန်းညှိအစီအစဉ်များရှိပါသည်။

အထူးပညာရေး

အထူးပညာရေးတွင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာန များက တာဝန်ယူဆောင်ရွက်ပါသည်။ ကျန်သော နိုင်ငံများတွင် ပညာရေးဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်ပါသည်။ နိုင်ငံ အများစုတွင် အထူးကျောင်းများနှင့် ပုံမှန်ကျောင်းများ၌ သင်ကြား ပို့ချပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး

မြန်မာနိုင်ငံထက် ကျန်နိုင်ငံများ၌ နည်းပညာနှင့် သက်မွေး အလယ်တန်း/အထက်တန်းကျောင်းသင်ယူခွင့် ပိုမိုရှိပါသည်။ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ပညာရေးဝန်ကြီးဌာနမဟုတ်သော ဝန်ကြီး ဌာနများက နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးကို တာဝန်ယူ စီမံဆောင်ရွက်ပါသည်။ ထိုင်းနှင့် အခြားခုနစ်နိုင်ငံတို့တွင် ပညာရေး ဝန်ကြီးဌာနကသာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကို တာဝန်ယူစီမံဆောင်ရွက်ပါသည်။ လာအို၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့တွင် ပညာရေး ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကို တာဝန်ယူစီမံဆောင်ရွက်ပါသည်။

အလယ်တန်း

စင်ကာပူ၊ တရုတ်၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် နည်းပညာနှင့် သက်မွေးအလယ်တန်းကျောင်းများ ရှိပါသည်။

အထက်တန်း

ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဂျာမနီ၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ ရုရှား၊ ဘရာဇီး၊ ထိုင်းနှင့် အမေရိကန်တို့တွင် နည်းပညာနှင့် သက်မွေးအထက်တန်း ကျောင်းများ ရှိပါသည်။ နည်းပညာနှင့် သက်မွေးအလယ်တန်း/အထက် တန်းကျောင်းများနှင့် ပုံမှန်ကျောင်းများ၏ သက်ဆိုင်ရာကျောင်း ပညာသင်ကာလ (Schooling Year)များ တူညီ၍ တန်းညှိအစီအစဉ်ဖြင့် ပေါင်းကူးသင်ကြားနိုင်ပါသည်။ မြန်မာ၊ ထိုင်း၊ တောင်ကိုရီးယား၊ တရုတ်၊ ရုရှား၊ ဂျာမနီ၊ အမေရိကန်၊ အင်္ဂလန်နှင့် အိန္ဒိယနိုင်ငံတို့တွင် နည်း ပညာနှင့် သက်မွေးပညာရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းထားပါသည်။

အဆင့်မြင့်ပညာရေး

မြန်မာ၊ အင်ဒိုနီးရှား၊ ရုရှားနှင့် ဩစတြေးလျနိုင်ငံများတွင် အဆင့်မြင့်ပညာရေးကို ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ပြီး ကျန်နိုင်ငံများတွင် ပညာရေးဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်ပါသည်။

အရည်အသွေးအာမခံမှုစနစ်

မြန်မာနိုင်ငံမှလွဲ၍ ကျန်နိုင်ငံအများစုတွင် အရည်အသွေး အာမခံမှုစနစ်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း တင်ပြအပ်ပါ သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၅

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ် ဒုတိယဥက္ကဋ္ဌ ဥပဒေပါမောက္ခ Aikyo Masanori ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်၌ကျင်းပမည့် အသိအမြင်အတွေ့အကြုံများ အပြန်အလှန် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်နှင့် ဦးမျိုးချစ်တို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာန မြန်မာနိုင်ငံဆိုင်ရာ အကြီးတန်းအကြံပေး Ms.Judith Cefkin နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးစဉ်။ (သတင်းစဉ်)

Telenor လိုင်စင်ရရှိပြီး ရှစ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကမ္ဘာ့အဆင့်မီ မိုဘိုင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရန် အတွက် ရွေးချယ်ထားပြီးဖြစ်သည့် Telenor Myanmar Limited နှင့် ဆက်သွယ်ရေးနှင့် သတင်းအချက် အလက် နည်းပညာဝန်ကြီးဌာနတို့၏ Nationwide Telecommunications Licence လက်မှတ်ရေးထိုးပွဲ အခမ်း အနားကို ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် နည်းပညာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပ သည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်း၊ ဦးမြတ်ဟိန်းနှင့် ဒေါက်တာကံဇော်၊ ပြည်သူ့ လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ် ရေးနှင့် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ ဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E.Ann Ollestad၊ Telenor Asia ဥက္ကဋ္ဌ Mr.Sigve Brekke၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ Telenor Myanmar Limited မှ CEO Mr.Petter Furberg နှင့် ဝန်ထမ်းများ၊ ဖိတ် ကြားထားသော ဧည့်သည်တော် များနှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးမြတ်ဟိန်းက အမှာစကား ပြောကြားပြီး Telenor Asia ဥက္ကဋ္ဌ Mr.Sigve Brekke က နှုတ်ခွန်း ဆက်စကား ပြောကြားသည်။

ဆက်လက်၍ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကျင်းပရာ ဆက် သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနကိုယ်စား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင် သက်နှင့် Telenor Myanmar Limited ကိုယ်စား Telenor Myanmar Limited မှ CEO Mr. Petter Furberg တို့က လက်မှတ် ရေးထိုးကြသည်။**(အောက်ဝဲပုံ)**

ထို့နောက် Telenor Myanmar Limited ၏ CEO Mr.Petter Furberg က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

Telenor Myanmar Limited သည် လိုင်စင်ရရှိပြီးနောက် ရှစ်လ အတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကမ္ဘာ့အဆင့်မီ မိုဘိုင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု များ ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီတိုးတက်သော နည်းပညာ များဖြင့် မိုဘိုင်းကွန်ရက်ကို တည် ဆောက်ကာ မိုဘိုင်း penetration rate သိသိသာသာ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် voice and data ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေရှိ မူကြိုကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား ဇန်နဝါရီ ၃ ရက် ညနေ ပိုင်းတွင် နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်မှ ပါမောက္ခ Mr.Espen Bjertness ဦးဆောင်သောအဖွဲ့သည် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံစဉ် ဝန်ကြီး ဌာနမှ ဆောင်ရွက်နေသည့် လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရန်ကုန်မြို့တွင် မြန်မာ့လူမှုရေးသိပ္ပံဆိုင်ရာတက္ကသိုလ် တည်ထောင်ရန် အစီအစဉ်နှင့် ဟသ်ာတမြို့တွင် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းဌာန တည်ထောင်ရန် အစီအစဉ်ကိစ္စရပ်များ၊ အဆိုပါတက္ကသိုလ်နှင့် သင်တန်း ဌာနများနှင့်သက်ဆိုင်သော သင်ရိုးညွှန်းတမ်း၊ ကျွမ်း ကျင်သူပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များအတွက် နည်း ပညာအကူအညီများ ပေးအပ်နိုင်ရေးတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ မြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ရင်သွေးရတနာမူကြိုကျောင်း စုပေါင်းခန်းမ၌ ကလေးသူငယ်များကို ရှေးဦးကလေး သူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး နည်းစနစ်နှင့်အညီ နည်းလမ်းမှန်ကန်စွာ ပြုစုလေ့ကျင့် ပျိုးထောင်လျက်ရှိသည့်အတွင်း သင်ယူမှုနေရာများ၊ စာဖတ်သင်ယူရန်နေရာ၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် ကစား ရန်နေရာ၊ ဂီတပစ္စည်းများနှင့် သင်ယူရန်နေရာ၊ အတု လုပ်တန်းကစားရန်နေရာ၊ တည်ဆောက်ကစားရန် နေရာနှင့် အပြင်သင်ယူမှုနေရာများဖြစ်သော လှုပ်လှုပ် ရှားရှားကစားရန်နေရာ၊ သိပ္ပံနည်းဖြင့် ကစားရန်နေရာ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ဓနသိဒ္ဓိရပ်ကွက် တော်ဝင်ရတနာ မူကြိုကျောင်းသို့ ရောက်ရှိပြီး အတွင်းသင်ယူမှုနေရာ များနှင့် အပြင်သင်ယူမှုနေရာများကို ကြည့်ရှုစစ်ဆေးကာ ကလေးသူငယ်များ၏ တစ်ကိုယ်ရည်သန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်နေမှု၊ ပျော်ရွှင်လွတ်လပ်စွာ ဆော့ကစား နေမှု၊ အိပ်စက်အနားယူနေမှုနှင့် ကျန်းမာရေးညီညွတ် အောင် အာဟာရချက်ပြုတ်ကျွေးမွေးနေမှုတို့အတွက် မှာကြားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိရပ်ကွက် နန်းထိုက်ရတနာ မူကြိုကျောင်း၌ အတွင်းသင်ယူမှုနေရာများနှင့် အပြင် သင်ယူမှုနေရာများဖြစ်သော ရေနှင့် ကစားရန်နေရာ၊ သဲနှင့် ကစားရန်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) (၂၆)ရပ်ကွက် အောင်ဇေယျလမ်းရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်(သင်ကြား) ဦးဇော်ဌေး၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများနှင့်အတူ ၂၀၁၃-၂၀၁၄ ပညာသင် နှစ်တွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနအသီးသီးရှိ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများနှင့် လက်တွေ့သင်ကြား နေခြင်းများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်ကုန်းမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေး နေပြည်တော်ကောင်စီဝင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅။ ။နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ပုဗ္ဗသီရိမြို့ပတ်လမ်းမှ တံခွန်တိုင်ကျေးရွာ အမကကျောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် သပြေတန်းကျေးရွာမှ မွေးမြူရေးဇုန်လမ်း မြေသားလုပ်ငန်းနှင့် ရိစာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုကော်မတီနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများအား တွေ့ဆုံခဲ့ပြီး တပ်ကုန်းမြို့နယ်အတွင်း ယခုဘဏ္ဍာရေးနှစ် မကုန်မီ ကျပ်သိန်း ၂၈၃၇ ဒသမ ၄၀ အကုန်အကျခံ၍ ကျေးရွာလမ်းများအဆင့်မြှင့် တင်ရေးဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံလူထုက ပူးပေါင်းကူညီပါဝင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် တောင်သူပညာပေးစိုက်ခင်းများ ရှင်းလင်းပြသ

နေပြည်တော် ဖေဖော်ဝါရီ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း ဦးဆောင်သော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေ ဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးစိုင်းတင့်အောင်နှင့် အတွင်းရေးမှူး ဦးသိန်းဌေး၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တို့ရှိ ဟိုတယ်ဇုန်များမှ ဟိုတယ်ပိုင်ရှင်များ၊ ဟိုတယ်မန်နေဂျာများ စုစုပေါင်း ၆၂ ဦးတို့အား တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စိုက်ပျိုးပြသထားသည့် ဥတ္တရ သီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက် တစ်စပ်တည်း ဧက ၉၀၀ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တောင်သူပညာပေး စိုက်ကွင်းမှဲ့ဦးအနီး၌ ရင်းနှီးစွာ တွေ့ဆုံ၍ စားသုံးမှုဘေးအန္တရာယ်ကင်းရှင်းရေး ရာနှုန်း ပြည့်စိတ်ချရသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများကို လာရောက်လေ့လာကြသည့်အတွက် ဝမ်းမြောက်ကြောင်း။

ဟိုတယ်များ၏ နေ့စဉ်လိုအပ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဤစိုက်ကွင်းမှ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်ဖြည့်ဆည်းပေးရန် အသင့်ရှိနေပါကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့်စိတ်ချယုံကြည်စွာ စားသုံး နိုင်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တောင်သူများအနေဖြင့် အားကြိုးမာန်တက် စိုက်ပျိုး ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း။

ဤစိုက်ကွင်းများသို့ နိုင်ငံခြားဧည့်သည်များ လာ ရောက်လေ့လာသည့်အစီအစဉ်များကို ဆောင်ရွက်ပေးနိုင် ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွဲဆောင်မှုတစ်ရပ်၊ စိတ်ဝင်စားဖွယ်ရာကဏ္ဍတစ်ရပ်အား ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေး အဖွဲ့ဝင်များသည် မုခ်ဦးအနီး စိုက်ကွင်း၌ ဖြစ်ထွန်း အောင်မြင်နေသော အော်ဂဲနစ်သဘော်စိုက်ခင်း၊ ဆယ့်နှစ်ရာသီ ငရုတ်ပဒေသာစိုက်ခင်း၊ ခရမ်း၊ ကြက်သွန်နီ၊ မုန်ညင်း၊ မုန်လာ၊ ဆလတ်စိုက်ခင်းများ၏ ဖြစ်ထွန်း အောင်မြင်မှုများ၊ နာနတ်စိုက်ခင်း၊ သစ်သီးဝလံနှင့် ဟင်း သီးဟင်းရွက် အမယ်စုံ ပျိုးဥယျာဉ်တို့ကို ကြည့်ရှုလေ့လာ ကြသည်။

ဆက်လက်၍ ဂျပန်မူရင်းမျိုးနှင့် မြန်မာမူရင်းမျိုး ရွှေဖရုံသီးစိုက်ခင်းများကို သိပ္ပံနည်းကျ စင်တင်နည်းစနစ် ဖြင့် စိုက်ပျိုးထားရှိမှုများ၊ မြန်မာ့စိုက်ပျိုးရေးပညာရှင်များ ကိုယ်တိုင်မျိုးစပ်စိုက်ပျိုးထားသည့် ကျောက်စိမ်းသခွားမွှေး စိုက်ခင်းများ၊ ရွှေသခွားမွှေးစိုက်ခင်းများတွင် ခေတ်မီတိုင် ထောင်နည်းစနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းနေမှုများ၊ သခွားမွှေး စပ်မျိုး မျိုးစေ့ထုတ်စိုက်ခင်းများ၊ စပ်မျိုးခရမ်းသီး စိုက်ခင်း များ၊ နိုင်ငံခြားဈေးကွက်ဝင် ကညွတ်သီးနှံစိုက်ခင်း၊ ဖရဲသီး အဝါမျိုးနှင့် အနီမျိုးစိုက်ခင်း၊ ကြက်ဟင်းခါးသီးစိုက်ခင်းနှင့် စီးပွားဖြစ် ကညွတ်သီးနှံစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေ သည့် တစ်ဆက်တစ်စပ်တည်း ဧက ၁၅၀ စိုက်ခင်းတို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပိုက်ကွန်စနစ် (Net House) ဖြင့် ဟင်းသီးဟင်းရွက်အမယ်စုံ ၂၄ မျိုးအား ခေတ်မီရေဖျန်း နည်းစနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များ အတွက် နေ့စဉ်လိုအပ်သော ဓာတုကင်းလွတ်အော်ဂဲနစ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဤပိုက်ကွန်စနစ် (Net House)များဖြင့် စနစ်တကျခေတ်မီနည်းပညာများ အသုံးချကာ တိုးချဲ့စိုက်ပျိုး၍ ဟိုတယ်များ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်အစီအစဉ်များကို ဆွေးနွေးသည်။

ထို့နောက် အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ၌ မြန်မာ့လယ်ယာထွက်ကုန်များကို ခေတ်မီ စက်ကြီးများဖြင့် စံချိန်စံညွှန်းမီစွာ သန့်စင်ဆေးကြောပြီး အအေးခန်းတွင် သိုလှောင်ကာ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးဆောင်ရွက်ထားရှိမှုများကို လေ့လာကြရာ စက်ရုံပညာရှင်များက သိရှိလိုသည်များကို ဖြေကြားကြ သည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ချိုင်းကျေးရွာအနီး၌ ဂျပန်နှင့်ကိုရီးယားစားသုံးသူတို့၏ နှစ်သက်စွာတောင်းဆိုမှု နှင့် လိုအပ်ချက်ကြီးမားမှုတို့ကြောင့် စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေးအတွက် မျိုးသန့်မျိုးပွား စိုက်ပျိုးထားသော ပိန်းဥစိုက်ခင်း၏ဖြစ်ထွန်းအောင်မြင်နေမှု များကိုလည်းကောင်း၊ ပေါင်းစည်းလယ်ယာစိုက်ပျိုးနည်း စနစ်အရ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ထား သည့် နွားမွေးမြူရေးခြံ၊ ငှက်ပျောသီးမျိုးစိတ်မျိုးကွဲအမျိုး မျိုးစိုက်ခင်း၊ စပါးအအေးခန်းစနစ် သုတေသနဆောင်ရွက်မှု၊ တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းအောင်မြင်နေသော အစေ့ စားနေကြာစိုက်ခင်းများနှင့် ခေတ်မီနည်းစနစ်ဖြင့် စပါး သီးနှံ၊ အခြားသီးနှံအမယ်စုံများကို သိုလှောင်ထားသော မျိုးစေ့သိုလှောင်ရုံတို့ကို လည်းကောင်း၊ ဂျပန်မူရင်းမျိုး ကန်စွန်းဥမျိုးသန့်မျိုးပွားစိုက်ခင်းများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု ဝန်ကြီးက လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့အား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနား မြို့နယ် အလျင်လိုကျေးရွာ ငလိုက်ဆည်ရေသောက်စနစ်၊ စက်မှုလယ်ယာမြေစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ခင်းသို့ရောက်ရှိပြီး နွေစပါးစိုက်ပျိုးရန် စက်မှု လယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများဖြင့်ထွန်ယက်နေမှု များကို ကြည့်ရှုအားပေး၍ အချိန်မီအချိန်ကိုက်ပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားပြီး စိုက်ခင်း အနီး၌ တောင်သူပညာပေးစံနမူနာပြ ရွှေ့ပြောင်းစိုက်ပျိုးပြသ ထားသော ပိန်းကြက်ဥစိုက်ခင်းကို ကြည့်ရှုကာစိုက်ပျိုးလိုသူ တောင်သူများထံ မျိုးကောင်းမျိုးသန့်များ လက်ဝယ် အရောက်ဖြန့်ဖြူးဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်အား ယူနက်စကို မြန်မာရုံးမှ Mr.Sardar Umar Alam တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပညာရေးဝန်ကြီးဌာန ခေတ္တ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးမြင့်အား ယူနက်စကို မြန်မာရုံးမှ Head of Officer ဖြစ်သူ Mr.Sardar Umar Alam သည် ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီတွင် ပညာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပညာရေး ဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် ရန်ကုန်မြို့တွင် Consolidation of Higher Education Institutions Workshop ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလာလား[၁/မကန(နိုင်)၀၀၀၂၆၇]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉၄၃၀၂၂၄၇၃



ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာ အမှတ်(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ၂၀၁၂ ခုနှစ်က ဂျပန်နိုင်ငံအစိုးရမှ ၎င်း၏အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၀၅၈၄၅ ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကန်တော်ကျေးရွာနှင့် အနီးဝန်းကျင် ၁၀ ရွာမှ စီးပွားရေးအင်အားနည်းသော ကျေးရွာသူ ကျေးရွာသားများ၏သားသမီးများ အဓိကတက်ရောက် ပညာသင်ကြားလျက်ရှိပြီး ကျောင်းသားဦးရေ ၅၅၀ ခန့် ရှိသည်။

ကန်တော်ကျေးရွာတွင် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားများတိုးပွားလာသော်လည်း ကောင်းမွန်သောစာသင်ဆောင်မရှိဘဲ ဘုန်းတော်ကြီးကျောင်း၏ သာသနာ့အဆောင်များကို စာသင်ခန်းများအဖြစ်အသုံးပြုကာ စာသင်ကြားနေရသည့်အခြေအနေများဖြစ်ပေါ်လျက်ရှိသဖြင့် ဂျပန်အစိုးရမှ ၎င်း၏အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ စာသင်ခန်း ရှစ်ခန်းပါဝင်သော သံကူကွန်ကရစ်နှစ်ထပ်ကျောင်းဆောင်နှင့် ကျောင်းသုံးပရိဘောဂများကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်အစိုးရသည် အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်ဖြင့် အမျိုးမျိုးသောစီမံကိန်းများကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ၁၉၉၃ ခုနှစ်မှစတင်ကာ စာသင်ကျောင်းပေါင်း ၂၇၉ ကျောင်းကို ဆောက်လုပ်ကူညီထောက်ပံ့ပေးခဲ့ပြီး

ဖြစ်သည်။ ယခုပေးအပ်ခဲ့သော အထောက်အပံ့သည် ကန်တော်ကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျောင်းသား ကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော ပညာသင်ကြားမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေပြီး မြန်မာ-ဂျပန်ချစ်ကြည်ရေး ပိုမိုတိုးတက်လာရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲနှင့် လွှဲပြောင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Sachio OTAKI၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွန့်၊ ဆရာတော်နှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

(ကြေးမုံ)

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီးဦးတင်ငွေ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ငွေသည် ဖေဖော်ဝါရီ ၁ ရက်တွင် ဝက်လက်မြို့နယ် ပေါက်ကန်ကျေးရွာ၌ ထန်းကြီးကျေးရွာ၊ ဘူးဘကန်ကျေးရွာ၊ ကူကောင်းကျေးရွာ၊ ညောင်ပင်ကြီးတောကျေးရွာများမှ ဒေသခံများနှင့်လည်းကောင်း၊ ဝက်လက်မြို့နယ် ရွာနန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျေးရွာသူ ကျေးရွာသားများနှင့်လည်းကောင်း တွေ့ဆုံပြီး ကျေးရွာများ၏ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆိုလာမီးအိမ်၊ လွယ်အိတ်၊ ဦးထုပ်၊ ပြက္ခဒိန်၊ ကျောင်းသုံးဗလာစာအုပ်များ လက်ဆောင်ပေးအပ်သည်။

ဝက်လက်မြို့မဈေး၌ ဖေဖော်ဝါရီ ၂ ရက်တွင် ဈေးသူ ဈေးသားများက ဈေးဆိုင်ခန်းများ ပြုပြင်ဆောက်လုပ်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးယူခွင့်ရရှိရေး တင်ပြကြရာ ဒုတိယဝန်ကြီးက ငွေချေးယူနိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေပန်းကုန်းကျေးရွာအုပ်စု အထက်တန်းကျောင်း၌ ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ပေးရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ၊ မွေးမြူရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တစ်ပြည်လုံးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နွေစပါးစိုက်ပျိုးရန် မမြဆည်မှ ရေများပို့လွှတ်ပေး

မြန်အောင် ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြင်ဝါးတောင်ကျေးရွာအုပ်စုရှိ မမြဆည်မှ နှစ်စဉ်နွေစပါးစိုက်ပျိုးရန်အတွက် ဆည်ရေများပေးဝေလျက်ရှိသည်။ **(ဓါတ်ပုံ)**

ယခုနှစ်အတွင်း နွေစပါးစိုက်ပျိုးရန်အတွက် နွေစပါးစိုက်ပျိုးမြေဧကတစ်သောင်းအား ဆည်ရေများပေးဝေနေမှုကို ဖေဖော်ဝါရီ ၁ ရက်က တွေ့မြင်ခဲ့ရသည်။ ယခုနှစ်သည် တောင်သူများအတွက် စပါးပေါ်ဦးကတည်းက ဈေးကောင်းခဲ့သဖြင့် မိုးစပါးရောင်းချရာတွင် အဆင်ပြေခဲ့ပြီး ယခုအခါဆည်ရေများဖြင့် နွေစပါး ထပ်မံစိုက်ပျိုးရမည်ဖြစ်ရာ တောင်သူများသည် နွေစပါးလည်း ဈေးကောင်းမည့်အရေး မျှော်တွေးရင်း စပါးအထွက်နှုန်း ကောင်းသောနည်းစနစ်များကို အသုံးချကာ စိုက်ပျိုးလျက်ရှိသည် ကိုလည်း တွေ့မြင်ခဲ့ရသည်။

နေဝင်းဇော်(မြန်အောင်)



တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ငှားရမ်းထားသည့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင်ရှိသော ဝဇီရာရုပ်ရှင်ရုံ(၁)နှင့် လှိုင်သာယာမြို့နယ်တွင်ရှိသော ဝဇီရာရုပ်ရှင်ရုံ(၂)တွင် DCP(DIGITAL CINEMA PACKAGE)ရုပ်ရှင်ပြစက်စနစ် ပြောင်းလဲတပ်ဆင်မည်ဖြစ်ပါသည်။

အဆိုပါ ရုပ်ရှင်ရုံနှစ်ရုံအတွက် အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသူများ ၆-၃-၂၀၁၄ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

လိုအပ်သောပစ္စည်းများ

(၁) DCP ပြစက် 2k (သို့) 4k နှစ်လုံး + ဆက်စပ်ပစ္စည်း + တပ်ဆင်ခ

(၂) Audio 5.1 (သို့) 7.1 နှစ်လုံး + ဆက်စပ်ပစ္စည်း + တပ်ဆင်ခ

(၃) မီးအားထိန်းညှိစက်နှစ်လုံး + ဆက်စပ်ပစ္စည်း + တပ်ဆင်ခ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော လုံးချင်းတိုက်/တိုက်ခန်း ဝယ်ယူခွင့်ရရှိသူများမှ ငွေအကျေပေးသွင်းရန် အသိပေးကြေညာချက်

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချထားခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ လုံးချင်းတိုက်၊ တိုက်ခန်းများကို ဝယ်ယူထားသူအချို့သည် ငွေပေးသွင်းရမည့် သတ်မှတ်ကာလထက်များစွာ ကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(၅၀၂၊ ၅၀၃)၊ တိုက်အမှတ်(B)၊ အခန်းအမှတ်(၀၀၁)

(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ Rose Park(5)၊ ရွှေပင်လုံအိမ်ရာ လုံးချင်းတိုက်အမှတ်(2G၊ 6H)

(ဂ) သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ တိုက်(၂၂)၊ အခန်းအမှတ်(၀၀၁)

(ဃ) အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၂၈)၊ အခန်းအမှတ်(၄၀၁)

(င) မြောက်ဥက္ကလာပမြို့နယ်၊ မေတ္တာဦးအိမ်ရာ၊ လုံးချင်းတိုက်အမှတ်(၉)

(စ) မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ(၁) (၂)အိမ်ရာ လုံးချင်းတိုက်အမှတ်(၂၀၊ ၆၆၊ ၆၇၊ ၈၁၊ ၈၃၊ ၁၀၂)

၂။ သို့ဖြစ်ပါ၍ အထက်ပါအိမ်ရာစီမံကိန်းရှိ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်း ရန်ကျန်ရှိသူများအနေဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် နောက်ဆုံးထား၍ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းရန်နှင့် ငွေပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့် ပယ်ဖျက်၍ ပေးသွင်းထားသော တိုက်ခန်းတန်ဖိုးငွေများကို ဌာနမှပြန်လည်ထုတ် ပေးမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

အတွေးအရေး —— ခင်မောင်အေး(မန္တလေး)

စေတနာမှန်စွာ ကူညီကြပါ

ခရီးသွားဖော်အချင်းချင်းသည်လည်း တာဝန်သိသိ လက်ချင်းညှိလျက် သားသမီးချင်းစာနာကာ ယင်းအဖြစ်မျိုးကြုံတွေ့ရပါက တားဆီးကာကွယ်ပေးသင့်

အချိန်။ ညနေ ၆ နာရီ ၁၀ မိနစ်၊ နေ့ရက် ၂၀၁၂ ခုနှစ် ၂၀ ရက် တနင်္ဂနွေ၊ နေရာ၊ ခရီးသည်တင် မော်တော်ယာဉ် လိုင်းကားအမှတ်(၂၀၅)၊ ရန်ကုန်/မြောက်ဒဂုံမော်တော်ယာဉ်ပေါ်တွင်။

ခရီးစဉ်အစ။ ဗိုလ်ချုပ်ဈေး(လေဟာပြင်ဈေးမှတ်တိုင်)။ ကျွန်တော်မော်တော်ယာဉ်ပေါ်တွင် ထိုင်ခုံနေရာရရှိသဖြင့် အေးအေးလူလူစီးနင်းလိုက်ပါလာခဲ့သည်။ တနင်္ဂနွေနေ့ ရုံး၊ ကျောင်းများပိတ်ရက်ဖြစ်သဖြင့် ထိုင်ခုံတော်တော်များလွတ်ကာ ချောင်ချောင်ချိချိရှိနေသည်။ ကျွန်တော်က မော်တော်ယာဉ် နောက်ဆုံးခုံတန်းတွင် နေရာယူလိုက်၏။ ပြတင်းနံဘေးမှာ နေရာယူထားခြင်းဖြစ်သဖြင့် လေကလည်း တဖြူးဖြူးရ၏။ မှတ်တိုင်တစ်ခုအရောက်တွင် မော်တော် ယာဉ်ပေါ်သို့ လူငယ်တစ်စုတက်ရောက်လိုက်ပါလာလေသည်။ လူငယ်အုပ်စုအရေအတွက်မှာ လေးငါးယောက် ခန့်ရှိပါလိမ့်မည်။ အိမ်သုတ်ဆေးပုံးအလွတ်တချို့မပြည့်တပြည့်ဆွဲလာကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ လုပ်သားများဖြစ်ပုံရသည်။

မော်တော်ယာဉ်ပေါ်သို့ ရောက်လာကြသည်နှင့် စွပ်ကျယ်လက်ပြတ်နှင့်လူငယ်နှစ်ယောက်က ရှပ်လက်တိုကိုအပေါ်မှ ထပ်၍ ဝတ်ဆင်လိုက်သည်။ သည့်နောက် တစ်ဦးနှင့် တစ်ဦး အပြန်အလှန်စကားတွေဖောင်လောင်အောင် ပြောဆိုလာကြ၏။ ဝန်းကျင်မှ ခရီးသည်များအား ဖုတ်လေသည့် ငါးပိရှိသည်လိုပင် မှတ်ထင်ဟန်မတူချေ။

မော်တော်ယာဉ်ပေါ်တွင် ကုမ္ပဏီဝတ်စုံနှင့် အမျိုးသမီးလေးနှစ်ဦးထိုင်ခုံတစ်ခုတွင် ထိုင်နေကြသည်ကို သတိထားမိလိုက်၏။ လူငယ်တစ်ယောက်က အမျိုးသမီးနှစ်ဦး၏ ထိုင်ခုံနောက်ထိုင်ခုံတွင်ထိုင်လိုက်သည်။ ထို့နောက် တစ်ယောက်က မိန်းကလေးများ၏ ရှေ့ထိုင်ခုံတွင်ထိုင်လိုက်သည်။ အဖော်တစ်ယောက်စီပါ ပါဝင်လာသည်။ မိန်းကလေးများ၏ရှေ့ထိုင်ခုံမှလူငယ်က နောက်ထိုင်ခုံမှ ထိုင်နေကြသောသူတို့၏အဖော်များနှင့်ထိုင်ခုံကို နောက်ပြန်ထိုင်ကာ စကားတွေကျယ်လောင်စွာ ပြောနေကြ၏။ မိန်းကလေးများ၏ ထိုင်ခုံနောက်မှ ဆေးပုံးကိုင်လာသည့် လူငယ်ထံမှ ဝက်အူလှည့်ကို ရှေ့ထိုင်ခုံမှ လူငယ်က လှမ်းတောင်းသည်။ ယင်းနောက်လူငယ်က သူ၏ဘေးရှိ မော်တော်ယာဉ် ပြတင်းတံခါးကို ဝက်အူလှည့်ဖြင့် ကလော်ကာဖွင့်နေသည်။ ထိုအချိန်တွင် ဆေးပုံးသယ်ဆောင်လာသည့် လူငယ်က-

"ဟေ့ကောင်၊ ထည့်လို့ရရဲ့လား။ မရရင် မရရအောင် အတင်းထိုးသွင်းကွာ"။ ယင်းစကားတစ်ခွန်းကိုပင် ထပ်ကာတလဲ ပြောလျက်မျက်စိက နောက်မှာထိုင်နေကြသည့် မိန်းကလေးတွေကို တမင်တကာစိုက်ကြည့်နေလေသည်။ ယင်းသို့ပြောဆိုနေသည်ကို ၎င်းတို့အဖော်နှစ်ဦးက မျက်နှာစပ်ဖြီးဖြီးနှင့်စနောက်နေကြလေသည်။

လက်မှတ်ရောင်းသူ ယဉ်နောက်လိုက်ကလည်း အရေးတယူမရှိ၊ ယာဉ်ပေါ်ပါခရီးသည်တွေကလည်းမသိကျိုးကျွန်ပြုနေ ကြ၏။ မိန်းကလေးတွေခမျာ ခေါင်းပင်မဖော်ဝံ့တော့အောင် အရှက်ရနေရရှာပါသည်။ ယင်းလူငယ်များက မိန်းကလေးနှစ်ဦးကို မိုက်မိုက်ရိုင်းရိုင်း ယုတ်ယုတ်မာမာ တမင်တကာအရှက်ရအောင်ပြောနေသည်ကို ခရီးသည်များအားလုံး ကြားနေသိနေကြသည်ကား အမှန်ပင်။

ကျွန်တော်ကမူ သက်ကြီးရွယ်အိုတစ်ဦးမို့ မည်သို့မျှ ဝင်ရောက်ဟန့်တားခြင်းမပြုနိုင်ခဲ့။ ရင်ငုံနှုတ်ပိတ်ခပ်မဆိတ်သာနေခဲ့ရပေသည်။ မြန်မာအမျိုးသမီးငယ်ကလေးများစွာ နိစ္စဓူဝဝမ်းရေးအတွက် ခရီးသည်တင်မော်တော်ယာဉ်များကို တိုးဝှေ့စီးနင်းလိုက်ပါကာ လှုပ်ရှားရုန်းကန်သွားလာနေရရှာပါသည်။ ကျွန်တော်၏ သမီးကလေးတစ်ယောက်သည်လည်း ယင်းသို့ပင်သွားလာ နေရဆဲပါ။ ငယ်ရွယ်သေးသော အသက်အရွယ်မို့ လှချင်ပချင် ဝတ်ချင်စားချင်သည့်တိုင် မဝတ်နိုင် မဝယ်နိုင်ရှာ။ မိသားစု စားဝတ်နေရေးအတွက် ရသမျှဝင်ငွေကို အိမ်စရိတ်ထဲသို့သာ ထည့်ပေးနေရရှာပေသည်။

သားသမီးချင်း ကိုယ်ချင်းစာနာမိသည်ကားအမှန်ပါ။ တာဝန်ရှိသော မော်တော်ယာဉ်မောင်း၊ ယဉ်နောက်လိုက်တို့အပြင် ခရီးသွားဖော်အချင်းချင်းသည်လည်း တာဝန်သိသိ လက်ချင်းညှိလျက် သားသမီးချင်းစာနာကာ ယင်းအဖြစ်မျိုးကြုံတွေ့ရပါက တားဆီးကာကွယ်ပေးသင့်ပါကြောင်း စေတနာရှေ့ထားရေးသားရပါသည်။

ပရိသတ်များအတွက် အလုပ်ရှုပ်နေသည့် အနုပညာဇနီးမောင်နှံ

မကြာမီကမှ လက်ထပ်ထားသည့် တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့်များဖြစ်သည့် လီဗြောင်ဟွန်းနှင့် လီမင်ဂျောင်တို့စုံတွဲသည် ယခုနှစ်အတွင်းတွင် LBH ON TOUR 2014 အမည်ရှိ ပရိသတ်တွေ့ဆုံပွဲတစ်ခုကို ဂျပန်နိုင်ငံ အိုဆာကာနှင့် ဖူကိုအိုကာတို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်လုံးသည်လည်း အလုပ်များသည့်နှစ်တစ်နှစ်ဖြစ်လာဖွယ်ရှိကြောင်း ထုတ်ဖော်ခဲ့သည်။

အဆိုပါပရိသတ်နှင့်တွေ့ဆုံပွဲများကို ဖေဖော်ဝါရီလလယ်အထိ ကျင်းပသွားမည်ဖြစ်ပြီး လီဗြောင်ဟွန်းသည် G.I. Joe 3 ဇာတ်ကားသစ် ရိုက်ကူးရန်အတွက် ဂျပန်မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

လီဗြောင်ဟွန်းသည် G.I. Joe 2 နှင့် RED: The Legend ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့်အပြင် The King's Wrath ဇာတ်ကားတွင်လည်း ပါဝင်ထားကြောင်း သိရသည်။

ဆက်လက်ပြီး လီဗြောင်ဟွန်း၏ ဇနီးသည်ဖြစ်သူ လီမင်ဂျောင်ကလည်း နှစ်သစ်ကူးပွဲတော်များဖြင့်အလုပ်များလျက်ရှိပြီး အမ်ဘီစီရုပ်သံလိုင်း၏ Cunning Single Lady ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည်။

မျိုးစန္ဒာမောင်
စုစည်းသည်

ချစ်သူကင်မ်တေဟီးအတွက် ကိုယ်တိုင်သီချင်းသစ် ဖန်တီးခဲ့သည့် ရိန်း

တောင်ကိုရီးယား၏ နာမည်ကြီး မင်းသား၊ မင်းသမီး များဖြစ်ကြသည့် ရိန်းနှင့် မင်းသမီးကင်မ်တေဟီးတို့၏ အချစ်ရေးကိစ္စများကို ပရိသတ်များက အထူးစိတ်ဝင်စားလျက်ရှိနေသည့် ကြားမှ မကြာမီက ထွက်ရှိခဲ့သည့် ရိန်း၏ အငှမမြောက် အယ်လ်ဘမ် Rain Effect ထွက်ရှိပြီး အထူး သီးသန့်ထွက်ရှိလာသည့် I Love You သီချင်းသည် ၎င်းတို့နှစ်ဦး၏ အချစ်ရေးအကြောင်းနှင့် လက်ထပ် မည့်ကိစ္စရပ်များအကြောင်းကို ရေးစပ် ဖော်ညွှန်းထားခြင်းဖြစ်ကြောင်း သိရ သည်။ အဆိုပါ I Love You သီချင်း၏ စာသားနှင့် သံစဉ်ပိုင်းကို ရိန်းကိုယ်တိုင် ဖန်တီးထားခြင်းဖြစ်ပြီး ချစ်သူကင်မ်တေဟီးအတွက် ရည်ရွယ် ဖန်တီးထားခြင်း ဖြစ်ကြောင်းနှင့် လက်ထပ်ပွဲအတွက် ရှေ့ပြေးသီချင်းတစ်ပုဒ် ဖြစ်လာနိုင်ကြောင်း Cube DC အင်နီတာ တိမ်းမန့်ကဆိုသည်။

စီးရီးအေပွဲစဉ်ရဲ့ ပွဲစဉ် ၂၃ ကို ဖေဖော်ဝါရီ ၈၊ ၉၊ ၁၀ နေ့တွေမှာ ကျင်းပသွားဖို့ရှိပြီး နာပိုလီနဲ့ အေစီမီလန်ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ရှိုင်းမင်းမင်း

စီး ရီး အေ ရင် ခုန် သံ - ၂၃

ဖီအိုရင်တီးနား - အတ္တလန္တာ ည ၁၁း၃၀ (၈-၂-၁၄)

နှစ်ပွဲဆက်အနိုင်ပျောက်မှုကို ချေဖျက်ဖို့ ဖီအိုရင်တီးနား ကြိုးစားမှာပါ။ အတ္တလန္တာ ခြေသာမန်သာရှိပါတယ်။ ကွင်းကလည်း ဖီအိုရင်တီးနားရဲ့ ကွင်းလည်းဖြစ်တာကြောင့် ဖီအိုရင်တီးနားနဲ့ပဲ ရပ်တည်အားပေးရမယ့် ပွဲပါ။

ပါးမား - ကာတာနီးယား ည ၇း၃၀ (၉-၂-၁၄)

ပါးမားက ရလဒ်တွေကောင်းမွန်နေသလို အိမ်ကွင်းခြေလည်း တည်ငြိမ်မှုရှိပါတယ်။ ကာတာနီးယားက ခြေစွမ်းပိုင်းအားနည်းပြီး အမှတ်ပေးဇယားအောက်ခြေကို ရောက်နေတဲ့ အသင်းပါ။ ပါးမားနဲ့ပဲ ရပ်တည်ရဖို့ရှိတယ်။

အူဒီးနီးစ် - ချီယေဗို ည ၁၁း၃၀ (၈-၂-၁၄)

အူဒီးနီးစ်က ရလဒ်ဆိုးတွေကို အဆုံးသတ်နိုင်ခဲ့ပါပြီ။ ပြီးတော့ အိမ်ကွင်းအားလည်းရှိတယ်။ ချီယေဗိုက ခြေသာမန်သာရှိသလို အဝေးကွင်းအားပျော့တယ်။ နိုင်ပွဲနဲ့အတူ ယုံကြည်မှုပိုရှိလာမယ့် အူဒီးနီးစ်နဲ့ပဲ ရပ်တည်ရဖို့ရှိတယ်။

လီဗော်နို - ဂျီနိုအာ ည ၇း၃၀ (၉-၂-၁၄)

တန်းဆင်းဇုန်အတွင်းက လီဗော်နိုဟာ အိမ်ကွင်းမှာ အမှတ်ရဖို့ အားစိုက်လာမှာပါ။ ဂျီနိုအာက လက်ရှိရှုံးအားမဆိုးပေမယ့် အဝေးကွင်းအနည်းငယ် အားပျော့မှုတွေရှိတယ်။ လီဗော်နိုသရေလောက် ကစားနိုင်ဖို့ရှိတယ်။

နာပိုလီ - အေစီမီလန် နံနက် ၂း၁၅ (၉-၂-၁၄)

ဆီးဒေါ့ဖ်လက်ထက်မှာ ရလဒ်ပိုင်းအရ မဆိုးဘူးဆိုပေမယ့် နာပိုလီကို ယှဉ်နိုင်လောက်တဲ့ခြေတော့ အေစီမီလန်မှာမရှိပါဘူး။ အထူးသဖြင့် နာပိုလီက အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်လို့ နာပိုလီပဲ အနိုင်ရဖို့ သေချာပါတယ်။

ဗီရိုနာ - ဂျူဗင်တပ် ည ၇း၃၀ (၉-၂-၁၄)

ဗီရိုနာခြေအနည်းငယ် အကျဘက်ရောက်နေတယ်။ အိမ်ကွင်းကစားအား ကောင်းမွန်ပေမယ့်လည်း ဂျူဗင်တပ်ရဲ့ ခြေစွမ်းပိုင်းကတည်ငြိမ်မှုပိုရှိတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဂျူဗင်တပ်တို့ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရမှာပါ။

တိုရီနို - ဘိုလောဂ်နာ ည ၆း၀၀ (၉-၂-၁၄)

တန်းမဆင်းရဖို့ ရုန်းနေတဲ့ ဘိုလောဂ်နာဟာ ငါးပွဲဆက်အနိုင်ပျောက်မှုနဲ့အတူ ခြေကျနေတယ်။ အဝေးကွင်းလည်းဖြစ်တယ်။ တိုရီနိုက လေးပွဲဆက်အရှုံးကင်းပြီး ခြေတည်ငြိမ်နေကာ အိမ်ကွင်းလည်းဖြစ်လို့ တိုရီနိုနဲ့ပဲ ရပ်တည်မယ်။

လာဇီယို - ရိုးမား ည ၇း၃၀ (၉-၂-၁၄)

ရောမဒါဘီဖြစ်တယ်။ လာဇီယိုကလည်း ခြေမဆိုးသလို အိမ်ကွင်းအားသာချက်ရှိတယ်။ ဒါကြောင့် ရိုးမားခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ရုန်းကန်ရဖို့ရှိတယ်။ နိုင်ရင်တောင် မပြတ်သားနိုင်တဲ့ ရိုးမားကို ငြင်းပယ်ချင်တယ်။

ဆမ်ဒိုးရီးယား - ကယ်ဂလီယာရီ ည ၇း၃၀ (၉-၂-၁၄)

ဆမ်ဒိုးရီးယားခြေ မတည်ငြိမ်ပေမယ့် ကယ်ဂလီယာရီကတော့ နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီပွဲက ဆမ်ဒိုးရီးယားကွင်းဖြစ်တာကို သတိပြုရမယ်။ ဆမ်ဒိုးရီးယား အနိမ့်ဆုံးသရေရမှာပါ။

အင်တာ - ဆာစူအိုလို နံနက် ၂း၁၅ (၁၀-၂-၁၄)

အမှတ်လိုနေတဲ့ အင်တာတို့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ ဆာစူအိုလိုခြေက သာမန်သာရှိပြီး အဝေးကွင်းဆိုရင်လည်း အားပျော့တတ်တာကြောင့် အင်တာကို တံ့ပြန်ဖို့ခက်တယ်။ အင်တာကိုပဲ နှစ်သက်တယ်။

မန်ယူအသင်း၏အကောင်းဆုံးကစားသမားဖြစ်လိုကြောင်း ကွင်းလယ်ကစားသမား ဂျာနျူဇာဖွင့်ဟ

အသက်(၁၈)နှစ်အရွယ်ရှိ မန်ယူကွင်းလယ်ကစားသမား ဂျာနျူဇာသည် ယခုနှစ်ဘောလုံးရာသီမှ စတင်ကာ အသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရခဲ့ပြီး မန်ယူအသင်းနှင့်အတူ အောင်မြင်မှုများရရှိရန်လည်း ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဂျာနျူဇာသည် ပရီမီယာလိဂ်ပြိုင်ပွဲ ၁၇ ပွဲအထိ မန်ယူအသင်းအတွက် ပါဝင်ကစားပေးထားပြီး မန်ယူအသင်း၏ အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်လာရန်လည်း ပစ်မှတ်ထားလျက်ရှိသည်။

ထို့အပြင် ကွင်းလယ်ပိုင်းတွင် ဝါရင့်ကစားသမားတစ်ဦးပီပီ အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်သည့် စပိန်ကွင်းလယ်ကစားသမား မာတာထံမှ ကွင်းလယ်ကစားသမားတစ်ဦးတွင် ရှိရမည့်ဘောလုံးပညာရပ်များကိုသင်ယူကာ မန်ယူအသင်း၏အရေးပါသော ကစားသမားတစ်ဦး ဖြစ်လာရန်လည်း မျှော်လင့်ထားကြောင်း ကွင်းလယ်ကစားသမားဂျာနျူဇာက ပြောကြားခဲ့သည်။

မာတာသည် ကိုယ်တိုင်ဂိုးသွင်းနိုင်သည့်အပြင် ဖန်တီးပေးမှုတွင်လည်း တိကျမှုရှိကြောင်းနှင့်မာတာနှင့်အတူ တွဲဖက်ကစားရမည်ဖြစ်၍ ပျော်ရွှင်မိကြောင်းလည်း ဂျာနျူဇာကဆိုသည်။

နည်းပြမိုက်ကယ်လောဒရပ်အား ဆွမ်ဆီးအသင်းထုတ်ပယ်

ပရီမီယာလိဂ်ကလပ် ဆွမ်ဆီးအသင်းသည် အသင်းနည်းပြ မိုက်ကယ်လောဒရပ်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် ကာဒစ်ဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အသင်းခေါင်းဆောင် ဂယ်ရီမွန့်ခ်က အသင်းနည်းပြအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

ဆွမ်ဆီးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြ မိုက်ကယ်လောဒရပ်၏ ဆွမ်ဆီးနည်းပြဆက်ဖြစ်နေမည့် အခွင့်အလမ်းသည် မသေချာမရေရာဖြစ်လာခဲ့သည်။ ယင်းပွဲစဉ်ရှုံးနိမ့်ခြင်းသည် ဆွမ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲတွင် ခြောက်ပွဲမြောက် ရှုံးနိမ့်ခဲ့ခြင်းလည်းဖြစ်သည်။

ငွေကြယ်

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

သာကီဒေသ့ရျာနယ် နှင့် စပ်လျဉ်း၍ သတိပေးကြေညာချက်

သာကီဒေသ့

ဦးတင့်ဆွေ(?)
သာကီဒေသ့ဂျာနယ်(ထုတ်ဝေသူ)

မွေးနေ့ဆုတောင်း

၆-၂-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်မေမေ ဒေါ်လှလှတင်၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မေမေချစ်သော ဖေဖေ၊ သားသမီး မြေးများနှင့်အတူ ကျန်းမာပျော်ရွှင် လိုအင်ဆန္ဒပြည့်ဝပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဖေဖေ - ဦးအောင်ကျော်ဦး
ချစ်သားများ - ကိုလင်း၊ ကိုကြီး၊ ကိုငယ်၊ ကိုပေါက်
ချစ်သမီးများ - မမကြီး၊ မသီရိ၊ မမလေး၊ မသိမ့်၊ မဝေ၊ မရီ၊ ကျော်ကျော်
ချစ်မြေးများ - ကိုထူး၊ လင်းလင်း၊ ရွှေဘဝင်လေး

A.K.O မိသားစု

COHABO
70000

အထကသုဝဏ္ဏကျောင်းသား/သူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

နေ့ရက် - ၉-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - သီရိသုဝဏ္ဏပညာခန်းမ အထက သုဝဏ္ဏ

(ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ) မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားနိုးဆော်အပ်ပါသည်။

Asia Top

သာဓုမင်း

ASIA KING 01-387971, 09-43114301

နျူကလီးယားသဘောတူညီချက် ခြောက်လအတွင်းရရှိနိုင်ဟု အီရန်အစိုးရ မျှော်လင့်



အီရန်နိုင်ငံ အစ္စဖာဟန်မြို့ရှိ ယူရေနီယံသန့်စင်ရေးစက်ရုံ၏ ထိန်းချုပ်ရေးခန်းမကို တွေ့ရစဉ်။

ဘာလင် ဖေဖော်ဝါရီ ၅

အမေရိကန် ကွန်ဂရက်လွှတ်တော်က အီရန်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်ခြင်းမရှိတော့ပါက မိမိတို့နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ခြောက်လအတွင်း အပြီးသတ်သဘောတူညီချက်တစ်ရပ်ရရှိမည်ဟု မျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဘက်မိုဟာမက်ဇာရစ်ဖ်က ပြောကြားလိုက်သည်။

ပယ်ချမည်

အီရန်နှင့် ဆွေးနွေးပွဲပြုလုပ်မှုကို ဟန့်တားပိတ်ပင်သော မည်သည့်ဥပဒေရေးဆွဲခြင်းကိုမဆို မိမိက ဗီတိုအာဏာဖြင့် ပယ်ချမည်ဟု အမေရိကန်သမ္မတ ဘာရက်အိုဘားမားက လွန်ခဲ့သည့် ရက်သတ္တပတ်က နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းဖော်ပြခဲ့သည်။

ခြိမ်းခြောက်

အီရန်နိုင်ငံနှင့် ထာဝရသဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ရာတွင် အောင်မြင်မှုမရပါက ယင်းနိုင်ငံအပေါ် ကန့်သတ်ပိတ်ဆို့မှုအသစ်များ ထပ်မံပြုလုပ်သွားမည်ဟု သမ္မတ အိုဘားမား၏ ဒီမိုကရက်အမတ်အချို့အပါအဝင် အထက်လွှတ်တော်အမတ်များက ခြိမ်းခြောက်ခဲ့ကြသည်။

အီရန်နိုင်ငံအပေါ် ပြစ်ဒဏ်ခတ်ရေး ဥပဒေမူကြမ်းမှာ ယခုအခါ အထက်လွှတ်တော်တွင် ဆိုင်းငံ့ထားသော ဥပဒေမူကြမ်းဖြစ်သည်။ယင်းဥပဒေမူကြမ်းအတည်ဖြစ်လာမည် ဆိုပါကအရှေ့အလယ်ပိုင်းဒေသ၌ ပဋိပက္ခဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်ရှိကြောင်း အီရန် အစိုးရအဖွဲ့က သတိပေးသည်။ **ရိုက်တာ**

အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ ရှေးဟောင်းလိုဏ်ဂူပြိုကျ ရှစ်ဦးသေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၅

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ချာဟာတီဂတ်ပြည်နယ်ရှိ ရှေးဟောင်းဟိန္ဒူဘုရားကျောင်းအနီး လိုဏ်ဂူနံရံရုတ်တရက်ပြိုကျရာ လူရှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

အဆိုပါ ဘိုင်းဝါးဘုရားကျောင်းတည်ထားရာ လိုဏ်ဂူမှာ ဆူရတ်ချ်ပါးခရိုင်တွင် တည်ရှိပြီး ဖေဖော်ဝါရီ ၄ရက်နှောင်းပိုင်းက နံရံပြိုကျသွားကြောင်း၊ ယင်းဒေသအနီးအနားရှိ သတ္တုတွင်းများမှ ပေါက်ကွဲမှုများကြောင့် နံရံကြီးပြိုကျသွားခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြား သည်။

သေဆုံးသူများအနက် သုံးဦးမှာ အသက် ၁၀ နှစ်မှ ၁၃ နှစ်အကြားရှိ မိန်းကလေးများဖြစ်ကြပြီး အပြိုအပျက်များအောက်မှ သုံးဦးကို ဒဏ်ရာများဖြင့် ဆွဲထုတ်ခဲ့ရကြောင်း၊ ယင်းဒေသအနီးအနားရှိ သတ္တုတွင်းများ၌ မကြာခဏပေါက်ကွဲမှုများဖြစ်ပွားသဖြင့် တုန်ခါမှုများကြောင့် ပြိုကျရခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ **အေအက်ဖ်ပီ။**



ယူကရိန်းနိုင်ငံတွင် မီးရထားနှင့် ဘတ်စ်ကားတိုက်မိ ၁၂ ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ကိဗ် ဖေဖော်ဝါရီ ၅

ယူကရိန်းနိုင်ငံမြောက်ပိုင်း ဆူမီဒေသတွင် မီးရထားစက်ခေါင်းနှင့် မီနီဘတ်စ်ကား တိုက်မိကြရာ ၁၂ ဦးထက်မနည်းသေဆုံး၍ ငါးဦးဒဏ်ရာရရှိကြောင်း ဖေဖော်ဝါရီ ၅ ရက်တွင် ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဖေဖော်ဝါရီ ၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၈ မိနစ်က ဆူမီဒေသဘီလိုပိုလီမြို့အနီးတွင် အဆိုပါ မတော်တဆမှုဖြစ်ပွားခြင်း ဖြစ်သည်။ မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သည့် အောက်တိုဘာလက ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ရထားတစ်စင်းနှင့် ကားတစ်စီးတို့တိုက်မိရာ လူ ၄၀ ခန့်သေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိသည်။ **ဆင်ဟွာ**

တောင်အာဖရိကနိုင်ငံရှိ ရွှေတွင်း၌ မီးလောင်မှုဖြစ်ပွား မိုင်းလုပ်သားကိုးဦး မြေအောက်၌ ပိတ်မိနေ

ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၅

တောင်အာဖရိကနိုင်ငံရှိ ရွှေတူးဖော်ထုတ်လုပ်ရေး မိုင်းတွင်းတစ်တွင်းတွင် မီးလောင်မှုဖြစ်ပွားရာ မိုင်းလုပ်သားကိုးဦး မြေအောက်၌ ပိတ်မိနေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျိုဟန်နက်စဘတ်မြို့ အနောက်ဘက်ရှိ ဒိုနာကော့ရွှေထုတ်လုပ်ရေးမိုင်းတွင်း၌ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက မီးလောင်မှု စတင်ဖြစ်ပွားခဲ့ရာတွင် မိုင်းလုပ်သား ကိုးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ၎င်းတို့သည် မြေပြင်အောက် မီတာ ၁၇၀၀ (ပေ ၅၆၀၀)အနက်တွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း ယင်းရွှေတွင်းကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော ဟာမနီဂိုးလ်အမည်ရှိ ကုမ္ပဏီက ပြောကြားသည်။

အဆိုပါမိုင်းတွင်း၌ အလုပ်လုပ်ကိုင်နေသော မိုင်းလုပ်သားရှစ်ဦးကို ဖေဖော်ဝါရီ ၅ ရက်တွင် ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကို ကယ်တင်ပေးနိုင်ရန် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးခိုးများပိတ်ဖုံးနေခြင်းနှင့် ကျောက်တုံးများ ပြိုကျမှုဖြစ်ပွားနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အခက်အခဲများနှင့်တွေ့ကြုံနေရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဒေသတွင်း၌ မြေလျှင်များလှုပ်မှုကြောင့် ကျောက်တုံးများ ပြိုကျရာမှ မီးလောင်မှုဖြစ်ပွားဖွယ်ရှိကြောင်း၊ မည်သို့မည်ပုံ မီးစတင် လောင်ကျွမ်းသည်ကို ရေရေရာရာ မသိရသေးကြောင်း တာဝန်ရှိသူက ပြောကြားသည်။ **ပီတီအိုင်**

မီးလောင်မှုဖြစ်ပွားသော ဒိုနာကော့ရွှေထုတ်လုပ်ရေးမိုင်းတွင်းကို တွေ့ရစဉ်။

ဓာတုလက်နက်များ ထပ်မံလွှဲပေးမည်ဟု ဆီးရီးယားဘက်မှ ရုရှားအာမခံပြောကြား

မော်စကို ဖေဖော်ဝါရီ ၅

ဆီးရီးယားအစိုးရသည်လာမည့် ရက်သတ္တပတ်၌ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည့်အပြင် ဓာတုလက်နက်များကို ထပ်မံလွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ဖေဖော်ဝါရီ ၄ ရက်တွင် အာမခံပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ရန် သမ္မတဘရှားအယ်လ်အာဆတ်၏ ကတိကဝတ်ပြုမှု ပျက်ပြားသွားမည်ကို အနောက်အုပ်စုနိုင်ငံများက စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားအစိုးရက အထက်ပါအတိုင်း အာမခံပြောကြားခြင်းဖြစ်သည်။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို လွန်ခဲ့သည့်လတွင် စတင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က ကြားဝင်စေ့စပ်ပေးသော သဘောတူညီချက်တစ်ရပ်အရ ယခုနှစ်လယ်ထက်နောက်မကျဘဲ ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များအားလုံးကို လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

ဆီးရီးယားနိုင်ငံ၌ သုံးနှစ်ကြာပြည်တွင်းစစ် ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ပထမဆုံးအကြိမ် ရုရှားအစိုးရက ယင်းနိုင်ငံ၏အတိုက်အခံအုပ်စုဖြစ်သော အမျိုးသားညွန့်ပေါင်းအဖွဲ့၏ ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **ရိုက်တာ။**

ဆီးရီးယားနိုင်ငံမှ ဓာတုလက်နက်များကို အယ်လ်ဘေးနီးယားနိုင်ငံက တာဝန်ယူဖျက်ဆီးခြင်း မပြုလုပ်ရန် ကန့်ကွက်ဆန္ဒပြစဉ်။

ကွဲကွာနေသော ကိုရီးယားမိသားစုဝင်များ ပြန်လည်ဆုံစည်းနိုင်ရန် သဘောတူညီ

ဆိုးလ် ဖေဖော်ဝါရီ ၅

၁၉၅၀-၅၃ခုနှစ် ကိုရီးယားစစ်ပွဲကာလအတွင်း ကွဲကွာသွားခဲ့ကြသော မိသားစုများ ပြန်လည်ဆုံစည်းနိုင်မည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံသဘောတူညီလိုက်ကြကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကွဲကွာနေသော ကိုရီးယားမိသားစုများသည် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အတွင်း နှစ်နိုင်ငံနယ်စပ်ဒေသ မြောက်ဘက်ရှိ ကမ်ဂန်းတောင်ပေါ် အပန်းဖြေစခန်း၌ တွေ့ဆုံကြရန် နှစ်နိုင်ငံတာဝန်ရှိသူများက သဘောတူညီကြသည်။ ကိုရီးယားမိသားစုများ ပြန်လည်ဆုံစည်းရန် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် သဘောတူညီကြခြင်းဖြစ်သည်။

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံမှ ကြက်ခြေနီအဖွဲ့များ၏ ကိုယ်စားလှယ်အဖွဲ့များသည် နယ်စပ်ဒေသရှိ အပစ်အခတ်ရပ်စဲရေးကျေးရွာဖြစ်သော ပန်မွန်ဂျုံကျေးရွာ၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် သဘောတူညီမှု ရရှိခဲ့ကြသည်။

မိသားစုဝင်များ ပြန်လည်ဆုံစည်းခွင့်ရရှိမည့် အစီအစဉ်တွင် ပါဝင်ခွင့်ရရှိရန် တောင်ကိုရီးယားနိုင်ငံသား ၇၀၀၀၀ ကျော်က လိုလားပြီး လူဦးရေကန့်သတ်မှုရှိသဖြင့် မဲနှိုက်ရွေးချယ်သည့်စနစ်ဖြင့် လူရွေးချယ်မည်ဖြစ်သည်။ **ပီတီအိုင်။**

အထက်မြန်မာပြည် ပန်းချီပညာရှင်များ စုပေါင်းပန်းချီပြပွဲ နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားမှုရှိခဲ့

မန္တလေးတောင်ပန်းချီအရောင်းပြခန်း ၁၃ နှစ်ပြည့်အထိမ်းအမှတ်ပြခန်းတွင် လာရောက်ကြည့်ရှုသူများ။ ဓာတ်ပုံ အောင်ရဲသွင်

မန္တလေး၊ ဖေဖော်ဝါရီ ၅

မန္တလေးတောင်ပန်းချီ အရောင်းပြခန်း ၁၃ နှစ်ပြည့်အထိမ်းအမှတ်အဖြစ်ပထမဆုံးအကြိမ်ပြုလုပ်သည့် အထက်မြန်မာပြည် ပန်းချီပညာရှင်များ စုပေါင်းပန်းချီပြပွဲကြီးနှင့် ပုံတူရေးဆွဲပွဲတွင် ခင်းကျင်းပြသထားသည့် ပန်းချီကားများအား နိုင်ငံခြားသားများ စိတ်ဝင်စားမှုရှိခဲ့ပြီး အများအပြား ဝယ်ယူမှုရှိခဲ့ကြောင်း အဆိုပါပြပွဲမှ ပန်းချီပညာရှင်များက ပြောကြားသည်။

မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းနှင့် မြင်းခြံ စသည့်မြို့များမှ ပန်းချီပညာရှင် ၈၄ ယောက် စုပေါင်း၍ ခင်းကျင်းပြသသည့် ပန်းချီပြပွဲတွင်အာရှနှင့်ဥရောပနိုင်ငံတို့မှ နိုင်ငံခြားသားဧည့်သည်များ လာရောက်ကြည့်ရှုခဲ့ကြပြီး ပန်းချီကားပေါင်း ၂၆ ကားရောင်းချခဲ့ရကြောင်း ပန်းချီပညာရှင် ဦးလူမော်က ပြောသည်။

-"နိုင်ငံခြားသားတွေ တော်တော်လေး စိတ်ဝင်တစားရှိတယ်။ ပွဲမလုပ်ခင်ကကို မလေးရှားနိုင်ငံက လာဝယ်တာ တန်ဖိုးအနေနဲ့ကျပ် ၂၁ သိန်းဖိုးလောက်ရှိတယ်။ ဘယ်ဂျီယံနိုင်ငံကလည်း ၁၆ ကားလောက် ဝယ်ကြတယ်။ မန္တလေးမြို့ရဲ့ အထင်ကရနေရာတွေကို အများဆုံးရေးဆွဲထားတဲ့ မော်ဒန်ပန်းချီတွေလည်း ပါဝင်ပါတယ်" ဟု ၎င်းကပြောသည်။

အထက်မြန်မာပြည်ရှိ ပန်းချီအနုပညာရှင်များစုစည်းကာ ပန်းချီအနုပညာအား နိုင်ငံတကာအထိ ထိုးဖောက် ၍ ပြည်ပဈေးကွက်တစ်နေရာရရှိစေရန်နှင့် ပန်းချီဆရာများစုစည်း၍ အခက်အခဲများ စုပေါင်းဖြေရှင်းနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပန်းချီပညာရှင် ဦးလှထွန်းက ဆက်လက်ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ ပန်းချီအဆင့်အတန်းမနိမ့်ဘူးဆိုတာ နိုင်ငံတကာက သိဖို့လိုအပ်တယ်။ ဒါကြောင့် နိုင်ငံတကာအထိ ထိုးဖောက်နိုင်ဖို့လိုအပ်ပါတယ်။ မန္တလေးမြို့မှာလည်း ပန်းချီပညာရှင်တွေ စုစုစည်းစည်းနဲ့ ပြပွဲမလုပ်ဖြစ်တာ ကြာပြီဆိုတော့ လုပ်ဖြစ်သွားတာပါ။ ပြပွဲကလည်းအောင်မြင်မှုရရှိခဲ့ပါတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါပြပွဲတွင် ပန်းချီကားပေါင်း ၁၂၀ ကျော် ခင်းကျင်းပြသထားပြီး တန်ဖိုးများအနေဖြင့် ကျပ် ၁၅၀၀၀၀ မှ ကျပ် ၁၀ သိန်းအထိရှိကာ ဇန်နဝါရီ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီ ၄ ရက်နေ့အထိ ပြသခဲ့ကြောင်း သိရသည်။

အောင်ရဲသွင်

သတင်းတိုများ

ရွှေဘိုတွင် မူးယစ်သောက်စား၍ ဓားရေးပြနေသော မြို့ကျေးရွာသားအား ဖမ်းဆီးအရေးယူ

ဖေဖော်ဝါရီ ၃ ရက်နေ့က ရွှေဘိုမြို့နယ် ဥသျှင်ကန်ကျေးရွာအုပ်စု မြို့ကျေးရွာ၏ လမ်းပေါ်တွင် မူးယစ်သောက်စား ဓားရေးပြနေသော မြို့ကျေးရွာသား အသက် ၄၅ နှစ်ခန့်ရှိ ဦးအောင်သန်းအား နယ်ထိန်းအဖွဲ့က ဥသျှင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဆင့်တို့နှင့်အတူ သွားရောက်ဖမ်းဆီးကာ ၎င်းကိုင်ဆောင်ထားသော အရိုးအသွား ၁၆ လက်မ ဓားဦးချွန်တစ်ချောင်းကို သိမ်းဆည်း၍ ရွှေဘိုမြို့မရဲစခန်း (ပ)၆၇/၂၀၁၄ ပြစ်မှုပုဒ်မ-၁၉ (င) ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဘုန်းညို (ရွှေဘို)

ယခုနှစ် သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာတွင် ပဲစိုက်တောင်သူများ ပိုမိုအထွက်တိုးနိုင်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာအတွင်းရှိ ပဲစိုက်ခင်းများ ယခုနှစ်တွင် ပိုမိုအထွက်တိုးနိုင်မည်ဟု ပဲစိုက်တောင်သူများထံမှ သိရှိရသည်။ "ပဲက မြေကြီးအစိုဓာတ်ကို ကြိုက်တာလေ။ မိုးရာသီက မိုးများထားပြီး ဆောင်းရာသီအအေးကပိုတော့ မြေအစိုဓာတ်ကကောင်းတယ်။ ဒါကြောင့် မနှစ်ကထက် အထွက်နှုန်းကောင်းမှာပါ။ အဓိကစိုးရိမ်ရတာကတော့ အချိန်အခါမဲ့ မိုးဖျက်မှာကိုပါ' ဟု ယင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းညွန့်က ပြောကြားသည်။

သက်ဦး (သထုံ)

ဆည်ရေသောက်ရေမြောင်းနှင့် ရေစုကန်ဖွင့်ပွဲ ဂန့်ဂေါတွင်ကျင်းပ

၆၇ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ ဆပ်သေခြောက်ဆည် ရေသွင်းမြောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က အဆိုပါဆည်အနီး၌ကျင်းပခဲ့ပြီး ရေသွင်းမြောင်းမှာ အလျား ပေတစ်သောင်း၊ အနံ ၄ ပေ၊ အမြင့် ၄ ပေရှိ၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၈၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လယ်မြေဧက ၃၅၀ ကို စိုက်ပျိုးရေပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၆၅)

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် တိုက်ခန်းမြေညီထပ်နေသူများ အခက်အခဲဖြစ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် အလုံမြို့နယ် စော/မြောက်ရပ်ကွက် ၎ဝါလမ်းနှင့် ဆင်မင်းလမ်းထောင့်ရှိ နောက်ဖေးလမ်းကြားတွင် အပေါ်ထပ်နေသူများ၏ စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ခြင်းကြောင့် နောက်ဖေးရေမြောင်းများ ပိတ်ဆို့ရုံမျှမက နံစော်ညစ်ညမ်းသော အနံ့အသက်များပါ အောက်ထပ် မြေညီထပ်နေသူများ ခံစားနေရကြောင်း ၎င်းတို့က ပြောသည်။

ရွှေတိုင်လွင်

စာပေဖတ်ရှုသည့် အလေ့အထများ စွဲမြဲစေရန် စာအုပ်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

သရက်၊ ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး သရက်မြို့ အခြေခံပညာ အလယ်တန်းကျောင်းအမှတ်(၃)ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က သရက်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အထများ စွဲမြဲစေရန်နှင့် ကျောင်းစာသာမက ပြင်ပမှ အသိပညာဗဟုသုတရှာဖွေလေ့လာတတ်စေရန် ရည်ရွယ်၍ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အလက(၃) ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးဝင်းက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် စာပေဖတ်ရှုခြင်းဖြင့် အကျိုးကျေးဇူးများရရှိခြင်းအကြောင်း ပြောကြားပြီး အလက(၃) ကျောင်းအတွက် စာအုပ် စာစောင်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် အလက(၃)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စာအုပ်ပြပွဲတွင် ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ် ၁၀၀ ကျော်ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ကိရိယာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ Air Conditioner (3 HP Floor Stand) ၂ လုံး

၂။ ကျောပိုးမြက်ရိတ်စက် (1.5 HP) ၄ လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

တင်ဒါပိတ်မည့်ရက် - ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)၊ ဖုန်းနံပါတ် -၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၉ တို့တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

စစ်ကိုင်းအသင်း(ရန်ကုန်)
သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

စစ်ကိုင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်၊ (၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်)(စနေနေ့) မွန်းလွဲ ၁နာရီမှ ၄နာရီထိ (M-3)စားသောက်ဆိုင် အာဇာနည်ကုန်းအနီး၊ ဗဟန်း မြို့နယ်၌ ကျင်းပမည်ဖြစ်ပါသည်။ သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါသဖြင့် ရန်ကုန်မြို့-တွင်နေပြီး စစ်ကိုင်းနယ်သူ၊ နယ်သားများအားလုံးနှင့် အသင်းသားများ၊ စိတ်ပါဝင်စားသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်ပေးကြပါရန် အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

၁။ ဒေါ်မြင့်မြင့်သောင်း ဖုန်း-၀၉-၅၀၂၁၁၁၀
၂။ ဒေါ်လွင်လွင် ဖုန်း-၀၉-၇၃၀၅၇၆၉၃ ၀၁-၆၈၇၈၆၅
၃။ ဒေါ်ခင်ဖြူဖြူဌေး ဖုန်း-၀၉-၄၂၁၀၆၃၃၅၄
၄။ ဒေါ်မြင့်မြင့်စန်း ဖုန်း-၀၁- ၅၀၃၇၅၉
၅။ ဗိုလ်မှူးသန်းမြင့်(ငြိမ်း)ဖုန်း-၀၁-၅၆၉၉၃၀
၆။ ဦးကျော်ကျော်စိုး ဖုန်း-၀၁-၅၃၁၄၈၈၊ ၅၀၀၄၅၆

ပါမောက္ခဦးခင်မောင်ဝင်း၏ ကျန်းမာရေးဟောပြောပို့ချပွဲ

ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်း)၏ အသည်းရောင်အသားဝါ နောက်ဆုံးပေါ် ကုသနည်းဟောပြောပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၁-၂-၂၀၁၄ ရက် (သောကြာနေ့)

ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ

ကျင်းပမည့်နေရာ - UMFCCI ခန်းမ
မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်။

ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ အောင်သာယာရပ်ရှိ OS ဒနံမား အမည်ပေါက် မြေကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၉)၊ (၀. ၂၂ဧက) မြေကွက်အား ဦးတင်ငွေနှင့် ဒေါ်ခင်အေး(ခ)ဒေါ်ခင်စောဝင်း[၅/စကန(နိုင်)၀၁၆၆၆၈]တို့ ဇနီးမောင်နှံက လွန်ခဲ့သည့်(၄၈)နှစ်ခန့်က ဝယ်ယူပိုင်ဆိုင် ၍ နေထိုင်ခဲ့ကြပါသည်။ ဦးတင်ငွေမှာ ၁၁-၇-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့၍ ယခုအချိန်တွင် ယင်းမြေနှင့်အဆောက်အအုံအား ဒေါ်ခင်အေး(ခ)ဒေါ်ခင်စောဝင်းကသာ လက်ရှိတစ်ဦးတည်း ပိုင်ဆိုင်၍ နေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေနှင့်အဆောက်အအုံအား ကျွန်မဒေါ်ခင်အေး(ခ)ဒေါ်ခင်စောဝင်းအမည်သို့ အမည်ပြောင်းဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုမှုရင်းအထောက်အထား ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အမည်ပြောင်းဂရန် လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းလှိုင် (စဉ်-၆၇၇၅)
တရားလွှတ်တော်ရှေ့နေ
၁၁လမ်း၊ ၇၇×၇၈လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ဖုန်း-၀၉-၂၀၄၄၈၁၇

ဗီဇာအထောက်အပံ့ ပိုမိုဆောင်ရွက် နိုင်ပါက နိုင်ငံခြားသားဝင်ရောက်မှု ပိုများနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်နှင့် ပြည်ပခရီးသွားများ ယခင်နှစ်များထက် ပိုမိုဝင်ရောက်မှုများပြားလာပြီး နယ်စပ်ဂိတ်ပေါက်များ၌ လိုအပ်သော ဗီဇာအထောက်အပံ့ပေးနိုင်မှု ပိုမိုဆောင်ရွက်ပေးရန် အဓိကကျကြောင်း ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူတစ်ဦးက ပြောသည်။

"အဓိကကတော့ ဗီဇာဝန်ဆောင်မှုပါ။ နယ်စပ်ဂိတ်ပေါက်တွေမှာ ဗီဇာဝန်ဆောင်မှုနဲ့ လွတ်လွတ်လပ်လပ် ဝင်လို့ရရင် ပြည်ပခရီးသည်ဝင်ရောက်မှု ပိုများလာမှာပါ။ ပြီးခဲ့တဲ့နှစ်ကလည်း ခရီးသွားနှုန်းတက်တာ နယ်စပ်ဂိတ်တွေက ဝင်ထွက်လို့ အဆင်ပြေတာကြောင့်ပါ။ အခု လ-ဝ-က ကလည်း နယ်စပ်ဂိတ်တွေမှာ အီးဗီဇာစနစ်ဖြစ်ဖို့ ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်းဦးက ပြောကြားသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ပြည်ပခရီးသည်များအနေဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှသာ ဝင်ရောက်လေ့လာ အပန်းဖြေနိုင်ကာ မြို့ကြီးနှစ်မြို့တွင်သာ လည်ပတ်ပြီး ပြန်လည်ထွက်ခွာရသဖြင့် အဆင်မပြေဖြစ်လာရကာ နယ်စပ်ဂိတ်ပေါက်များမှ ဗီဇာဝန်ဆောင်မှုဖြင့် ဝင်/ထွက်ခွင့် ခွင့်ပြုရန် ပိုမိုလိုလားကြကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ Promotion တွေက ခရီးသွားပြပွဲတွေမှာ သက်ဆိုင်ရာ အသင်းအဖွဲ့တွေက သွားပြီးတော့ Travel Show တွေပြတယ်။ နောက်တစ်ခါ လက်ကမ်း CD တွေ၊ စာစောင်တွေ ဝေငှပေးသလို

> နယ်စပ်ဂိတ်တွေမှာ ဗီဇာစနစ်နဲ့ လွတ်လွတ်လပ်လပ် ဝင်လို့ရရင်...

ပြီးခဲ့တဲ့နှစ်က ဘီဘီစီနဲ့ စီအန်အန်တွေ National Campaing လုပ်တဲ့အခါ စက္ကန့် ၃၀ အတွက် ဒေါ်လာ သိန်းချီပြီး Promote လုပ်ထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

လက်တလောတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းများ အဆင်ပြေစေရန် ဟိုတယ်အသစ်များ ထပ်မံဆောက်လုပ်လျက်ရှိရာ ကြယ်ငါးပွင့် အဆင့်ရှိ ဟိုတယ်ခြောက်လုံး၊ ကြယ် လေးပွင့်အဆင့်ရှိ ဟိုတယ် ၁၇ လုံး နှင့် အခြားဟိုတယ်စုစုပေါင်း ၈၂၃ လုံးကို ထပ်မံ ဆောက်လုပ်ခဲ့ကြောင်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာတွင် ပြုလုပ်ခဲ့သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသည် ဝင်ရောက်မှု ၂ ဒသမ ၀၄၄ သန်းဝင်ရောက်ခဲ့ပြီး ဝင်ရောက်မှုအများဆုံးနေရာ လေးခုမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၈၂၄၁၀၇ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၁၉၅၁၈ ဦး၊ ပုဂံတွင် ၁၉၆၃၆၉ ဦးနှင့် အင်းလေးတွင် ၁၀၁၃၂၀ ဦးထိရှိခဲ့သောကြောင့် ယခုနှစ် ပြည်ပခရီးသည်ဝင်ရောက်မှုအနည်းဆုံး သုံးသန်းခန့်ဖြစ်ကြောင်း သိရသည်။

စိုးအောင်ဖေ

ကရင်ပြည်နယ် ဘားအံရှိ အုန်းတစ်ပင်နှင့် မလျားကျေးရွာချင်းဆက် မြေသားလမ်းအား ပြည်သူများ၏ ထည့်ဝင်ငွေ ကျပ်သိန်း ၇၀ ဖြင့် ယဉ်ကျေးလိမ္မာသင်တန်း ကရင်ပြည်နယ်အဖွဲ့ချုပ် အုန်းတစ်ပင်တိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၏ ၆၂ နှစ်ပြည့် မွေးနေ့ဖြစ်သော ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သည်။ သတင်းနှင့် ဓာတ်ပုံ- ထွန်းထွန်းထွေး(ဘားအံ)

ဆီးသီးဈေးကောင်းရ၍ ဆီးသီးစိုက်တောင်သူများ အပိုဝင်ငွေရရှိ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးရွာများတွင် စပါးရိတ်သိမ်းခြွေလှေ့သည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန် မိမိတို့လယ်ယာမြေကန်သင်းရိုးပေါ်တွင် စိုက်ပျိုးထားရှိသည့်ဆီးပင်များမှ ဆီးသီးအမှည့်များကို တစ်ပတ်တစ်ကြိမ် ကောက်ယူနေလှန်းပြီး ဆီးသီးများခြောက်သွေ့ပါက ရောင်းချခြင်းဖြင့် အပိုဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

ဆီးပင်စိုက်ပျိုးရန် မြေနေရာအခက်အခဲမရှိ လယ်ယာမြေကန်သင်းရိုးပေါ်တွင် စိုက်ပျိုးထားသော ဆီးပင်များမှ ကြွေကျသည့် အသီးများကို ကောက်ယူရကြောင်း၊ ဆီးပင်က တခြားအပင်လို ဂရုစိုက်ဆောင်ရွက်ရခြင်းမရှိဘဲ မိုးဦးကာလ၌ အပင်ပေါက်များကို လယ်ကန်သင်းပေါ်သို့ စနစ်တကျ စိုက်ပျိုးကြကြောင်း။ စိုက်ပျိုးချိန်တွင် ဆိတ်များ စားသွားမည်ဖြစ်၍ ဆူးများကာရံပေးရသော်လည်း ဆီးပင်စိုက်သူများအတွက် အလုပ်များခြင်းမရှိကြောင်း၊ ဆီးသီး အစိုတစ်တင်း ၁၅၀၀ ကျပ်နှုန်း၊ အခြောက်တစ်တင်း နှစ်ထောင်နှုန်းဖြင့် ကျေးရွာအရောက်ဝယ်ယူကြကြောင်း။ ဆီးပင်တစ်ပင်ကို ဆီးသီး ခုနစ်တင်းမှ ၁၀ တင်းအထိ ထွက်ရှိသဖြင့် ဆီးသီးကောက်ယူခြင်းကို ကျေးရွာတိုင်းလိုလို ဆောင်ရွက်ကြကြောင်း၊ ဆီးသီးက အထူးဂရုစိုက်စရာမလိုဘဲ အပိုဝင်ငွေများရရှိကြောင်း ပုဂံကုန်း ကျေးရွာမှ ဒေသခံတောင်သူ ဦးငွေမောင်က ပြောကြားသည်။

(၅၈၀)

သတင်းတို

ကျေးရွာ စာကြည့်တိုက်များ ကွင်းဆင်းလေ့လာ

ဂန့်ဂေါမြို့နယ်တွင်းရှိ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဇန်နဝါရီ ၂၂ရက်တွင် အဖွဲ့ လေးဖွဲ့ခွဲ၍ ဂန့်ဂေါမြို့ နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးကျော်သန်းဆွေ(၄၆၅)

ကျောက်ပန်းတောင်း ဘုရားပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ မြို့ဦးအောင်စေတီတော်မြတ်ကြီးဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်မှ ၂၂ ရက်ထိ ၁၆ ရက်ကြာ ကျင်းပမည်ဖြစ်ရာ ခေါင်းအုံးရိုက်ပွဲ၊ ချောတိုင်တက်ပွဲ တို့အပြင် နိုင်ငံကျော် မင်းသား ဖိုးချစ်ဇာတ်သဘင်အဖွဲ့ဖြင့် ညှော့ခံဖျော်ဖြေမည်ဖြစ်သည်။

ကိုနေ(ကျောက်ပန်းတောင်း)

မီးဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ပုသိမ် ဖေဖော်ဝါရီ ၅

ပုသိမ်မြို့နယ် ရှောပြာကျေးရွာ ပုသိမ်တောင်သစ်ထုတ်ရေးဒေသ ရှောပြာသစ်ဆိပ်၌ ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပုသိမ်ခရိုင် မြန်မာနိုင်ငံမီးသတ်ဦးစီးမှူး ဦးဌေးလွင် ဦးစီးတပ်ဖွဲ့ဝင်ငါးဦးနှင့် မီးသတ်ယာဉ်တစ်စီး၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်လွင်နှင့်အဖွဲ့ဝင် ၂၀၊ ဦးရဲမြင့်လွင် (လက်ထောက်မန်နေဂျာ၊ သစ်ထုတ်လုပ်ရေးဌာန) နှင့်ဝန်ထမ်း ၁၅ ဦးပါဝင်သော အဖွဲ့များဖြင့် သစ်ဆိပ်ရှိ ဆီဂိုဒေါင်များ၊ သစ်ပုံများတစ်ဝိုက်တွင် မီးဘေးကာကွယ်ရေး လေ့ကျင့်မှုများကို မီးသတ်ယာဉ်၊ မီးသတ်ဆေးဘူးများဖြင့် သရုပ်ပြလေ့ကျင့်ကြသည်။ မြို့နယ်မီးသတ်ဦးစီးဌာနမှ စစ်ဆေးပြီး ဆီဂိုဒေါင်များတွင် လိုအပ်သော စက်သုံးဆီငြိမ်းမီးသတ်ဆေးဘူးများ ဖြန့်ဝေတပ်ဆင်စေခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တောင်သစ်ထုတ်လုပ်ရေးဒေသ ရှောပြာသစ်ဆိပ်တွင် နှစ်စဉ်မီးဘေးကာကွယ်ရေးလေ့ကျင့်မှုများပြုလုပ်၍ မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ပဲခူးတက္ကသိုလ်
ဒုတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ်၊ မတ်လနှင့် စက်တင်ဘာလတို့တွင် ပဲခူးတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)နှင့် ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂× ၁½)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ (ဓာတ်ပုံတွင်လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကို ပူးတွဲ၍ ၄-၃-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး-၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး-၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရယူ နိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး သတ်မှတ်ဘွဲ့ကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ပဲခူးတက္ကသိုလ်(ငွေလက်ခံဌာန)တွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို (ငွေလက်ခံဌာန၊ ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး)သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ပညာသင်နှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်သော်လည်း ဘွဲ့ဆိုင်ရာကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း ပဲခူးတက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို မိမိတက်ရောက်ရမည့် ဘွဲ့နှင်းသဘင် ပြီးဆုံးသည့် နောက်ပိုင်းကာလတွင် ပဲခူးတက္ကသိုလ်၌ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြ၍ မိတ္တူဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို သတင်းစာတွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

(မွန်နိုင်)
ဌာနမှူး၊ သင်တန်းရေးရာဌာန
ပဲခူးတက္ကသိုလ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၅)၊ ပေ(၄၀× ၆၀)၊ မြေကွက်(၀.၀၅၅)ဧက၊ မြေအမည်ပေါက် ဦးမောင်ချို(ခ)ဦးချိုဟုခေါ်တွင်သော မြေကွက်အား မူလပိုင်ရှင်ထံမှ အရပ်ကတိစပ်ဆက်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်ဌေးမှ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း မြေချပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းတို့ဖြင့် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း ဦးမြင့်ဌေးထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာချက်ပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ၎င်းရက်ထက်ကျော်လွန်ပါက မြေတိုင်းတာခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ အိမ်ရာဆောက်လုပ်နေထိုင်ခြင်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စောမြသီတာသွင်
အမှတ်(၉၃၁)၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
ဖုန်း-၀၉၅၀၆၃၄၀၁၊ ၀၉-၇၃၀၁၄၂၄၉

ဆေးဝါးတက္ကသိုလ်၊ရန်ကုန်(၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သော စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၁/၂၀၁၃)သင်တန်း (ဘွဲ့ရ) စာမေးပွဲ အောင်မြင်သူများ(နောက်ဆက်တွဲစာမေးပွဲအပါအဝင်)နှင့် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဆေးဝါးမဟာ သိပ္ပံဘွဲ့အတွက် ကျမ်းကြီးကို ပြုစုတင်သွင်း ခုခံဖြေဆိုပြီးသူများ လျှောက်ထားနိုင်သည်။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်သင်ကြားရေးဌာနစိတ်တွင် တောင်းယူပြီး ပြည့်စုံစွာ ဖြည့်စွက်လျက် ၆-၂-၂၀၁၄ရက်မှ ၁၅-၂-၂၀၁၄ရက်အတွင်း လျှောက်ထားကြရမည်။

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့	-	၈-၃-၂၀၁၄ရက်(စနေနေ့)
အစမ်းလေ့ကျင့်မည့်နေ့	-	၇-၃-၂၀၁၄ရက်(သောကြာနေ့)
ဘွဲ့နှင်းသဘင်ကျင်းပမည့်အချိန်	-	နံနက် ၉နာရီ
ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ	-	ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီလက်ရှည် (နားရွက်ပေါ်) ဖြင့် ရိုက်ကူးထားသော (၂"× ၁½")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲပေးပို့ရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်းရမည်ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူသူများသည် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရမည်ဖြစ်သည်။

၃။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံးရှပ်နှင့်တိုက်ပုံ)၊ အနောက်တိုင်း၊ တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံဝတ်ဆင်ရမည်။ **သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။**

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မော်ကွန်းထိန်းရုံးခန်း(ဖုန်း-၉၆၉၉၈၇၇) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စန်းလှိုင်(မော်ကွန်းထိန်း)
ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

သမိုင်းဝင် ဦးသြဘာသကန်တော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်

မင်းဘူး ဖေဖော်ဝါရီ ၅

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို တန်ဖိုးထားတတ်သော မြန်မာတို့၏ ဓလေ့စရိုက်နှင့်အညီ နိုင်ငံအတွင်း ဒေသအသီးသီး၌ မိမိတို့၏ သမိုင်းဝင်ဘိုးဘွားအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်မှလည်း ကူညီပံ့ပိုးမှုများ ပေးလျက်ရှိသည်ကို တွေ့ရသည်။

မင်းဘူးမြို့၏ သမိုင်းဝင်အထင်ကရဖြစ်သော ဓာတ်တော်ကုန်းရှင်ပင်ချမ်းသာစေတီတော်ကြီးရှိ မင်းဘူးဆရာတော်ဦးသြဘာသ၏ ပိဋကတ်တိုက်တော်နှင့်အတူ ကန်တော်ကြီးကိုလည်း သမိုင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။ ယင်းကန်တော်ကြီးမှာ မြန်မာစာပေသမိုင်းတွင် အထူးထင်ရှားသော မင်းဘူးဆရာတော်ဦးသြဘာသကိုယ်တော်တိုင် ရေသုံးသပ်တော်မူခဲ့ပြီး သာယာလှပသော ကန်တော်ကြီးဖြစ်ကာ ခေတ်အဆက်ဆက် မင်းအဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြောင်းသိရသည်။ ၁၁၄၄ ခုနှစ်တွင် မင်းဘူးဆရာတော်ဦးသြဘာသသည် ဓာတ်တော်ကုန်းရှင်ပင်ချမ်းသာစေတီအနီးရှိ ပိဋကတ်တိုက်တော်တွင် သီတင်းသုံး၍ ဆန္ဒကုမာရဇာတ်တော်ကိုရေးသားရင်း ကန်တော်ကြီးတွင် မကြာခဏ ရေသုံးသပ်တော်မူခဲ့သည်။ ဆရာတော်ဦးသြဘာသသည် မြန်မာစာပေလောကတွင် အထူးထင်ရှားသော ဇာတ်တော်ကြီး (၁၀)ဘွဲ့အနက် သုဝဏ္ဏသာမဇာတ်တော်နှင့် ဘူရိဒတ်ဇာတ်တော်မှတစ်ပါး ကျန်ဇာတ်ကြီး ရှစ်ဘွဲ့ကို ရေးသားတော်မူခဲ့သော ကျမ်းတတ်ရဟန်းပညာရှိကြီးဖြစ်သည်။ မြန်မာစာပေသမိုင်းဝင် ဆရာတော်ဦးသြဘာသကို ဂုဏ်ပြုသောအားဖြင့် ပိဋကတ်တိုက်ကို ဦးသြဘာသပိဋကတ်တိုက်နှင့် ကန်တော်ကို ဦးသြဘာသကန်တော်ဟူ၍ အမည်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မင်းဘူးဦးသြဘာသကန်တော်ကြီးကို နောက်ဆုံးအကြိမ်ပြုပြင်ထိန်းသိမ်းခဲ့ပြီး ယနေ့ထက်တိုင် ဗေဒါ၊ ကြာပန်းနှင့် ငါး၊ ပုစွန်၊ လိပ်များဖြင့် သာယာလှပလျက်ရှိသည်ကို တွေ့ရသည်။

"ယခုလို ရွှေစက်တော်ဘုရားဖူးရာသီတွေမှာ ဦးသြဘာသပိဋကတ်တိုက်တော်နဲ့ မင်္ဂလာကန်တော်ကို လာရောက်လေ့လာသူများ များပြားပါတယ်၊ ဒီကန်တော်ကြီးကို ယခုထက်မက သန့်ရှင်းစင်ကြယ် သာယာလှပစေလိုပြီး မင်းဘူးဦးသြဘာသဆရာတော်ကြီးကို ဂုဏ်ပြုသောအားဖြင့် ဆရာတော်ကြီးရဲ့ ပုံတူရုပ်တုကို ကန်တော်ကြီးမှာ ထုဆစ်ပူဇော်ထားရင် ပိုပြီးကောင်းမယ်" ဟု သမိုင်းချစ်မြတ်နိုးသူတစ်ဦးက ပြောကြားသည်။

ခရိုင်/ပြန်ဆက်

နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၍ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှုကို အလေးထားနိုင်စေရန် ရည်ရွယ်၍ သွေးစည်းချစ်ကြည်ခေါင်းစဉ်နှင့် နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် ပြည်ထောင်စုနေ့ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး မှတ်တမ်းများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ စုစုပေါင်း မှတ်တမ်းဓာတ်ပုံ ၄၅၀ ခန့်နှင့် သုတ/ရသ စာအုပ်စုစုပေါင်း ၃၀၀ ခန့်ကိုဖေဖော်ဝါရီ ၃ရက်နှင့်၄ရက်တို့တွင် ပြသခဲ့ကြောင်း သိရသည်။

(၅၉၈)

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာတရားစီရင်ရေးကဏ္ဍ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၅

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၂ မှ ၂၀၁၆ခုနှစ်အတွင်း အမျိုးသမီးစီမံကိန်းအရ ဆောင်ရွက်ခဲ့သည့် တရားဥပဒေ၏ ဆောင်ရွက်ချက် တိုးတက်မှုကို အကဲဖြတ်သုံးသပ်ရန် တရားဥပဒေအရ ဆောင်ရွက်မှု၏ ကွာခြားချက်များတွင် ဦးစားပေးကဏ္ဍများကို ဖော်ထုတ်၍ အမျိုးသားစီမံကိန်းမှတစ်ဆင့် ဆောင်ရွက်ရန်၊ တရားဥပဒေအရဆောင်ရွက်မှုများ ဖော်ထုတ်၍ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအစိုးရ၏ နှစ်ပတ်လည်လုပ်ငန်း စီမံချက်တွင် ထည့်သွင်းရန် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ အမျိုးသားစီမံကိန်းဆောင်ရွက်မှုတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်မှုများအပေါ် ထိုအဖွဲ့အစည်းများမည်သို့ ပံ့ပိုးဆောင်ရွက်မည်ကို ဖော်ထုတ်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဥပဒေရေးရာနှင့်တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးရေး ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက အလုပ်ရုံဆွေးနွေးပွဲ ရည်မှန်းချက်များအား ရှင်းလင်းတင်ပြကာ AAPTIP တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲ လုပ်ငန်းစဉ်နှင့် မျှော်မှန်းရလဒ်များ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လူကုန်ကူးမှု တိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍနှင့် ဆက်နွယ်သော မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ်ဝင်းနိုင်ထွန်းက ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)



နေပြည်တော်မှာ
ဦးလှိုင်ဘွား ရှိတယ်
(Former Gazetted Officer)

လဝက/ကာကွယ်ရေး/ပြန်ကြားရေး ဦးစီးအရာရှိသင်တန်းများ
ထွေ/အုပ်၊ ဒု-ဦးစီး၊ ယဉ်ထိန်း-ဒုရဲအုပ် ရေးဖြေ၊ လူတွေ့ ပုံမှန်တန်းခွဲ/ အနီးကပ် တန်းခွဲ

J.H.A ရာထူးဝင်သင်တန်းများ ဖုန်း-၀၉-၄၉၂၀၁၉၈၈
ယောက်သွားအင်းမှတ်တိုင်၊ နေပြည်တော်လမ်းမကြီးဘေး

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည် (ပွဲစားမလို)

ပေ (၁၇×၅၀)အကျယ် မြေညီ(၂)ခန်းတွဲလျက်နှင့် ပထမထပ် (၁)ခန်း၊ စုစုပေါင်း(၃)ခန်း၊ မင်္ဂလာဈေးနှင့် ယုဇနပလာဇာအနီး၊ (၁၃၅)လမ်း၊ ဈေးနီး၊ ကျောင်းနီး၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လက်ကားဆိုင်ဖွင့်လှစ်ရန် အထူးသင့်တော်၊ (၃)ခန်းလုံးအခင်းကြွေပြားအပြည့်၊ နံရံကြွေပြားအပြည့်၊ မျက်နှာကြက် အလှဆင်ပြီး၊ မီးဖိုခန်းအဆင့်မြင့်ပြင်ပြီး၊ ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာ၊ အရှုပ်အရှင်းကင်း၊ လိုင်းဖုန်း(၁)လုံးပါ။ အသင့်ဝင်ရောက်နေထိုင် စီးပွားရေးလုပ်ကိုင်နိုင်ပါသည်။

(ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၀၈၆၅၇၉၊ ၀၉-၄၉၂၁၁၉၆၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈

ဒေါ်ကြူကြူခိုင်	နှင့်	၁။ ဦးအောင်ကောင်းစိန်
(၎င်း၏အခွင့်ရ		၂။ ဦးကြည်အောင်
ကိုယ်စားလှယ် ဦးမြင့်အောင်)		၃။ ဦးမောင်မောင်စိုး
		၄။ ဒေါ်ခင်ကြည်လှိုင်
(တရားလို)		**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၁၈)နေ (၂)တရားပြိုင်ဦးကြည်အောင် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ်(၁/၂/၃၉၃)နေ (၃)တရားပြိုင် ဦးမောင်မောင်စိုးနှင့် (၄)တရားပြိုင်ဒေါ်ခင်ကြည်လှိုင်(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက"ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီလ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်မာ)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးအမှုအမှတ်-၃၃

ဦးမျိုးဇော်ထွန်း	နှင့်	ဦးခင်မောင်စန်း
(တရားလို)		(တရားပြိုင်)

ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၆၈/၂)နေ ဦးခင်မောင်စန်း (ယခု နေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးဇော်ထွန်းက ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၄၉/၁၂တွင် လိမ်လည်၍မမှန်မကန်ရယူထားသော တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ညောင်တုန်းမြို့နယ်၌ ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်း

ပဲပေါ်ချိန်မှာ ဈေးကောင်းရဖို့ တောင်သူများမျှော်လင့်

ညောင်တုန်း ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆောင်းသီးနှံပဲအမျိုးမျိုး၊ နေကြာနှင့် ပြောင်းများ စိုက်ပျိုးအောင်မြင်ကြသည်။ ယခင်နှစ်များက မိုးနှောင်း (နောက်မိုး) ရွာသွန်းမှုနည်းပါးခြင်းကြောင့် မြေအစိုဓာတ်များ ဆုတ်ယုတ်ခြင်းနှင့် သဘာဝပိုးမွှား အန္တရာယ်များ ဖျက်ဆီးခြင်းရှိခဲ့ရာ ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းမှု နည်းပါးခဲ့သည်။

ယခုနှစ်မိုးနှောင်း(နောက်မိုး)ရွာသွန်းမှုကောင်းခဲ့သဖြင့် ညောင်တုန်းမြို့နယ်တွင် မိုးစပါးများရိတ်သိမ်းပြီး ဆောင်းသီးနှံများ စိုက်ပျိုးကြသည့် တောင်သူလယ်သမားများ သီးနှံများအောင်မြင်ဖြစ်ထွန်းကြ၍ ဝမ်းသာနေကြသည်။

ညောင်တုန်းမြို့နယ်၊ ဂုံမင်းဆိပ်ကျေးရွာမှ တောင်သူတစ်ဦးမှ ပြောပြရာတွင် "ကျွန်တော်တို့ ဂုံမင်းဆိပ်ကျေးရွာအုပ်စုဟာ ပန်းလှိုင်မြစ်ရဲ့ အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းကို ပန်းလှိုင်မြစ်ခြားနေပါတယ်။ မိုးအခါရေပြည့်နေပြီး မြစ်ရေများကျဆင်းသွားတဲ့အခါ ဆောင်းသီးနှံများ စိုက်လို့ပျိုးလို့ကောင်းတဲ့ မြေနုကျွန်းတွေဖြစ်လာပါတယ်။ ဒီနှစ်နောက်မိုး နောက်ရေကလည်းကောင်း၊ ဆောင်းရာသီအအေးကလည်း ပိုခဲ့တာဆိုတော့ မြေသားအစိုဓာတ်များကောင်းမွန်တာကြောင့် မတ်ပဲစိုက်ခင်း၊ ပဲတီစိမ်း၊ ပဲနောက်၊ ပဲလွန်းဖြူ၊ ပဲလွန်းနီနှင့် နေကြာစိုက်ခင်းများ၊ အထူးအောင်မြင်ဖြစ်ထွန်းနေကြပါတယ်။ ပဲပေါ်ချိန်မှာ ဈေးကောင်းရဖို့ ကျွန်တော်တို့ တောင်သူတွေက မျှော်လင့်နေကြပါတယ်"ဟု တလိုင်းတပ် ကျေးရွာမှ တောင်သူကြီး ဦးအောင်ခင်က ပြောပြကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု အဝေရာသုခမြေသားလမ်းသစ်ဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၃) ဝါဆိုရပ်ကွက် အဝေရာသုခမြေသားလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်အုန်းတို့က မြေသားလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဝေရာ သုခမြေသားလမ်းသစ်သည် အရှည်ပေ ၁၀၅၀ ရှိပြီး ပြည်ထာင်စုလွှတ်တော်ခွင့်ပြုငွေကျပ် ၁၉ သိန်းကုန်ကျကြောင်း သိရသည်။

ကျော်ကျော်(IPRD)

ခြင်ထောင်များ ထောက်ပံ့လှူဒါန်း

ခရမ်း ဖေဖော်ဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဆင်းရဲနွမ်းပါးသူများအား ခြင်ထောင်များ ထောက်ပံ့လှူဒါန်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ပြဟ္မစိုရ်ခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ပေးပို့လှူဒါန်းသည့် ခြင်ထောင်များရရှိမှုနှင့် ပေးဝေလှူဒါန်းမှုတို့ကို ရှင်းလင်းပြောကြားပြီး ခရမ်းမြို့နယ်ရပ်ကွက်ကျေးရွာ အသီးသီးရှိ ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စု ၁၂၀သို့ ခြင်ထောင်များကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

လူတိုင်းအသုံးပြုနိုင်ရေး ရည်ရွယ်ဖွင့်လှစ်

ဖျာပုံ ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ယခင်တွင် ဖွင့်လှစ်ရောင်းချခဲ့ဖူးခြင်းမရှိသော Omoto ၏ (၁၈)ဆိုင်မြောက် ဂျပန်ပစ္စည်းတစ်မျိုးလျှင် ကျပ် ၁၈၀၀ တန် အရောင်းဆိုင်ကို ဖျာပုံမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ၄ ရပ်ကွက် ပထမလမ်း၊ မြို့မဈေးကြီးရှေ့တွင် ဖေဖော်ဝါရီ ၃ ရက် နံနက်က စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။ (အောက်ပုံ)

ယခင်က ရန်ကုန်မြို့တွင်သာ ဖျာပုံမြို့ပြည်သူများ သွားရောက်ဝယ်ယူအားပေးနေကြသော ယခု Omoto 1800 KYATS SHOP PRODUCE BY JAPAN လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ယခုအခါ ဖျာပုံမြို့တွင် စိတ်ကြိုက်ဝယ်ယူအားပေးနေကြပြီဖြစ်သည်။ အဆိုပါအရောင်းဆိုင်မှပစ္စည်းများကို လူတန်းစားမရွေး အသုံးပြုနိုင်ကာ လူသုံးကုန်ပစ္စည်းအမျိုးမျိုးသည် ဂျပန်ပစ္စည်းအစစ်များဖြစ်ပြီး ဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်ခြင်း အထိမ်းအမှတ်အဖြစ် မေတ္တာလက်ဆောင်များပေးအပ်မည်ဖြစ်ကြောင်း၊ ပထမဆုံးဝယ်ယူအားပေးသော Customer ၁၅၀ အား Omoto Gift Voucher များ ပြန်လည်တုံ့ပြန်ပေးအပ်မည်ဖြစ်ကြောင်း ဖွင့်လှစ်ရောင်းချသည့်အချိန်မှစ၍အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသည့် ဂျပန်နိုင်ငံလုပ် လူသုံးကုန်ပစ္စည်းများကို လူတိုင်းအသုံးပြုနိုင်စေရန် စေတနာအရင်းခံနှင့် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(ဖျာပုံ)

ပြည်ထောင်စုအားမာန် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ ကျင်းပမည်

ပုဇွန်တောင် ဖေဖော်ဝါရီ ၅

(၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာ့ဗိမာန်စာကြည့်တိုက်ခန်းမ၌ "ပြည်ထောင်စုအားမာန်" နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်ထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၌ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ အေးချမ်းသာယာ ပြည်မြန်မာ မှတ်တမ်းဓာတ်ပုံများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာအုပ်၊ စာစောင်များစသည့်တို့ကို ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး(IPRD)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
(၄၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး
သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားဖိတ်ကြားခြင်း

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အင်္ဂပူမြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၃-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၃ နာရီ
နေရာ - "သုဂတောဓမ္မာရုံ"၊ စွယ်တော်မြတ်စေတီ(ရန်ကုန်)၊ မရမ်းကုန်းမြို့နယ်။

ဆက်သွယ်ရန်-၂၀၁၂-၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူပူးတွဲလျက် ၂၀-၂-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန်။

ဦးမြင့်အောင် (ဥက္ကဋ္ဌ) ဖုန်း-၀၉ ၅၁၅၉၁၄၄၊ ၀၁ ၉၆၆၆၃၅၂
ဦးသောင်းတင် (အတွင်းရေးမှူး) ဖုန်း-၀၉ ၇၃၀၁၁၂၈၀၊ ၀၉၇၃၂၁၄၆၃၁
သုဂတောဓမ္မာရုံ ဖုန်း-၀၁- ၆၅၆၂၀၇ တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

အထက(၂) တွံတေး
ယခင်မက်သဒစ်၊ အလက(မြို့မ)၊ ထ/ခွဲ
ကျောင်းသားကျောင်းသူဟောင်းများ၏
(၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

၎င်းကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး၊ ဆရာမကြီး (၇၇) ဦးတို့ကို ချစ်တပည့် ကျောင်းသား/သူဟောင်းများမှ (၁၂)ကြိမ်မြောက် ဂါရဝပြုပူဇော်မည့် "မြတ်ဆရာပူဇော်ပွဲ"သို့ အောက်ပါအစီအစဉ်အတိုင်း ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၂-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) (ပြည်ထောင်စုနေ့)
အချိန်။ ။ နံနက် ၉ နာရီ
နေရာ။ ။ ရတနာခန်းမ (အထက-၂၊ တွံတေး)

ဖိတ်စာများပေးပို့ထားပြီးဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်ဟောင်းများအား ၁၂-၂-၂၀၁၄ ရက် နံနက် ၇ နာရီတွင် ဒလမြို့ဆိပ်ကမ်းမှ ကားများကြိုဆိုမည်ဖြစ်ပါသည်။ အလှူငွေထည့်ဝင်လှူဒါန်းလိုသော ကျောင်းသား/သူဟောင်းများအနေဖြင့် ဦးတင်ဦး ဖုန်း-၀၉- ၅၃၉၆၁၂၆ ဦးမောင်ကို ဖုန်း-၀၉ ၅၃၉၆၃၀၇၊ ဦးအောင်သူ ဖုန်း-၀၉- ၅၃၉၆၂၁၁၊ ဦးမောင်မောင်ဦး ဖုန်း-၀၉ ၄၂၀၁၃၇၁၃၇၊ ဒေါ်ဝါဝါ ဖုန်း-၀၉ ၅၀၈၆၂၈၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ပူဇော်ပွဲသို့ မတက်ရောက်နိုင်ပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ အချိန်မီဆက်သွယ်ပါရန်)

ပူဇော်ပွဲကျင်းပရေးကော်မတီ



မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

(6-2)18.pmd 1 2/4/2014, 11:45 PM

ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မစိန်တံတားကြောင့် ပြည်သူတွေအကျိုးများ

တံတား အရှည် ၂၈၈ ပေ အကျယ်(၇)ပေ ကုန်ကျငွေကျပ်သိန်း၂၂၀ကျော်

ကလေး ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးဝမြို့နယ် မစိန်ကျေးရွာရှိ ကြိုးတံတားသည် နောက်ခံကျေးရွာများဖြစ်သည့် ကျေးရွာပေါင်း ၃၀ ဝန်းကျင်ကိုအကျိုးပြုနေသော ကြိုးတံတားဖြစ်ရာ ထိုကြိုးတံတားကြောင့် ကျေးရွာနေပြည်သူတို့၏ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာပြီဖြစ်ကာ လူနေမှုဘဝများ တစ်ဆင့်မြင့်လာပြီဖြစ်ကြောင်း မစိန်ကျေးရွာရှိ ဒေသခံများမှ ပြောကြားကြသည်။

"မစိန်ကြိုးတံတားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ ရက် တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဩဂုတ် ၇ ရက်မှာပြီးခဲ့ပါတယ်၊ တံတားရဲ့ အရှည်ကတော့ ၂၈၈ ပေရှိပြီး အကျယ်(၇)ပေရှိပါတယ်၊ မစိန်ဘက်ချဉ်းကပ်လမ်းကတော့ ၁၆၂ ပေရှိပြီး ကျောက်ဆင်ဘက်ချဉ်းကပ်လမ်းက ၁၁၇ ပေရှိပါတယ်၊ ကုန်ကျငွေတွေကို ကျေးရွာပြည်သူများနှင့် ဒေသအနီး အပြားမှ အလှူရှင်တွေစုပေါင်းပြီး လှူဒါန်းထားတာဖြစ်ပါတယ်၊ နိုင်ငံတော်မှလည်း ထောက်ပံ့ငွေတွေ ပေးခဲ့ပါတယ်၊ တံတားရဲ့ တန်ဖိုးကတော့ကျပ်သိန်း ၂၂၀ ကျော် ကုန်ကျခဲ့ပါတယ်"ဟု တံတားဆောက် လုပ်ရာတွင် ဦးဆောင်ပါဝင်ခဲ့သူ ဦးချစ်သန်းက ပြောသည်။

မစိန်ကြိုးတံတားမဆောက်ခင်ကဆိုရင် ချောင်းရဲ့တစ်ဖက်ကမ်းက ပြည်သူတွေက မစိန်ကျေးရွာဈေးကို ဈေးလာရောင်းကြမယ်ဆိုရင် နံနက် ၂ နာရီ ၃ နာရီလာကြရတယ်၊ နွေရာသီဆိုရင်တော့ အရေးမကြီးပါဘူး၊ မိုးရာသီများဆိုရင် ချောင်းထဲမျောပါကာ ချင်းတွင်းမြစ်အတွင်းရှိ ဝဲထောင့်ဝဲအတွင်းကို တစ်ခါတည်းရောက်သွားတော့တာ၊ ဒါကြောင့်မို့ ကျေးရွာနေပြည်သူတွေရဲ့ အခက်အခဲကို ဖြေရှင်းချင်တာကြောင့် ဒီကြိုးတံတားကြီးကို မဖြစ်မနေဆောက်လုပ်ခဲ့တာပါ"ဟု ၎င်းပုဂ္ဂိုလ်ကပင် ဆက်လက်ပြောပြသည်။

ယခုအခါ မစိန်ကြိုးတံတားကြောင့် ဒေသတွင်းနေ ကျေးရွာအုပ်စုများ သွားလမ်းသာလို့ လာလမ်းဖြောင့်တန်းနေကြပြီဖြစ်ကြောင်းသိရသည်။

လင်းလက်ကြယ်စင်

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လှည့်လည်နှိုးဆော်မှုများဆောင်ရွက်

အရာတော် ဖေဖော်ဝါရီ ၅

ပွင့်လင်းရာသီ ရောက်သည်နှင့် မြန်မာနိုင်ငံတစ်ဝန်း မီးပေါ့ဆမှုကြောင့် မီးလောင်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးနေကြရသည်။ ပြည်သူများ အမြဲသတိရှိနေကြရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့ မီးသတ်ဦးစီးဌာနမှ ဇန်နဝါရီ ၂၆ ရက်က မြို့တွင်းသို့ လှည့်လည်၍ မီးလောင်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်လုပ်ဆောင်ထားရှိရန် မီးသတ်ယာဉ်ဖြင့်သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ထိုသို့သတိပေးနှိုးဆော်ရာတွင် ပြည်သူများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ရေ၊ သဲ၊ ရေတဘက်၊ မီးချိတ်၊ မီးကပ်၊ လှေကားများ ဆောင်ရွက်ထားရှိပြီး မီးဖိုမီး၊ ဖယောင်တိုင်မီး၊ လျှပ်စစ်မီးစသည်တို့ပါမကျန် သတိထား ငြိမ်းသတ်ပြီးမှ အလုပ်သွားရန်၊ အိပ်စက်ကြရန်နှင့် မီးသုံးစွဲမှုကို သတ်မှတ်ထားသော အချိန်အတိုင်း သုံးစွဲကြရန် လိုအပ်ပါကြောင်း သတိပေးနှိုးဆော်နေလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းလျော့နည်းကျဆင်း ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုမရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

လှိုင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဖြစ် ခြင်ထောင်ဆေးစိမ်သရုပ်ပြခြင်းနှင့် ခြင်ထောင်များ ဆေးစိမ်ပေးခြင်းလုပ်ငန်းကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပေးနေကြောင်း ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် အမှတ်(၁၀)ရပ်ကွက် မာဃလမ်းစုရပ်၌ ခြင်ထောင်ဆေးစိမ် သရုပ်ပြခြင်း လုပ်ငန်းဆောင်ရွက်နေသော စည်ပင်သာယာကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောဆိုသည်။ **(အောက်ပုံ)**

"ကျွန်မတို့ရပ်ကွက်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအသင်းဝင်တွေက စည်ပင်သာယာ ကျန်းမာရေးဌာနနဲ့ ပူးပေါင်းပြီး ရေစည်၊ ရေကန်တွေကို အဘိတ်ဆေး ခပ်ပေးတယ်၊ ခြင်ဆေးမှုတ်ပေးတယ်၊ ခြင်ထောင်တွေ ဆေးစိမ်ပေးတယ်လေ"ဟု ယင်းရပ်ကွက်မှ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်တစ်ဦးက ပြောဆိုသည်။

ယင်းလုပ်ငန်းကို စည်ပင်သာယာကျန်းမာရေးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အထောက်အကူပြုအဖွဲ့တို့က ဦးဆောင်၍ မာဃလမ်းစုရပ်၌ ခြင်ထောင်အလုံး(၃၀)ကို ဆေးစိမ်ပေးခဲ့ကြသည်။ **(မောင်သုည)**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့နယ်စည်ပင်သာယာရေးမှ သန့်ရှင်းရေးဝန်ထမ်းများ မြို့နယ်ရပ်ကွက်များအတွင်း အမှိုက်သိမ်းယာဉ်ဖြင့် နေ့စဉ် သိမ်းဆည်းဆောင်ရွက်လျက်ရှိစဉ်။ **တင်မောင်ငွေ(သန်လျင်)**

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၁၆-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အနောက်ရွှေဂုံတိုင်လမ်း M3စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၃၆/ခ၊ မြေကွက်တည်နေရာအမှတ်(၁၃၆/ခ)၊ အင်းဝလမ်း (၂၀)၊ (၆)ရပ်ကွက်၊ တ/ဥ၊ (ဦးချစ်မောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်မောင်ကွယ်လွန်သဖြင့် ဒေါ်စန်း[၁၂/ဥကတ(နိုင်)၁၀၅၉၀၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ အမှတ်-၁၇၃၄၀(၁၇-၉-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမာ[၁၂/ဥကတ(နိုင်)၀၂၉၉၃၂]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၈၆၁၆(၃၀-၉-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အမည်မှန်

ဦးဖောကွန်နော်၏သား မြစ်ကြီးနားမြို့၊ အထက(၁)၊ သတ္တမတန်း(D)မှ မောင်ဖောကွန်တူးဂျာ၏အမည်မှန်မှာ မောင်မခေါ်တူးဂျာ ဖြစ်ပါသည်။

ရေသန့်သောက်သုံးနိုင်ရေး လှိုင်သာယာ၌ စီစဉ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်စည်ပင်သာယာအထောက်အကူပြုကော်မတီသို့ ကျပ်ငွေသိန်းတစ်ထောင် သတ်မှတ်ခွင့်ပြုရာ မြို့နယ်ရှိ ရပ်ကွက်(၂၀)ကျေးရွာအုပ်စု ကိုးစုမှ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၏ ရပ်ကွက်ကျေးရွာ ပြည်သူအများ ဦးစားပေး လိုအပ်ချက်ဆောင်ရွက်စေခဲ့ရာ အမှတ်-၁၃ ရပ်ကွက် မူလတန်းကျောင်း ၂၇ နှင့် ၂၈ ကျောင်းသား ကျောင်းသူများ သောက်ရေ

သန့်သောက်သုံးနိုင်ရေး ရေသန့်စက် တစ်ကျောင်း တစ်စုံနှုန်းဖြင့် တန်ဖိုးငွေကျပ်သိန်း(၂၀)ဖြင့် ဆောင်ရွက်ထားရှိရာသို့ မြို့နယ်စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ စစ်ဆေးခြင်းနှင့် ရေသန့်သောက်သုံးနိုင်ရေးဖွင့်လှစ်ပေးကြောင်း သိရသည်။

သန်းထွန်း(လှိုင်သာယာ)

ထွန်းသစ်လာသည့် စည်သာရွာ

ဖေသက်ထွန်း

ပခုက္ကူမှ ရေစကြို၊ မုံရွာ၊ မန္တလေး အသွားအပြန် အမြန်ကားလမ်းမကြီးဘေးရှိ စည်သာကျေးရွာသည် ရှေးရွာကြီးတစ်ရွာဖြစ်ခဲ့ပြီး ပုဂံနှင့်ပခန်းကြီးတို့ တိုးတက်စည်ပင်သာယာဝပြောစဉ် အချိန်ကတည်းက တည်ရှိခဲ့သော ရှေးဟောင်းရွာကြီးတစ်ရွာပင်ဖြစ်သည်။ ထိုတုန်းက အလောင်းစည်သူမင်းကြီး ဖောင်စကြာနှင့် လှည့်လည်ပြီး ရွှေတန်းတင့်၊ ဆင်ကြိုး၊ စည်သူရှင်နှင့် ရှင်မတောင် သာရကွန်ဘုရားရုပ်ပွားတော်များ တည်ခဲ့စဉ်တုန်းက ဆားတောင်းခဲ့ဖူးသော အတ္တုပ္ပတ္တိကို အကြောင်းပြုပြီး ' ဆားတောင်းရွာ'မှ ဆားတောင်ဟု အမည်တွင်ခဲ့ကြောင်း ပြောစမှတ်ရှိခဲ့ကြပါသည်။

ပခန်းသားများသည် ပွင့်လင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ အလုပ်ကို ဇွဲကောင်းကောင်းဖြင့် လုပ်ကိုင်တတ်ကြခြင်းများကြောင့် အထက်အညာဒေသ အောက်အကျေ ဒေသရှိသမီးရှင်များက သဘောကျလာတတ်ကြပြီး သူတို့သမီးများနှင့် ထိမ်းမြားလက်ထပ်ပေးတတ်ကြခြင်းများကြောင့် ကျွန်ုပ်တို့ရေစကြိုဒေသရှိ စည်သာကျေးရွာသည် တိုင်းရင်းသားအတော်များများစုံသည့် ကျေးရွာကြီး တစ်ရွာအဖြစ်တွေ့ရှိခဲ့ရသည်။

ငရုတ်ကြက်သွန်၊ပဲတီစိမ်းစသော ဒေသထွက်ရာသီကုန်များကောက်ကာ ပခုက္ကူ၊ မန္တလေး၊ ရန်ကုန်မြို့အထိ ရထား၊ ကားများနှင့် ဝယ်ရောင်းလုပ်ကိုင်လေ့ရှိကြသည်။ ယနေ့စည်သာရွာသည် နိုင်ငံတော်ကသတ်မှတ်ပေးခဲ့သည့် 'စံပြ'ကျေးရွာအဆင့်သို့ ရောက်ရှိခဲ့ပါသည်။

စည်သာစံပြကျေးရွာသည် အလယ်တန်းကျောင်းအဆင့်မှ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ် နိုင်ခဲ့ပြီး ကျောင်းသားဦးရေ တစ်ထောင်ခန့်အထိ ပညာသင်ကြားလျက်ရှိသည်၊ ဝန်းကျင်အနီးရှိ ရွာသစ်၊မြေဖြူ၊ ချောင်းဖျား၊ မင်းဂံ၊တောင်ဇင်၊ ငွေးချို၊ဆန်းသစ်၊ မောက္ကလန်၊ ရသာ၊ဘုမ္မကျေးရွာများရှိ ကျောင်းသား ကျောင်းသူများအတွက် အားထားရာဖြစ်ခဲ့သည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စည်သာစံပြအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၈၆ဦး ဝင်ရောက်ဖြေဆိုရာ ၃၇ဦးအထိအောင်မြင်ခဲ့ပြီး ရေစကြိုမြို့နယ်၌ အောင်ချက် အကောင်းဆုံးဖြစ်လာခဲ့သည်။ စည်သာစံပြကျေးရွာတွင် ငါးရက်တစ်ဈေးကို စည်သာ၊ ဆင်ချောင်း၊ ပခန်းနှင့် ကိုရင့်ရွာတို့တွင် တစ်လှည့်စီခင်းကျင်းရောင်းချပြီး ဈေးပိတ်ရက်အဖြစ် တစ်ရက်ထားရှိပေးသည်။ လျှပ်စစ်မီးများရရှိထားခြင်းကြောင့် အိမ်တိုင်းအဆင်ပြေသည် ယခင်က တောင်အစိတ်သုံးဆယ်နက်သော လက်ငင်ရေတွင်းများကို ပိုက်ချပြီးစက်ဖြင့် ရေတင်ကြသည်။ တီဗွီတိုင်များ အိမ်တိုင်းလောက်တပ်ဆင်ထားကြပြီး နေ့ညဉ့်အချိန်တိုင်း တီဗွီကြည့်နိုင်လာကြသည်။ အစိုးရက တစ်ရွာလျှင်တစ်လ ခုနစ်လုံး၊ ရှစ်လုံးချပေးထားသော လက်ကိုင်ဖုန်းများကြောင့် လည်း အထက်အညာအောက်အကျေမှ နိုင်ငံရပ်ခြားများအထိ ဖုန်းဖြင့် အချိန်မရွေးဆက်သွယ်နိုင်ခဲ့ကြသည်။ ကျေးရွာရှိ စေတနာရှင်များ ထည့်ဝင်လှူဒါန်းသောငွေဖြင့် လေးပင်သုံးပင် ရွာသူရွာသားများအား စီးပွားရေးပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုကို မြင့်မားစေသည်။ စာအုပ်များလည်းစုံသည်၊ ဂျာနယ်များလည်းစုံလင်သည်၊ စာကြည့်တိုက်ကို စနေ၊ တနင်္ဂနွေနေ့များနှင့် ညနေရောက်တိုင်း ဖွင့်ပေးသည်၊ ထိုစာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တကေသရ အဘိဇမဟာရဋ္ဌဂုရုဆရာတော်ကြီးကိုယ်တိုင် ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်ပြီး စာအုပ်များလည်း လစဉ်ပေးပို့ လှူဒါန်းလျက်ရှိသည်။ ထို့ကြောင့် အသစ်အဆန်းစာအုပ်များကို အမြဲတမ်းဖတ်ရှုကြရပေသည်။

ရေစကြိုမြို့နယ်ရှိ စည်သာကျေးရွာသည် လျှပ်စစ် အိမ်မီး၊ လမ်းမီးများဖြင့် ထိန်ထိန်လင်းနေပြီးလက်ကိုင်ဖုန်း ကြိုးဖုန်းများ၊ တီဗွီများ၊ ဗီဒီယိုရုံများ၊မော်တာတင်စက် ရေတွင်းများ၊ စာသင်ကျောင်း၊ဈေး၊ရထားလမ်း၊ ကားလမ်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ဘုရား ကျောင်းဇရပ်၊ သိမ်နှင့် တိုက်အိမ်များဖြင့် စုံလင်လှသည်ဖြစ်၍ ယနေ့ခေတ်တွင် ထွန်းသစ်လာခဲ့သော 'စံပြ'ကျေးရွာကြီးတစ်ရွာအဖြစ် ရပ်တည်လာနိုင်ခဲ့ပြီဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရပေသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားတည်ဆောက်

ရေဦး ဖေဖော်ဝါရီ ၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်က ချပေးသည့် ကျပ်သိန်းတစ်ထောင်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့တွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၂ အုပ်စုသို့ ထောက်ပံ့ငွေ ၁၅ ရာခိုင်နှုန်းကို လွှတ်တော်ကိုယ်စားလှယ်များရုံး၌ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဝင်များထံသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေဖြင့် ရေဦးမြို့နယ်၊ တူမောင်းကျေးရွာ အုပ်ချုပ်ရေးမှူးဦးအေးနှင့် ကျေးရွာဖွံ့/ထောက် ကော်မတီဝင်များက ကျေးရွာချင်းဆက် သံကူကွန်ကရစ်လမ်းတံတား အရှည် ၁၈ပေ၊ အကျယ် ၁၀ပေရှိ တံတားကို ဆောက်လုပ်လျက်ရှိသည်။ ထိုတံတားပြီးစီးသွားပါက တူမောင်း၊ ဝသဲ၊ ဆပ်သေ၊ ရွာထောင်၊ ရွာသာယာ၊ ချောင်းရိုး၊ ကုန်းရိုးကျေးရွာများသို့ အလုံးစုံ အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

သန်းထိုက်(ရေဦး)

ဒလ၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

ဒလ ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍(၆၇) ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဖလားအမျိုးသား ဖူဆယ်ပြိုင်ပွဲကို ကမာကသွယ်ရပ်ကွက်ရှိ ဗိုလ်တေဇ အားကစားပြိုင်ဝင်းအတွင်း ကျင်းပရာ ပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က စတင်ကျင်းပခဲ့ပြီး တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပပေးလျက်ရှိကြောင်းရှိသည်။

ယင်းပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက် ၂၀မှ အသင်း ၂၀နှင့် ကျေးရွာတစ်ရွာမှ တစ်သင်း စုစုပေါင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မင်းရဲမာန်(နေပြည်တော်)

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များ အထူး
ရောင်း/ဝယ်
09 - 73005053
09 - 5122010

မြေးအဖြစ်
သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း

ကျွန်မ၏မြေးဖြစ်သူ မောင်နွေဦး[၁/ပကန(နိုင်)၂၀၆၇၉၇]သည် အဘွားဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် မြေးအဖြစ် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

အဘွား
ဒေါ်ညွန့်ရီ
(MHA-151095)
မြို့မရပ်ကွက်
မြစ်ကြီးနားမြို့

အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲ ကျင်းပမည်

နိုင်ငံတော်အစိုးရမှ ၂၀၁၃ ခုနှစ်၊ လွတ်လပ်ရေးနေ့၌ ဆက်ကပ်လှူဒါန်းခဲ့သည့်
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသော
မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ခရမ်းမြို့၊ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်
မဟာနာယက

ဘဒ္ဒန္တကေသရာဘိဝံသ(B.A,Myanmar)

(သ-စ-အ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

ဆရာတော်အရှင်သူမြတ်အား ပူဇော်သည့် ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားကို
အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ပူဇော်ပွဲကျင်းပမည့်နေ့ရက်

(၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂၊ ၁၃၊ ၁၄ရက်) (၁၁၊ ၁၂၊ ၁၃-၂-၂၀၁၄)ရက်

ပူဇော်ပွဲကျင်းပမည့်ဌာန

ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

ပူဇော်ပွဲကျင်းပရေးကော်မတီ

ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၆၈၁၀၁၂၅၊ ၀၅၆-၃၀၀၇၁

မင်္ဂလာ

ဒေါ်သီတာ ဦးအောင်ဆေး

ပျောက်ဆုံး

ကျွန်တော် ဦးရွှေမိုး[၁၃/တကန(နိုင်)၀၀၆၈၉၉]၏ PP အမှတ် M ၄၂၅၇၀၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၃၂၁၇၂

GL

- Feb 18
- Feb 12
- Feb 12
- Feb 12

ရောင်းရန်ရှိသည်

CAR AUTO SERVICE CENTREသုံး(ပစ္စည်းအစုံ)အား သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းရန်ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၆၆၆၉၂၊ ၀၉-၅၁၆၆၆၉၄

အထက-ပြင်ခရိုင်(ပထမ)အကြိမ်
မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ပြင်ခရိုင်)ကျောင်းတော်ကြီး၏ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တပည့်များက မြတ်ဆရာပူဇော်ပွဲကို ၂၆-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) အထက(ပြင်ခရိုင်)တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အနယ်နယ်အရပ်ရပ်မှ တပည့်ကျောင်းသား/သူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ အလှူငွေထည့်လိုသူနှင့် အကြံပြုလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ပညာဘဏ်၊ အမှတ်(၂၀)၊ ဈေးချောင်းလမ်း၊ ပုသိမ်မြို့တွင် ၂၅-၃-၂၀၁၄ရက် (အင်္ဂါနေ့)အရောက် ဆရာကြီး၊ ဆရာမကြီးများ သတင်းပို့ စုဝေးရောက်ရှိပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်		ပုသိမ်		ပြင်ခရိုင်	
ဦးအဂ္ဂဝံသ	ဖုန်း-၀၉-၇၃၁၁၁၃၆၅	ဦးတင်ထား	ဖုန်း-၀၉-၄၉၇၂၀၆၄၅	ဦးဝင်းကျော်	ဖုန်း-၀၉-၄၉၀၀၂၂၈၆
ဦးဝင်းကို	ဖုန်း-၀၉-၈၆၁၄၈၄၇	ဦးသက်နိုင်ဦး	ဖုန်း-၀၉-၂၅၀၂၃၁၉၀၅	ဦးဇော်မင်းဦး	ဖုန်း-၀၉-၄၉၇၃၆၁၉၄
ဒေါ်မိမိခိုင်	ဖုန်း-၀၉-၅၀၃၆၁၀၃	မရှုပါလီ	ဖုန်း-၀၉-၅၂၀၀၉၄၇	ဒေါ်လဲ့လဲ့	ဖုန်း-၀၉-၄၉၇၃၂၂၃
ဒေါ်ခင်စိုးသင်း	ဖုန်း-၀၉-၅၀၈၃၆၁၃	ဦးမျိုးထွေး	ဖုန်း-၀၉-၅၂၀၂၈၈၃	ဒေါ်ခင်သက်မော်	ဖုန်း-၀၉-၄၉၇၃၆၁၁၈
		မချိုချိုခိုင်	ဖုန်း-၀၉-၈၆၃၂၄၇၇	ဒေါ်မိမိစိမ်း	ဖုန်း-၀၉-၈၅၅၂၅၁၃

Konica ဧချာရာ
Wedding Dress & Photo Studio

ဘွဲ့ဓါတ်ပုံ
ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင်အတွက်
ကြိုတင်စာရင်း ပေးသွင်းနိုင်ပြီ။

ဒီလောက်ကြီးမားနေတာ ဘာလို့မအောင်မြင်သေးတာလဲ။
ကိုယ်ဘာတွေလိုအပ်နေလဲ ပြန်လည်ဆန်းစစ်ဖို့သင့်နေပါပြီ။

သင်ထင်ပေါ်ကျော်ကြားမှာလား

နှင့်ဗေဒင်ပညာ
ထွက်ပါပြီ
ဒေါက်တာဒဂုန်ခင်သင်း

MCCJ

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း
DIPLOMA IN COMPUTER ARTS (Dip.CA)

Specialized in "Character Animation & Advanced Media"

Semester (1,2)
- Graphic Production for Exporting any Media
- Video/Audio Production, Motion Graphics & Visual Effects
- Character Animation & Advanced Media

Specialized in "Multimedia & Infocom Technology"

Semester (1,2)
- Graphic Production for Exporting any Media
- Rich Media Content Creation, Interactive TV & Streaming Video
- Multimedia & Information Communication Technology

ပျောက်ဆုံး

ဦးအောင်ချိန် [၁၂/မရက(နိုင်)၀၅၅၈၂၅]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးပါ၍ တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း-၀၉-၇၃၀၁၄၀၆၁

အမြန်ရောင်းမည်

ပေ(၃၀×၆၀)၊ ၂ထပ်တိုက် လုံးချင်း Ph,AC 3လုံး၊ မြနန္ဒာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း
(ဘိုးဘွားအမည်ပေါက်)

ဖုန်း-၀၉-၈၅၉၃၁၃၃
၀၉-၄၂၀၀၁၆၈၆၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၅ဃ/၈၈၀၆)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကံ့ကော်ရွှေပြည်

B.A ,H.G.P , R.L.D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)

မဟာလ

၂၀၁၄ - ၂၀၁၅

အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/H၊ လူနေရပ်ကွက်-နံ့သာကုန်း၊ မြေကွက်အမှတ်-**၂/ဃ၆၂ဃ၇/၄+၂င၃(အေ)**၊ ဧရိယာ(၀.၁၇၃)ဧကရှိ အမှတ်(၂၃/ဒီ)၊ မင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်ဟု ခေါ်တွင်သော မြေပိုင်မြေကွက်ကို ဒေါ်ဥမ္မာမော်[၁၂/လမန(နိုင်)၀၆၃၂၅၀] ပိုင်ဆိုင်ပါသည်။ ၎င်းမြေကွက် နှင့်စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များ၊ **(၂/ဃ၅+၂/င၄ မြေကွက်)**လမ်းမြေဝင်ထွက်ခွင့်(ရာသက်ပန်)အပါအဝင်ကို ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများရှိပါက ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ
B.Sc,D.A,R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၃၆)
အမှတ်-၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/စီ၊ မြေကွက်အမှတ်-ယခ၁၀၈/က၊ ယခု-၉၃၊ မြေကွက်တည်နေရာအမှတ်(၂၄၆)၊ ဝိသာခါလမ်း၊ပေါက်တောရပ်ကွက်၊ အင်းစိန်၊ (ဒေါ်စု၊ မောင်လှမောင်)အမည်ပေါက် B မြေပိုင်မြေအား အမည်ပေါက် ဒေါ်စု (အပျိုကြီးဘ၀) ကွယ်လွန်၊ မောင်လှမောင် ကွယ်လွန်ဇနီးဖြစ်သူ ဒေါ်ကြည်ညွန့် ကွယ်လွန်သဖြင့် ဒေါ်စောရှင် [၁၂/အစန(နိုင်)၀၁၀၃၈၂]က တူမ၊ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးစိန်မိုး(နတ်မောက်)
စာရင်းကိုင် (၁)ငြိမ်း(ဆောက်လုပ်ရေး)

ကျေးဇူးရှင်အစ်ကိုကြီး ကွယ်လွန်သွားသည်မှာ ၆-၂-၂၀၁၄ရက်တွင် (၁)နှစ်ပြည့်သော်လည်း အစ်ကိုရဲ့ ကျေးဇူးတွေကို တစ်နေ့မှမေ့မရပါ။ အစ်ကိုအား ရည်မှန်း၍ လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှု မှန်သမျှ အမျှဝေလိုက်ပါသည်။ အမျှ-အမျှ-အမျှ--

ကျန်ရစ်သူ
ဦးမောင်မောင်မြ-ဒေါ်နွယ်နီသိန်း
နှင့်သား သမီးမြေးတစ်စု

(၃) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

[illegible]

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတိလောက
သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊သန္တာ(၁၅)လမ်း၊ မာရ်အောင်ကျောင်းတိုက်၊ နတ်မောက်ကျောင်းကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူ၍ ဦးသုန္ဒရ၊ ဦးဓမ္မ၊ ဦးပညာဇောတ၊ ဦးဉာဏုတ္တရတို့၏ ဥပနိဿယျဆရာတစ်ဆူဖြစ်တော်မူပြီး ခမည်းတော် ဦးသာအိ-မယ်တော် ဒေါ်ရွှေခင်တို့၏သားသည် (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်) ၃၁-၁-၂၀၁၄(သောကြာနေ့) ည၈း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၇ရက်) ၆-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် မူလစံကျောင်းရှိရာ နတ်မောက်ကျောင်းမှ ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

"အထူးဝမ်းနည်းကြေကွဲခြင်း"

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

ဦးကျော်စိန်

အသက် (၇၅)နှစ်

(စိန်ပေါင်မ်ကျောင်းသားဟောင်း)

ဦးကျော်မင်းထွန်း (Managing Director- SolaRiseSys Company) ၏ ဖခင်ဖြစ်သူ ဦးကျော်စိန် အသက် (၇၅)နှစ်သည် ၁-၂-၂၀၁၄ ရက်၊ စနေနေ့ည ၈ နာရီ ၅၅ မိနစ်အချိန်တွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူး ကြေကွဲ ဝမ်းနည်း ရပါသည်။

SolaRiseSys Company ဝန်ထမ်းများ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် သိန်းဇော်[၁၂/ရကန(နိုင်)၀၄၉၉၃၄]၏ ပါမစ်လက်မှတ် နံပါတ်-၀၉၇၂/၂၀၀၈၏ ပါမစ်လက်မှတ်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၁-၅၈၁၄၅၁**

ကျေးဇူးဆပ်ပါမည်

ကိုစိုးအေး[၁၄/ပသန(နိုင်)၁၆၁၀၅၁] ပါမစ် မွမ်းမံလက်မှတ် ကီလို၀ါ (၁၀၀၀)လက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၄၆၂၄၂၂

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
ဦးမြင့်သိုက်
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေး ဥယျာဉ်အိမ်ရာ Blocks 28, No 2 နေ (ဦးတင်စိန်)-ဒေါ်လှလှတို့၏သား၊ ဒေါ်သန်းသန်းနွယ်၏ ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် (ရာ-၁၉၉၆) သည် ၂-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၄ရက်တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဦးမြ အသက်(၉၃)နှစ်

[illegible] (၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) ညနေ (၄း၅၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mr. Virawat Cholvanich
Management & Staff of STFE Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးမြ အသက်(၉၃)နှစ်

[illegible] (၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) ညနေ (၄း၅၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဦးမြ အသက်(၉၃)နှစ်

[illegible] (၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) ညနေ (၄း၅၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mr. Upakit Pachariyangkun
Management & Staff of Andaman Power and Utility Co. Ltd.

ဒေါ်ခင်ဦး(ခ)အပါး (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်-ဒေါ်တင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးလှဘို-ဒေါ်အေးရွှေ)တို့၏ သမီးချွေးမ၊ တိုက်(D)၊ အခန်း(၆)၊ ရွှေသရဖီရိပ်မွန်၊ ကမာရွတ် မြို့နယ်နေ [ဦးစိုးလှိုင်(Chief Engineer)]၏ ချစ်လှစွာသောဇနီး၊ ကိုသူရအေး မင်း-မမိုးမိုးလှိုင်၊ ကိုဖြိုးမြင့်မောင်(ခ)ဖိုးသား (ရွှေရည်ဝင်းရောင်းဝယ်ရေး၊ ယုဇနပလာဇာ)-မသီသီအောင်၊ ကိုအာကာယုမောင်-မနီနီလှိုင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၄-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

တစ်လပြည့်ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဟန် (ပဲခူး)
အသက်(၉၁)နှစ်
ရာသက်ပန်ဥက္ကဋ္ဌကြီး၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာ

ပါမောက္ခ ဒေါက်တာဝင်းနိုင် [ပါမောက္ခ၊ ဌာနမှူး၊ အသည်းရောဂါပညာဌာန၊ (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့]-ဒေါ်နီလာခင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးသိန်းဟန် (ပဲခူး) ကွယ်လွန်သည်မှာ တစ်လပြည့်မြောက်ပြီဖြစ်ပါ၍ ဆရာကြီးမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Incepta Pharmaceuticals Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသာကျော်ဝေ(စစ်တွေ)
အသက်(၈၈)နှစ်

ဦးထွန်းအောင်ကျော်-ဒေါ်ဝေသာတို့၏သား ဦးသာကျော်ဝေသည် ၂၃-၁-၂၀၁၄ရက်တွင် USA, Hawaii ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့်ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်(၁၆)၊ အခန်း(၃၀၂)နှင့် အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်သူဟုဆိုသူ ဒေါ်စန်းစန်းတင့်[၁၂/လမန(နိုင်)၁၂၆၆၂၃]ထံမှ ကျွန်မ ဒေါ်သင်းသင်းခိုင်+၁ ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ဤကြော်ငြာပါရှိပြီး(၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေမျိုးထွေး[၉/မနတ(နိုင်)၁၀၅၂၀၇]
ဒေါ်သင်းသင်းခိုင်[၁၂/မရက(နိုင်)၁၃၈၃၁၅]
ဖုန်း-၀၉-၄၃၀၃၀၈၂၃

[illegible]

ဒေါ်လှမြိုင်(တောင်သာ)
အသက်(၉၅)နှစ်

တောင်သာမြို့နေ(ဦးကံန-ဒေါ်အိမ်ကြွယ်)တို့၏သမီး၊ မော်ဘီမြို့၊ ကြက်ဖြူကန်ကျေးရွာနေ(ဦးဘဒင်)၏ဇနီး၊ ဦးမျိုးမြင့်-ဒေါ်တင်တင်မြင့်၊ ဦးမျိုးတင့်-ဒေါ်ခင်နှင်းပန်း၊ ဦးအောင်သိန်း-(ဒေါ်တင်တင်နွယ်)၊ ဦးမျိုးခန့်-ဒေါ်ခင်ညိုဝင်း၊ ဒေါ်ခင်ပြုံးချို ဦးသိန်းဝင်း-ဒေါ်ခင်မေစီ၊ ဦးမျိုးဝေ-ဒေါ်မြင့်မြင့်စန်း၊ ဦးမျိုးဝင်း-ဒေါ်ငွေငွေရီ၊ ဦးမျိုးထွန်း-ဒေါ်ကေသီသန်းလှ၊ဦးဝင်းမောင်-ဒေါ်တင်တင်မျိုး၊ ဦးမျိုးနိုင်-ဒေါ်အမာရီတို့၏မိခင်၊ မြေး ၂၀ယောက်၊မြစ်၁၀ယောက်တို့၏အဘွားသည် ၃-၂-၂၀၁၄(တနင်္လာနေ့) ည ၁၀း ၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်ဝင်း (၈၃)နှစ်
(သန်လျင်)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊အေးရိပ်မွန်(၄)လမ်း၊ အမှတ်(၂၀၈)နှင့် သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ အမှတ် (၆၆)၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ ဒေါ်သိန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းသိန်း၊ ဦးဝင်းအောင်၊ ဦးဝင်းမြင့်၊ ဦးဝင်းညွန့်၊ ဒေါ်ရီရီတင်၊ ဒေါ်ရီရီခိုင်တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(သန်လျင် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
ဦးသန်းတင် (၆၇)နှစ်
(လ/ထ မန်နေဂျာ-ငြိမ်း၊ ဝယ်/ဖြန့်)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
အသင်းဝင်(၀၅၃၅)

ရန်ကုန်မြို့၊ (၃၇)လမ်း၊ အမှတ်(၈၈) နေ ဦးသန်းတင်သည် ၃၀-၁-၂၀၁၄ ရက်တွင် ကွယ်လွန်ပါသဖြင့် ၁-၂-၂၀၁၄ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဗညားမွန် @ Teddy Chit Htwe
အသက်(၇၂)နှစ်

ပုသိမ်မြို့ ABM ကျောင်းအုပ်ကြီး (ဦးချစ်ထွေး-ဒေါ်မမ)တို့၏မြေး၊ ရန်ကုန်မြို့နေ ဦးသာထွန်း-[ဒေါ်ကြူးရင်(ဘူဒီ)]တို့၏သား၊ ဒေါ်သဇင်သာထွန်း - ဒုတိယဗိုလ်မှူးကြီးအောင်ချစ်(တပ်မတော်-ရေ-ငြိမ်း)၊ ဒေါ်ဆွေဆွေသာထွန်း-ဦးအောင်ဘကြူး(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)၊ ဦးမောင်မောင်သာထွန်း(ရေကြောင်းအင်ဂျင်နီယာ)-ဒေါ်မီမီခိုင်၊ ဒေါ်ချယ်ရီသာထွန်း (Swinburne University of Technology, Malaysia)၊ ဒေါက်တာစုစုသာထွန်း (UN, Myanmar) တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးဗညားမွန် @ Teddy Chit Htwe သည် ၃-၂-၂၀၁၄ရက် ည ၁၀း၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့)နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ညီအစ်ကိုမောင်နှမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးအောင်တင်(ခ)ရော်ရောင်ပင်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာ(၄)လမ်း၊ အမှတ်(V-56)နေ (ဦးယုဘွန်-ဒေါ်ရှုပွေး)တို့၏ သားကြီး၊ (ဦးချုလွင်-ဒေါ်ကျင်ရန်) တို့၏သားသမက်၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်း၊ (ဒေါ်ဝါဟာ)၏မောင်၊ ဦးမောင်မောင်ဟန်-ဒေါ်သူဇာကြည်(USA)၊ (ဦးမောင်မောင်ခွန်း)-ဒေါ်စန်းရီမြိုင်(USA)၊ ဦးမြင့်သိန်း-ဒေါ်ဘင်ဟာ၊ (ဦးမောင်မောင်စိန်)-ဒေါ်မိမိ၊ ဦးမောင်မောင်အေး-ဒေါ်စန်းစန်းရီ ဦးအောင်ချို-ဒေါ်ခင်ခင် ဝင်း၊ ဦးတင်ဦး-ဒေါ်ခင်ခင်ရီတို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးအောင်တင်သည် ၄-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝင်း(ဘရိတ်ဦးဝင်း)
အသက်(၇၇)နှစ်

အုတ်ဖိုမြို့နယ်၊ မကျီးပင်ကျေးရွာနေ (ဦးချမ်းသာ-ဒေါ်ဟုန်)တို့၏သားထွေး၊ တွံတေးမြို့နယ်၊ ခရမ်းဝကျေးရွာနေ (ဦးကျော်ရှိန်)-ဒေါ်ညွန့်မေတို့၏သားသမက်၊ ဒေါ်တင်အေး၏မောင်၊ မော်ဘီမြို့နယ်၊ပိတောက်(၂)လမ်း၊ အမှတ်(၅၁၅)နေ ဒေါ်မြဝင်း၏ခင်ပွန်းသည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၅၁၊ ဇေယျာသုခလမ်း၊ စမ်းချောင်းမှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
ဦးဝင်းခန့်ဦး(ခ)အော့ဂျော့
အသက်(၄၂)နှစ်
ဒေါ်ရှမ်းမနှင့်သားများ ပရိဘောဂ (တာမွေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးမောင်မောင်ဦး)-ဒေါ်ကျင်လွမ်(ခ)ဒေါ်ရှမ်းမ (ဒေါ်ရှမ်းမပရိဘောဂ)တို့၏သားလတ်၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၃)လမ်း၊ အမှတ်(၉၆၆)နေ (ဦးထွန်းကြည်)-ဒေါ်ကျင်အေးတို့၏သားသမက်၊ ဦးကျော်မင်းဦး-ဒေါ်ခင်စိုးမိုးတို့၏ညီ၊ ဦးကျော်ထင်ဦး-ဒေါ်နီနီဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၉၆)၊သမိန်ဗရမ်းလမ်း၊ (ဒေါ်ရှမ်းမနှင့်သားများပရိဘောဂ)နေ ဒေါ်လှလှထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သော်ဇင်မင်းခန့် [GRADE-7 A၊ အထက (၂)ဗဟန်း]၊ မထက်နဒီဦး (GRADE-4) သပြေ (အမက-၃၊ မူလွန်၊ ဗဟန်း) တို့၏ချစ်လှစွာသောဖခင်သည် ၄-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၇း၃၅နာရီတွင် ရန်ကုန်မြို့ SSC(ရွှေဂုံတိုင်)ဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြမြ(ခ)ဒေါ်တူးမာ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ တိုက်(၈)၊ မြေညီထပ်(ခေါင်းရင်းခန်း)၊ ယုဇနလမ်း၊ ရေကျော်ရပ်နေ (ဦးဘသစ်-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးမြင့်သိန်း)-ဒေါ်မြင့်မြင့်မေတို့၏ ညီမ၊ ဦးလှသိန်း-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးစိုးညွန့်)-ဒေါ်ခင်စန်းရီတို့၏ အစ်မ၊ ဦးခင်မောင်သန်း (မြန်မာ့ရေနံ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းဦး-ဒေါ်အေးအေးမြင့်၊ (ဦးသန်းအေး)၊ ဦးအောင်သိန်း-ဒေါ်နွယ်နီသန်း၊ (ဦးသန်းနိုင်)၊ (ဦးသန်းဝေ-ဒေါ်သင်းသင်းခိုင်)၊ (ဦးခင်မောင်ထွန်း)-ဒေါ်လွင်လွင်သန်း၊ ဒေါ်သူဇာသန်းတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၃-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဗညားမွန် @ Teddy Chit Htwe
အသက်(၇၂)နှစ်

ပုသိမ်မြို့ ABM ကျောင်းအုပ်ကြီး (ဦးချစ်ထွေး-ဒေါ်မမ)တို့၏မြေး၊ ရန်ကုန်မြို့နေ ဦးသာထွန်း-[ဒေါ်ကြူးရင်(ဘူဒီ)] တို့၏သား၊ ဒေါ်မေမီအောင်-ဦးအောင်ခိုင်ဇော်၊ ဦးအုပ်စိုးအောင်-ဒေါ်ထားဝတ်ရည်၊ ဦးထွန်းဘကြူး-ဒေါ်ပန်းအိဖြူ၊ ဦးမော်သာထွန်း၊ ဒေါ်ဟေမာဘကြူး၊ ဒေါ်ရင်ရင်သာထွန်း၊ ဒေါ်မဥ္ဇူသာထွန်း၊ မဆုလေးမေသာထွန်းတို့၏ ချစ်လှစွာသော ဘကြီး ဦးဗညားမွန် @ Teddy Chit Htwe သည် ၃-၂-၂၀၁၄ရက် ည ၁၀း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

တူ၊တူမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးပြုံး (၉၃)နှစ်
(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၄၇နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ကိုကို
Managing Director
Taw Win Myint Mo Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)
ကြည်း/၁၁၂၃၈၊
စစ်တက္ကသိုလ် အမှတ်စဉ်(၉)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၇)နေ ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)သည် ၄-၂-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၉)
ကျောင်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြည်(အောင်ပန်း)
အသက်(၉၁)နှစ်

ဦးဌေးအောင် (သံအမတ်ကြီး၊ စင်ကာပူသမ္မတနိုင်ငံ)-ဒေါ်ခင်ခင်ဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြကြည်(အောင်ပန်း) အသက်(၉၁)နှစ်သည် ၃-၂-၂၀၁၄ ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်ဆွေ-ဒေါ်နီနီဝင်း
ခေတ်ဆန်း စိန်ရွှေရတနာဆိုင်
မကွေးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြည်(အောင်ပန်း)
အသက်(၉၁)နှစ်

ဦးဌေးအောင်(သံအမတ်ကြီး၊ စင်ကာပူသမ္မတနိုင်ငံ)-ဒေါ်ခင်ခင်ဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြကြည်(အောင်ပန်း) အသက်(၉၁)နှစ်သည် ၃-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Royal Myawaddy
မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြည်(အောင်ပန်း)
အသက်(၉၁)နှစ်

နှင်းဆီသွားဆေးခန်း (ရွှေဘုံသာလမ်း) အဖွဲ့ဝင် ဒေါက်တာဌေးကွန်း-ဒေါ်သီတာတို့၏မိခင်ကြီး ဒေါ်မြကြည် (အောင်ပန်း) အသက် (၉၁)နှစ်သည် ၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နှင်းဆီသွားနှင့်ခံတွင်း
အထူးကုဆေးခန်း(ရွှေဘုံသာ)မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးတင်မြိုင်(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နေ မဝတ်ရည်သောင်း၊ (ဗိုလ်ကြီး ဘုန်းကိုကို)၊ မောင်သူရကျော်တို့၏ဖခင်ကြီး ဗိုလ်ကြီးတင်မြိုင်(ငြိမ်း) အသက် (၈၅)နှစ်သည် ၁-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အန်တီလေး ခင်စောဝင်း(မိသားစု)
မန္တလေး

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။(တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာစားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စီမံထားသောအစာများ၊ ကျပ်တင်ထားသော အစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များအလွန်အကျွံစားခြင်းမှရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

ဒေါ်မြကျင်(ကြို့ပင်ကောက်)
အသက်(၇၈)နှစ်

ကြို့ပင်ကောက်မြို့၊ ပန်းတင်လမ်းနေ (ဦးတင်ညွန့်-ဒေါ်အေးကြည်)တို့၏ သမီး၊ အရှေ့ဒဂုံမြို့၊ အမှတ်(၁၁၁/က)၊ ကသစ်လမ်း၊ (၆) ရပ်ကွက်နေ ဦးဟံထွေး (မြန်မာ့မီးရထား-ငြိမ်း)၊ မန်နေဂျာ (သီရိစန္ဒာ ကုမ္ပဏီလီမိတက်)၊ ကြို့ပင်ကောက်မြို့နယ် အသင်းအမှုဆောင်၏ဇနီး၊ ဦးကြွယ်သန်း(မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်သက်မွန်တို့၏အစ်မ၊ ဦးသက်နိုင်-ဒေါ်သင်းသင်းမော် (မြန်မာ့ဆားလုပ်ငန်း)၊ ဦးဝင်းနိုင် (ဆေးသိပ္ပံပညာဦးစီးဌာန)-ဒေါ်ရည်ရည်မွန်(ဗဟိုစာရင်းအင်းအဖွဲ့)၊ ဦးကျော်မင်းနိုင် (အရာခံဗိုလ်)-ဒေါ်မော်မော်သက် (အလယ်တန်းပြဆရာမ)၊ ဦးသက်ခိုင်-ဒေါ်ခင်သီတာထွန်း၊ ဦးကျော်မင်းခိုင်-ဒေါ်ညိုညိုဟန် (မွေးရေ/ကျေးလက်ဝန်ကြီးရုံး)တို့၏ မိခင်၊ မြေး ၁၁ယောက်တို့၏အဘွား ဒေါ်မြကျင်သည် ၄-၂-၂၀၁၄ရက် ည ၉း၀၅ နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၂-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြကျင်(ကြို့ပင်ကောက်)
အသက်(၇၈)နှစ်

ကြို့ပင်ကောက်မြို့၊ ပန်းတင်လမ်းနေ (ဦးတင်ညွန့်-ဒေါ်အေးကြည်)တို့၏ သမီး၊ အရှေ့ဒဂုံမြို့၊ အမှတ်(၁၁၁/က)၊ ကသစ်လမ်း၊ (၆)ရပ်ကွက်နေ ဦးဟံထွေး (မြန်မာ့မီးရထား-ငြိမ်း)၊ မန်နေဂျာ(သီရိစန္ဒာကုမ္ပဏီလီမိတက်)၊ ကြို့ပင်ကောက်မြို့နယ် အသင်းအမှုဆောင်၏ဇနီး ဒေါ်မြကျင်သည် ၄-၂-၂၀၁၄ရက် ည ၉း၀၅ နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

ဒေါ်သက်သက်ဦး (၄၇)နှစ်
(ရွှေဂုံတိုင်၊ ဗဟန်း)

မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ မေတ္တာလမ်းနေ ဦးကျော်ဝင်း-ဒေါ်ခင်အေးတို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၃၈)၊ ခုနစ်လွှာနေ ဦးသိန်းဌေး၏ဇနီး၊ မောင်အောင်ဌေးကျော်၊ မအိရွှေစင်ဖြိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၅-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၇နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အထူးကြေကွဲဝမ်းနည်းကြောင်း
ဟာဂျီမဒေါ်သေးသေး
အသက်(၈၂)နှစ်

ဦးကိုကို-ဒေါ်သန္တာခိုင် (လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ ဘုတ်အဖွဲ့ဝင်)တို့၏မိခင်ကြီး ဟာဂျီမဒေါ်သေးသေး အသက်(၈၂)နှစ်သည် ၃၀-၁-၂၀၁၄ (ကြာသပတေးနေ့)တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်း၊ မြို့မရပ်၊ တိုက်အမှတ် (၂၂)၊ အခန်း(၃) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (H.R.D.P)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း
အသက်(၆၈)နှစ်

ဦးလှထွန်းနှင့်အဖွဲ့လီမိတက် စာရင်းစစ်အဖွဲ့မှ ဒါရိုက်တာ ဦးမောင်မောင်အောင်၏မိခင် ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်ရန်လင်း အသက် (၆၈)နှစ်သည် ၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးအောင်တင်(ခ) ရော်ရောင်ပင်း
အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာ (၄)လမ်း၊ (V-56)နေ (ဦးယုဘွန်-ဒေါ်ရှုပွေး)တို့၏သားကြီး၊ (ဦးချူလွင်-ဒေါ်ကျင်ရန်)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေမြင့်၏ ခင်ပွန်း၊ ဒေါ်စုစုအောင်-ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ထူး-ဒေါ်အေးအေးခင်၊ မောင်ကျော်ထင်အောင်၊ မနှင်းဦးအောင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ဟန်လင်းထက်၏အဘိုး ဦးအောင်တင်သည် ၄-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်မြဲ(ခ)ဦးမြဲ
အသက်(၈၅)နှစ်
(ရေစကြို)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၈၂၅)နေ (ဦးဘိုးရင်-ဒေါ်ဖွားသိန်း)တို့၏သား၊ ဦးဇေယျာ-ဒေါ်သိန်းသိန်းမြင့်၊ ဦးညဏ်ဝင်းတင့်-ဒေါ်သန်းသန်းမြင့်၊ ဦးလှသိန်း-ဒေါ်စန္ဒာညွန့်၊ ဦးစဝ်ကျော်ဆန်းကြာ-ဒေါ်ခင်ဌေးရီ၊ ဦးမျိုးသိန်း-ဒေါ်သင်းသင်းအေး၊ ဦးဆန်းဝင်းအောင်-ဒေါ်သီဂီဝင်း၊ (ဦးလှဝင်းအောင်-ဒေါ်ဥမ္မာကျော်)တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ ဒေါ်တင်အေး၏ခင်ပွန်းသည် ၄-၂-၂၀၁၄(အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒေါ်မြရီ(ပုလော)
အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစံမောင်)၏ဇနီး၊ ဒေါ်သန်းယု-ဦးခင်မောင်ဝင်း၊ ဦးလှဝေ-ဒေါ်လှသန်း၊ ဒေါ်သန်းသန်းဌေး-ဦးခင်သောင်း၊ ဒေါ်ဖြူဖြူသန်း-ဦးသန်းမြင့်၊ ဒေါ်နီနီသန်း၊ ဦးရဲတင့်-ဒေါ်အေးအေး၊ ဒေါ်ဆွေဆွေသန်း၊ ဒေါ်ကြူကြူသန်း၊ ဒေါ်ညိုညိုသန်း၊ (ဒေါ်အေးအေးသက်)-ဦးညွန့်ဝေ၊ ဦးမျိုးခိုင်-ဒေါ်ခင်မျိုးဌေးတို့၏မိခင်၊ မြေး ၁၉ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မြရီ(ပုလော) (၈၄)နှစ်
အသင်းဝင်အမှတ်(၉၈၉)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစံမောင်)၏ဇနီး၊ ဦးလှဝေ(တွဲဖက်အတွင်းရေးမှူးပုလောမြို့နယ်အသင်း-ရန်ကုန်)-ဒေါ်လှသန်းတို့၏မိခင်သည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဒေါ်ရီရီ (၈၁)နှစ်
အထက(၃) ပုသိမ်၊
ကျောင်းဆရာမကြီး(ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ ငှက်ပြောတန်းလမ်း၊ အမှတ် (၅၃)နေ (ဦးကွန်းယား-ဒေါ်အေးကြွယ်)တို့၏သမီး၊ (ဦးကိုကိုကြီး-ရသာမွန်ဟာလဝါ)-ဒေါ်သန်းညွန့်၊ (ဦးကိုကိုလေး)-ဒေါ်မြမြ၊ (ဒေါ်ကြည်ကြည်)၊ (ဦးကျော်ခင်)၊ (ဒေါက်တာစံဝေ)တို့၏ ညီမ၊ (ဒေါ်သန်းသန်း)၊ (ဦးမြင့်ဆွေ)-ဒေါ်ဝင်းကြည်တို့၏အစ်မ၊ ဦးအောင်အောင်-ဒေါ်ခင်သီတာမင်း၊ ဦးမောင်မောင်ညွန့်-ဒေါ်ခင်စန္ဒာစမ်း၊ (ဒေါ်ဥမ္မာ)ဦးဇော်ထွန်း-ဒေါ်မြတ်စိုးသူတို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၄ (သောကြာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ သရောင်းချောင်း မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးရဲဝင်း(ခ)ဦးရန်နိုင်
အသက်(၆၅)နှစ်
ဘူမိဗေဒအရာရှိ(ငြိမ်း)၊ ဘဂရ

အမှတ်(၃၆)၊ နွယ်နီလမ်း၊ တပ်မြေ၊ ပုဇွန်တောင်နေ ဒေါ်ဝင်းဝင်းမြင့် (အထက-၂) ဗိုလ်တထောင်-ငြိမ်း)၏ ခင်ပွန်း၊ ဦးလင်းတင်-ဒေါ်မြဝတ်မှုံ (အထက-၃၊ဗိုလ်တထောင်)၊ကိုဇင်မင်း-စိုးနှင်းဖြူတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်အေး
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၇၁)နေ (ဦးစိန်စမ်း-ဒေါ်ညိမ်း)တို့၏သမီး၊ (ဦးကျော်ငွေ-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဦးကျော်ဝင်းဖေ၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်တင်တင်ဌေးတို့၏ညီမ၊ ကိုထွန်းထွန်းမင်း၊ ကိုကျော်ဝင်းထွဋ်-မကေသွယ်လွင်တို့၏မိခင်သည် ၄-၂-၂၀၁၄(အင်္ဂါနေ့) ည ၈း၅၆နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်အုန်း(ပြင်ဦးလွင်)
အသက်(၈၃)နှစ်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ (၅)ရပ်ကွက်၊ အမှတ်(၁၁၂)နေ (ဦးဘချစ်-ဒေါ်မြစိန်)တို့၏သမီးလတ်၊ (ဒေါ်ခင်ခင်ညွန့်)၊ [ဒေါ်သန်းသန်း(ခ)ဒေါ်ပင်စီချစ်]၊ ဦးဝင်းဖေတို့၏အစ်မလတ်သည် ၄-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပြင်ဦးလွင်မြို့၊ ရှစ်မိုင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း (၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ (၉၁)လမ်း၊ အမှတ်(၁၀၆)၊ လေးလွှာ(ဘီ)နေ ဦးတင်မြ၏ဇနီး၊ ဦးမောင်မောင်အောင် (U Hla Tun & Associates Limited)-ဒေါ်အေးအေးခင်၊ ဦးမောင်မောင်မြင့်-ဒေါ်ချောနှင်းငယ်၊ မစန္ဒာမြင့်၊ ကိုရဲထွန်းနောင်၊ ကိုညဏ်လင်းမောင်-မသီရိစန္ဒီနိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးကောင်းတုံတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း (၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟိဂီရိလမ်း(၂၀)၊ အမှတ်(၅၃၂)နေ (ဦးဆင်-ဒေါ်ညွန့်)တို့၏သမီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ (၉၁)လမ်း၊ အမှတ်(၁၀၆)၊ လေးလွှာ(ဘီ)နေ ဦးတင်မြ၏ ဇနီး၊ ဦးရဲနိုင်(Asia World Co., Ltd.)-ဒေါ်စန်းဝင်းတို့၏ညီမ၊ ဒေါ်သန်းလှ၊ ဦးမောင်ကျော်၊ (ဦးမောင်ငွေ)-ဒေါ်ခင်စန်းမြင့်၊ ဒေါ်ရှုရင်၊ ဦးမောင်ကြည်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်နုနုယဉ်(စာပေဗိမာန်)၊ ဒေါ်ဝင်းဝင်းယဉ် (ဝင်းစာပေ)တို့၏အစ်မသည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး ကောင်းတုံတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ (၉၁)လမ်း၊ အမှတ်(၁၀၆)၊ လေးလွှာ (ဘီ) ဦးတင်မြ၏နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမျိုးမြင့် (၇၈)နှစ်
အထက(၄) မ/ဥက္ကလာ၊
အထက(၁) ဗဟန်း၊
အထက(၁)တာမွေ
အလပြ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဗိုလ်ထွန်းဇံလမ်း၊ အမှတ်(၅၃၀)နေ (ဦးနန်နန်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဦးကျောင်တန်-ဒေါ်မထွား)တို့၏သားသမက်၊ ဒေါ်ဘိဘိ၏ခင်ပွန်း၊ ဒေါ်အေးမြင့်မြင့်(မန်နေဂျာ၊ မစဘ-ရုံးချုပ်)၊ ဦးသီဟဝင်း- ဒေါ်လွင်မြင့်မြင့်၊ ဦးမျိုးကိုကို-ဒေါ်ခိုင်မာစိုးတို့၏ဖခင်၊ မလွင်လွင်ဟန်၊ မသိမ့်သိမ့်ဟန်၊ မောင်ပိုင်စိုးကို၊ မောင်စိုးပိုင်မျိုးဇင်တို့၏အဘိုးသည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၂-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းမြင့် (၆၈)နှစ်
တာဝန်ခံစာရင်းကိုင်(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ကံမမြို့၊ မြို့မရပ်နေ (ဦးညိုပု-ဒေါ်ခင်တိုး)တို့၏ သား၊ ရန်ကုန်မြို့နေ ဒေါ်တင်စန်း၏ခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်ထက်ထက်နွယ်၊ ဒေါ်မိုးမိုးလှိုင်မြင့်၊ ဦးဇော်လင်းဦး-ဒေါ်ဝေဝေလင်း၊ ဦးနေလင်းဦး၊ ဒေါ်သဲသဲလှိုင်မြင့်တို့၏ဖခင်၊ မောင်ရဲရင့်စည်သူ၊ မအေးစုမွန်၊ မမွှေးမွှေးကြိုင်ကြိုင်တို့၏အဘိုး ဦးသန်းမြင့်သည် ၄-၂-၂၀၁၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၄ရက် နံနက် ၁၀နာရီမှ ၁၂နာရီအထိ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ၁၀၈/တောင် ဘုရားအနီးရှိ ညောင်ရိပ်သာ တရားစခန်းနှင့် ဗုဒ္ဓဥယျာနတက္ကသိုလ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)
သက်ကြီးကန်တော့ခံ
ဒေါ်သိန်းညွန့် (၉၈)နှစ်
(ဆင်ဖြူကျွန်း)

ဦးမြမောင်-ဒေါ်ဖွားသင်တို့၏သမီး၊ ကျောက်ပန်းတောင်းနေ (ဦးကြည်)၏ ဇနီး၊ (ကိုမျိုးညွန့်)-မအေးကြိုင်တို့၏ မိခင်၊ ဦးပြုံး-(ဒေါ်ခင်စန်း)၊ (ဦးဝင်းအောင်)-ဒေါ်ခင်အေးတို့၏အဒေါ် ဒေါ်သိန်းညွန့်သည် ၅-၂-၂၀၁၄ရက်တွင် အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများနှင့် အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

ဘုရား၊ရဟန်း၊ကျောင်း၊တန်ဆောင်း ဒါယကာကြီး
ဦးမြင့်သိန်း အသက်(၆၀)
အထက(၅) ဗိုလ်တထောင်
ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ မေတ္တာလမ်းသွယ် (၁)၊ အမှတ်(၁၆၃)နေ (ဦးလှခင်-ဒေါ်စန်းတင့်)တို့၏သား၊ (ဦးလှအောင်)-ဒေါ်ရီမေတို့၏ သားသမက်၊ ဦးသန်းအောင်-ဒေါ်စန်းစန်းမြင့်တို့၏မောင်၊ ဦးဝင်းမြင့်-ဒေါ်လှိုင်လှိုင်မြင့်၊ ဦးချစ်ကိုကို-ဒေါ်မွန်မွန်၊ ဒေါ်ခင်သီတာကျော်တို့၏အစ်ကို၊ ဦးတင်ထူးဇင်-ဒေါ်ဒေလီယာ၊ ဦးဖြိုးမင်းသိန်း၊ ဦးအောင်မျိုးကျော်-ဒေါ်ဖြူဖြူသိန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မာလာအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးသည် ၄-၂-၂၀၁၄(အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၄(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

သမားရိုးကျလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ခြင်းဖြင့် လယ်ယာထွက်ကုန်အထွက်တိုးမှုကြောင့် မိသားစုဝင်ငွေ တိုးပွားလာနိုင်

နေပြည်တော်　ဖေဖော်ဝါရီ　၅

ယနေ့ သမဝါယမစနစ်ဖြင့် တောင်သူလယ်သမားများအတွက် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဆန်စက်၊ အင်ဂျင်မျိုးစုံ၊ ထော်လာဂျီ စသည့် လယ်ယာသုံးပစ္စည်းများနှင့် ခေတ်မီစိုက်ပျိုးနည်းပညာများပါ လာရောက်ပံ့ပိုးသည့်အတွက် သမားရိုးကျလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ခြင်းဖြင့် လယ်ယာထွက်ကုန်အထွက်တိုးမှုကြောင့် ဝမ်းစာဖူလုံစေသည့်အပြင် မိသားစုဝင်ငွေပါ တိုးပွားလာနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့အတူပင် မြို့ပေါ်ရပ်ကွက်တွင် နေကြသည့် အခြေခံလူထုလူတန်းစားအချို့သည်လည်း ငွေကြေးအရင်းအနှီး နည်းပါးသည့်အတွက် ဆိုက်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးစသည့် အငှားယာဉ်ဖြင့် ဝမ်းစာရှာနေကြရသူများ၊ အငှားစက်ဖြင့် စက်ချုပ်နေကြရသည့် စက်ချုပ်သမများ ပင်ပင်ပန်းပန်းဖြင့် ရရှိလာသည့် ချွေးနဲ့စာဝင်ငွေတချို့တစ်ဝက်ကို စက်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင် Owner ကို ပြန်ပေးနေရသည့်အတွက် ဤဆင်းရဲသံသရာမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေပါကြောင်း။

ယခု သမဝါယမဝန်ကြီးဌာန၏ အရစ်ကျငွေချေစနစ် ဝန်ဆောင်မှုမှ လိုအပ်သည့် စက်ပစ္စည်းများကို လာရောက်ထုတ်ပေးခြင်းအားဖြင့် မိမိ၏ ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် မကြာမီကာလအတွင်း၌ ကိုယ်ပိုင်ဆိုင်ကယ်၊ ကိုယ်ပိုင်သုံးဘီး၊ ကိုယ်ပိုင်ချုပ်စက်များပိုင်ဆိုင်မှုနှင့်အတူ တင့်တယ်သည့် လူမှုဘဝကို တည်ဆောက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိအောင် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော်　ဖေဖော်ဝါရီ　၅

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ပြည်ပသို့သွားရောက်မည့် မြန်မာအလုပ်သမားများသိရှိနိုင်ရန် အသိပေး

နေပြည်တော် ဖေဖော်ဝါရီ ၅

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနသည် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်အကိုင် နေရာချထားရေး၊ လုပ်သားများလုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အလုပ်သမားရေးရာ သုတေသနနှင့် စာရင်းဇယားများ စုဆောင်းပြုစုရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များအတွက် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဖူလုံရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်တွင်းကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်မှန်းချက် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတွင် အလုပ်အကိုင်နေရာချထားရေးနှင့် လေ့ကျင့်ရေးဌာနခွဲမှ ပြည်တွင်း/ ပြည်ပအလုပ်အကိုင်နေရာချထားရေးကို ဆောင်ရွက်ခဲ့ရာမှ ပြည်ပတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများ များပြားလာသောကြောင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရွှေ့ပြောင်းအလုပ်သမားဌာနခွဲကို ဖွဲ့စည်း၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်း၊ ပြည်ပနိုင်ငံရှိ အလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအတွက် ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ အခွင့်အရေးကာကွယ်စောင့်ရှောက်ရန်၊ တရားဝင်ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချနိုင်ရန်ရည်ရွယ်၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၁၈၄ ခုမှတစ်ဆင့် ပြည်ပသို့ မြန်မာအလုပ်သမားများကို တရားဝင်စေလွှတ်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည်ဆိုပါက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ■

Unity စာစောင်ပါ လျှို့ဝှက်ဓာတုလက်နက်စက်ရုံ ဆောင်းပါးကိစ္စနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော်　ဖေဖော်ဝါရီ　၅

ဇန်နဝါရီ ၂၅ ရက်ထုတ် Unity စာစောင်အတွဲ(၃)၊ အမှတ်(၄)တွင် အမှတ်(၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံအား လျှို့ဝှက်ဓာတုလက်နက်စက်ရုံခေါင်းစဉ်ဖြင့် ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဖော်ပြထုတ်ဝေခဲ့သည်ကို တွေ့ရှိရပြီး ယင်းဖော်ပြထုတ်ဝေချက်သည် နိုင်ငံတော်၏လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်း၊ စက်ရုံ၏တားမြစ်နယ်မြေအတွင်း ခွင့်ပြုချက်မရှိဘဲ ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ ကျော်ဖြတ်ခြင်း၊ ဝင်ရောက်ခြင်း၊ ဓာတ်ပုံရိုက်ယူခြင်း၊ အားပေးကူညီခြင်းတို့ကြောင့် သတင်းရေးသားပေးပို့သူနှင့် ဂျာနယ်တိုက်တာဝန်ရှိသူအား စုံစမ်းအရေးယူပေးရန် ဇန်နဝါရီ ၃၀ ရက်တွင် သက်ဆိုင်ရာဌာနက ပေါက်မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် (ပ)၈/၂၀၁၄ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၃(၁)(က)/၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ယင်းဥပဒေပုဒ်မ ၃(၁)(က)/၉ ဖြင့် အရေးယူဆောင်ရွက်နိုင်ရန် Unity ဂျာနယ်မှ ဦးတင်ဆန်းပါ ငါးဦးအား ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

ကြော်ငြာ ADVERTISEMENT

IMCS LTD

N+ CCNA CCNP MCSA A+ PHP JAVA Service

Follow Me Ph.D (USA)

ENGLISH 4 SKILLS Level (1,2)

SPEAKING

GrammarLetter,Essay

မွန်ပြည်နယ်၊ မော်လမြိုင်မြို့
ပရိယတ္တိဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

မွန်ပြည်နယ် ကျက်သရေဆောင် ပရိယတ္တိဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားအား (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၊ ၂ ရက်) ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅၊ ၁၆ ရက် (စနေနေ့နှင့် တနင်္ဂနွေနေ့)များတွင် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး၊ ရပ်ဝေး ကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာပွဲဖြစ်မြောက်ရေးကော်မတီ

Native Speaker

GETC

Opening in February

Basic English · Communicative English · IELTS

General English New · Business English New

537895,502775,530097

ES4E SUMMER SCHOOL

(March to May 2014)

Enrol Now!

662970, 663820, 662937

51, Kaba Aye Pagoda Road, Yankin Tsp.

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign.

SIAM ထိုင်းစတိုင်

0973238176,09-5020897, 09-450043457

အင်္ဂလိပ်စာ/စကား
(၅နှစ် မှ ၃၀)

၁။ 4 Skills

၂။ လက်ရေးလှစေရန်၊ အသံထွက်မှန်ရန်၊ စနစ်တကျ စာဖတ်တတ်စေရန် လေ့ကျင့်ပေးမည်။

၈၊ ၉၊ ၁၀တန်း (နွေရာသီ)

Essay/Letter (သီးသန့်)

ဖုန်း-၃၈၈၃၀၇၊ ၀၉-၄၀၁၅၄၈၄၆၀

စာအုပ်စာပေလှူမိတ်ဆွေ

(B.A, Korean, YUFL)

(EPS-TOPIK)

(17-2-2014)

ပညာနန်းတော် နွေရာသီကျောင်းကြီး

ဝိတ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း ဘူတာအဆင့်မြင့်ဘော်ဒါ

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

အမှတ် 118 A/B ... VIP-1 ... ဖုန်း 01-577 605, 09 4707 4649 ...

ပျောက်ဆုံး

ကျွန်မ မအေမာအောင် ကိုင်ဆောင်သော ပတ်စပို့အမှတ် M-219759 ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေအောင်မင်း Pass Port No M.571367 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၃၁၄၈၁၀၈၀

Gold Yacht Co.,Ltd

အထည်ချုပ်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်။

(1) HR Manager	ကျား/မ (၂) ဦး
(2) Office Manager	ကျား/မ (၂) ဦး
(3) Personal Assistant	ကျား/မ (၂) ဦး
(4) Accountant	မ (၃) ဦး

အရည်အချင်း ။ B.Com (or) LCCI Level III ...
Computer ...

Email Address ...

goldyacht.hr@gmail.com

01-684126, 09-5088890,09-43177001

ကားမောင်းသင်ပေးသည်

အမျိုးသမီးသီးသန့် အိမ်ကားသင်လိုသူများအတွက် အမျိုးသမီး ဆရာမများ ကိုယ်တိုင် သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၃၁၂၈၉၀၂၅

ရွှေဗိမာန် အားတိုးဆေး

0311 YR 003633

Old Heartian များ၏ (၁၄)ကြိမ်မြောက်တွေ့ဆုံပွဲ

ရန်ကုန်မြို့ရှိ SACRED HEART HIGH SCHOOL ကျောင်းတွင် (၁၉၅၀ ခုနှစ်မှ ၁၉၆၆ ခုနှစ်ထိ) ပညာသင်ကြားခဲ့သည့် ကျောင်းသား/သူဟောင်းများ၏ (၁၄)ကြိမ်မြောက် ပြန်လည်တွေ့ဆုံပွဲကို မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၄ ရက် (ပြည်ထောင်စုနေ့) (ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၉ နာရီမှစ၍
နေရာ - ST.MARY ဘုရားကျောင်းဝင်းအတွင်းရှိ (S.H.H.S) ကျောင်းဟောင်းနေရာ ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်

၁။ ဗိုလ်မှူးခင်ညို(ငြိမ်း) @ JIMMY SOE WIN ဖုန်း-၀၉-၂၅၀၃၇၅၅၄၆
၀၉-၃၁၂၇၃၀၀၁
၂။ ဗိုလ်ကြီးမြကြိုင်(ငြိမ်း) @ JOHN SHEIN ဖုန်း-၂၅၀၅၀၇၆၆၄
၃။ ဒေါ်ခင်မကြီး ဖုန်း-၀၉-၂၅၄၂၀၈၀၄
ဒေါ်ခင်မြတ်မြတ်သူ ဖုန်း-၀၉-၅၀၀၁၄၄၉
၄။ ဒေါ်ကြည်ကြည်သန်း ဖုန်း-၀၉-၄၂၀၀၃၆၇၄၁/
Lawra- 09-5415698
၅။ ဦးတင်လှိုင်(Sukhdev) ဖုန်း-၀၉-၅၀၁၇၄၈၆

မှတ်ချက်။ ။ သီးခြားဖိတ်စာမပို့ပါ။

Naung Yoe Technologies Co.,Ltd

တွင်တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Site Engineer ကျား (၅)ဦး
B.E,B.Tech, AGTI (EC,EP,IT)Diplomaတစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
၂။ Marketing ကျား/မ (၅)ဦး
Marketing အတွေ့အကြုံရှိရမည်။ အခြေခံကွန်ပျူတာတတ်ကျွမ်းရမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ ရုပ်ရည်အသင့်အတင့်ရှိ၍ ပြောဆိုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်းအထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အမှတ်(၉၂)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၆၇-၄၂၁၂၄၄၊ ၄၂၀၂၅၅

မိုးငါးလုံး ဆံပင်ပေါက်ဆေး

ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ ...

ONE TEA JOB FAIR

● Chief Accountant ● Sale & Marketing Manager ● HR Staff (Executive)
● Assistant Accountant ● Sale & Marketing ● Receptionist & Phone Operator
● Accountant (Computer) ● Tele Sale ● DTP Office Staff (Excel, Word, Pagemaker)
● Office Staff ● Driver ● Graphic Designer

▲ နေရာ - အမှတ်(15) Junction Square Compound ...

▲ Email : vacancy@cg-m.com

ဖခင်အမည်မှန်

ပင်လုံမြို့၊ အထက(၂)၊ စတုတ္ထတန်း(B)မှ မနန်းကောင်ရှန်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းတင်ထွန်း[၁၃/မဖန(နိုင်)၀၀၆၀၄၇]ဖြစ်ပါကြောင်း။ **ဦးစိုင်းတင်ထွန်း [၁၃/မဖန(နိုင်)၀၀၆၀၄၇]**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇(အရှေ့)၊ မြေကွက်အမှတ်(၁၀၅၀A${}_{က}$+A${}_{ခ}$)၊ မြေကွက်တည်နေရာအမှတ်(၁၀၅၀A${}_{က}$+A${}_{ခ}$)၊ ၇/ဈေးလမ်း၊ ၇/ရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်သိန်းကြည်)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းကြည်(မိခင်)နှင့်ဦးမြသန်း(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ဝါဝါသန်း[၁၂/သကတ(နိုင်)၀၈၃၆၈၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထင်ကျော်အောင်[၃/ဘသဆ(နိုင်)၀၀၂၆၄၀]သည် မိဘနှစ်ပါး၏ဆုံးမမှုကို လက်မခံဘဲ ခွင့်မလွှတ်နိုင်သောအပြစ်ကို ကျူးလွန်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်ရှင်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို မိဘမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ဝေ[၈/မထန(နိုင်)၀၄၉၄၄၀]
ဒေါ်ခင်လေးနွယ်[၁၀/မဒန(နိုင်)၀၀၁၄၈၉]

GH GOLDEN HEART

Advertising, General Service & Real Estate

Ph: 09333336395, 09 250544408, 09333333209

မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်း မြန်မာ့ရိုးရာထမနဲပွဲ ကျင်းပမည်

မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ မြို့မဟောင်းထမနဲပွဲကို ၁၄-၂-၂၀၁၄ ရက် (သောကြာနေ့)၊ (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်နေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း၌ ကျင်းပမည်ဖြစ်ရာ၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂)ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါကြောင်းနှင့် အဆိုပါ မြန်မာ့ရိုးရာ မြို့မဟောင်းထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၂၅၀၁၅၃၊ ၇၃၀၁၁၇၀၇ တို့သို့ ဆက်သွယ်နိုင်ပါသည်။

အမှန်တရားကို ပေးပါရစေ

ပေးခြင်းတကာတို့တွင် အမှန်တရားကို ပေးခြင်းသည်
အသာဆုံး၊ အလွန်ဆုံး၊ အမွန်ဆုံး၊ အမြတ်ဆုံးဖြစ်၏။

အို ယောဂီ၊
ဝိပဿနာအလုပ်သည်-
ကံအလုပ်လား၊ ဉာဏ်အလုပ်လား။
ဉာဏ်သည်-
ရှုတဲ့တရားလား၊ သိတဲ့တရားလား။

ဝိပဿနာနှင့်ပတ်သက်သည့် ထိုထိုအကြောင်းအရာများကို တိတိကျကျ မှန်မှန်ကန်ကန် သိလိုပါလျှင် အောက်ပါဌာနသို့ လာရောက်၍ အလှူခံနိုင်ပါသည်။

သကျဇာနည်(မြဝတီ)
ကန်ဦးကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၂၉၇၆

တိုင်းရင်းသား / တိုင်းရင်းသူ

3 in 1 (Listen/Pratice/Speak)

Improve Your Spoken English...The Easy Way!

SKYWARD EDUCATION GROUP

148, 2nd flr.,Corner of 35th St.and Anawratha Rd,Ygn.

Ph:01-391155, 09-73066380, 09-5413823

For TOEFL, PBT, April Test Preparation

- Idiom and colloquialism for Section 1:Listening
- Short cut on Section 2
- Reading strategies for Section 3
- Writing approaches
- **Proven records:640/585 scores in last Oct TOEFL test**

Come and study @ ENGLISH CLASS
No-274(B),1st Fl,Myawadee St, Myaenigone,
SanChanung Tsp, Behind KBZ bank.
Ph:09-73085048

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၅၆၆)ဖြစ်သော အမှတ်(၅၆၆)၊ ဗိုလ်ချိန်(၂)လမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် နှစ်(၆၀)ဂရန်မြေကွက်သည် ဒေါ်စန်းတင့် အမည်ပေါက်၍ ဒေါ်စန်းတင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၉၅၆/၂၀၁၁ဖြင့် ရရှိသူ ဒေါ်ထားထားနွယ်ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်နွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးခိုင်ဇင် (LL.B,D.I.L)
အထက်တန်းရှေ့နေ (စဉ်-၃၀၈၁၁)
တိုက်(၁၈)၊ အခန်း(၂၃)၊ ရတနာလမ်း၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၃၀၂၅၄၃၊ ၀၉-၇၃၁၅၉၁၆၁

(၃၁)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင် ဖိတ်ကြားခြင်း

၉-၂-၂၀၁၄ ရက် (တပို့တွဲလဆန်း ၁၀ ရက်)

သင်္ဃန်းကျွန်းမြို့နယ်၊ သီလရှင်များ အမှုဆောင်အဖွဲ့နှင့် သာသနာ့ဟိတကာရီအမျိုးသမီးအဖွဲ့တို့မှ ကျင်းပသော (၅)မြို့နယ် ပထမပြန် စာအောင် ဆုနှင်းသဘင်ပွဲကို ၉-၂-၂၀၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ စာအောင် သီလရှင် အပါး(၂၀၀) ဖြစ်ပါသည်။

နာယကဆရာကြီးများနှင့် သာသနာ့ဟိတကာရီအမျိုးသမီးအဖွဲ့
ကျိုက္ကဆံသီလရှင်စာသင်တိုက်
သင်္ဃန်းကျွန်းမြို့နယ်

သရက်အသင်း(ရန်ကုန်)

သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

သရက်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီလ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်း(၃)လမ်းမှတ်တိုင်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ကုန်သွယ်လယ်ယာမွှေရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့်ပြီးသူများနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအမည်စာရင်းကို အထောက်အထားများဖြင့် ဦးလှဝမ်း-ဒေါ်မြမိုးနှင်း ဖုန်း-၆၄၃၆၀၇၊ ဦးကျော်စိုး ဖုန်း-၃၈၇၁၅၉၊ ဦးသိန်းဘော် ဖုန်း-၀၁-၈၆၁၉၀၀၁၊ ဦးတင်အောင် ဖုန်း-၅၂၂ ၃၁၄၊ ဦးခင်စိုး ဖုန်း-၀၉-၇၃၁၂၃၇၇၀၊ ဦးလှမျိုးအောင် ဖုန်း-၀၉-၅၀၈၉၅၃၇ တို့ထံသို့ ဖေဖော်ဝါရီလ ၁၆ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် သရက်မြို့နယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Maritime Management Institute

SRPS

2 Days Intensive Workshop Training (6th Batch)

Understanding & Effective Implementation of the Maritime Labour Convention, 2006.

ဖုန်း - 01 292250, 09 254 129975, 09 450 042999

တိုယိုတာလိုက်ထရပ်ကားများ ရောင်းရန်ရှိသည်

123-B၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
96,97,2000,04,05 Model 1000Kg, MANUAL
ဒီဇယ်လိုက်ထရပ်ကားများ

ဖုန်း-၀၉-၅၁၁၇၅၈၀၊ ၀၉-၅၄၁၅၁၂၅

ဆရာရဲ ဦးရေသန့် ဆံပင်သန့်ဆေး

တကယ့်ဒဏ်ကြေလိမ်းဆေးစစ်စစ်

ဆရာရဲ ဝိသာလင် ဒဏ်ကြေလိမ်းဆေး

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဦးဇော်မိုး[၁၂/ဗဟန(နိုင်)၀၄၆၄၄၇]အမည်ပေါက်ပိုင်ဆိုင်သော ညောင်နှစ်ပင်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်၊ ဇုန်(၂) မြေကွက်အမှတ် M_0/M_1မြေကွက်တွင် လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ကတ်ပြား ထုတ်ပေးနိုင်ရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက မည်သူမဆို စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖော်ပြ၍ ညောင်နှစ်ပင် အထူးဇုန်ကော်မတီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လိပ်မူ၍ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက လျှောက်ထားမှု အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးဇော်မိုး[၁၂/ဗဟန(နိုင်)၀၄၆၄၄၇]

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၄ဖြင့် အမှတ်(၁၉)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် **သုခမ္မသိင်္ဂီဒေါ်မာမာ** (JEWEL ROCK GEMS, DIAMOND & REAL ESTATE CO.,LTD)အား နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော **"သီဟသုခမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါက်တာဒေါ်မြမြချို
ဦးကောင်းကြွယ်-ဒေါ်သီရိမွန်မွန်
ဦးကျော်ထက်ပိုင်ပိုင်
Golden Bell Family Jewellery Co.,Ltd.
Golden Bell Family Travel & Tours



အဖဦးစကင်နာ၏သမီးဖြစ်သူမဟာသဒ္ဓမ္မဇောတိကဓဇဒေါ်တင်တင်စိန် (ကမ္ဘာလှည့်သာသနာပြု) နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်)၀၅၆၉၀၀]ကိုင်ဆောင်သူနှင့်အများသိစေရန်

၁-၂-၂၀၁၄ရက်စွဲပါကြေးမုံသတင်းစာနှင့် ၁-၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဒေါ်တင်တင်စိန်၏ အများသိစေရန်ကြေညာနှင့်ပတ်သက်၍ ကျွန်တော်ဦးစိုးကျော်နိုင် အမျိုးသားမှတ်ပုံတင်အမှတ်(HLG-023011)ကိုင်ဆောင်သူမှ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အနော်ရထာရပ်ကွက်၊ ခန်းလောင်းရပ်၊ ပုဂံမြို့သစ်၊ စံပယ်လမ်း(ကံကော်လမ်းနှင့်ယုဇနလမ်းကြား)၊ အကွက်အမှတ်(၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀)မြေကွက်ပေါ်ရှိ ယခုကျွန်တော်တစ်ဦးတည်း၏ အမည်ပေါက်(Gold Garden)ဟိုတယ်သည် ကျွန်တော်ဦးစိုးကျော်နိုင် အမျိုးသားမှတ်ပုံတင်အမှတ်(HLG-၀၂၃၀၁၁)မှ မူလအမည်ပေါက်ပိုင်ရှင်များ၏ အစဉ်အဆက်တရားဝင်စာချုပ်စာတမ်းများအရ မဟာသဒ္ဓမ္မဇောတိကဓဇဒေါ်တင်တင်စိန်ထံမှ ကျွန်တော်တစ်ဦးတည်းမှတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဒေါ်တင်တင်စိန်၏ ၁-၂-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာပါအများသိစေရန် Power ရုပ်သိမ်းသည့်ကြေညာနှင့်ပတ်သက်၍ ကျွန်တော်ဦးစိုးကျော်နိုင်မှပြန်လည်ကြေညာအပ်ပါသည်။ အထက်ပါလိပ်စာပါ ပုဂံမြို့ရှိယခင်အမည် မြတ်ပုဂံဟိုတယ်အား တရားဝင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုဝယ်ယူစဉ်က လုပ်ငန်းသဘောသဘာဝအရ ရောင်းသူ ဒေါ်တင်တင်စိန်မှဝယ်သူကျွန်တော်ဦးစိုးကျော်နိုင်အား ၂၀-၉-၂၀၁၂ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသည့်(General Power) ကိုကျွန်တော်မှပြန်လည်ရုပ်သိမ်းစေ၍ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းနှင့်သက်ဆိုင်သည့် အထက်ပါလိပ်စာပါ ပုဂံမြို့ရှိယခင်မြတ်ပုဂံဟိုတယ်၊ ယခုကျွန်တော်တစ်ဦးတည်း အမည်ပေါက် (Gold Garden) ဟိုတယ်နှင့်သက်ဆိုင်သည့် (Special Power)ကိုသာလျှင် လွှဲအပ်ပေးပါရန် ကျွန်တော်မှတောင်းဆိုသဖြင့် ဒေါ်တင်တင်စိန်မှ ၂-၉-၂၀၁၃ရက်စွဲဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်ထပ်မံ၍ လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်တင်တင်စိန်မှ ကျွန်တော်နှင့်ဟိုတယ် အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စအဝဝအားငင်းမှပြီးပြည့်စုံအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် မြတ်ပုဂံဟိုတယ်အားကျွန်တော့်အား လက်ရောက် ပေးအပ်ပြီးဖြစ်သည့်အပြင် ကျွန်တော်မှ လည်း(Gold Garden)အမည်သို့ပြောင်း၍ လုပ်ငန်းလုပ်ကိုင်နေပြီဖြစ်သောကြောင့် အကယ်၍ လိုအပ်ချက်များရှိခဲ့ပါက မိမိကိုယ်တိုင် အစစအရာရာလိုက်ပါဆောင်ရွက်တာဝန်ယူမည်ဖြစ်ကြောင်း။ မိမိသည် ဂုဏ်သရေရှိလူကြီးလူကောင်း တစ်ဦးဖြစ်သည့်အတွက် ယုံကြည်ပါရန် ကျွန်တော်အား ၎င်းကိုယ်တိုင်အကြောင်းကြားပြောဆို၍၎င်း၏သဘောနှင့်သာကြေညာခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်တင်တင်စိန်၏ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဌေးဝင်းမှ ၁-၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့် ကျွန်တော်ဦးစိုးကျော်နိုင်၏ ၂၆-၁-၂၀၁၄ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ အများသိစေရန် ကြေညာနှင့်ပတ်သက်၍ ဒေါ်တင်တင်စိန်မှတုံ့ပြန်ကြေညာချက်အား ကျွန်တော်ဦးစိုးကျော်နိုင်မှ အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်စိန်၏ ကြေညာချက်အားလုံးသည် အမှန်တရားကိုဖုံးကွယ်လျက် တစ်ဖက်သတ်လိမ်ညာ ကြေညာခြင်းသာဖြစ်ပါသည်။ ၎င်းကြေညာချက်ပါ ဒေါ်တင်တင်စိန်သည် နိုင်ငံခြားတိုင်းပြည်များသို့သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် အမြဲခရီးထွက်နေရသည်ဖြစ်၍ ကျွန်တော်အား ဟိုတယ်ကို စီမံခန့်ခွဲရန် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းဖြစ်ပြီး ၎င်းမှာ ဟိုတယ်အားလွှဲပြောင်း ရောင်းချနိုင်ရေးအတွက် ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိ၍ ကျွန်တော်အား ဝယ်ယူထားသူအဖြစ် ပြောဆိုဆောင်ရွက်နိုင်ရန် အရောင်းဟန်ဆောင်စာချုပ်များပြုလုပ်ပေးခဲ့သည်ဆိုသည်မှာ အမှန်တရားကိုမျက်ကွယ်ပြု၍ ၎င်းဂုဏ်သိက္ခာအားမငဲ့ကွက်ဘဲ လိမ်ညာ၍ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ ဒေါ်တင်တင်စိန်အား ယခင်ကသိရှိခဲ့ဖူးခြင်းမရှိဘဲ အထက်ပါလိပ်စာပါ ဟိုတယ်အားဝယ်ယူရန် ဈေးနှုန်းညှိနှိုင်းသည့် အချိန်မှသာလျှင်၎င်းအားသိရှိခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်စသိသည့်အချိန်မှစ၍ ယခုအချိန်ထိ ၎င်းသည်မည်သည့်ပြည်ပခရီးကိုမှ သွားရောက်ခြင်းမရှိပါ။ အမှန်တကယ်တရားဝင် ဝယ်ယူသူဖြစ်သည့်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျွန်တော်အားတရားဝင်(Power)လွှဲအပ်၍ တရားဝင်ဟိုတယ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ခြင်းသာဖြစ်ပါသည်။

အထက်ပါလိပ်စာပါဟိုတယ်အား အရောင်းအဝယ်စာချုပ်ချုပ်ဆိုစဉ်အချိန်က တရားဝင်ဥပဒေအကြံပေး ရှေ့နေနှင့် သက်သေများမှလက်မှတ်ရေးထိုး၍ ရောင်းသူဝယ်သူနှစ်ဦးစလုံးမှ တရားဝင်အရောင်းအဝယ်စာချုပ်တွင် နှစ်ဦးနှစ်ဖက်လက်မှတ်များရေးထိုးချုပ်ဆိုခြင်း၊ လက်ဗွေများရိုက်နှိပ်ခြင်းတို့ကိုလည်း တရားဝင်ပြည့်စုံအောင်ပြုလုပ်၍ တရားဝင်အရောင်းအဝယ် စာချုပ်ကိုချုပ်ဆိုခဲ့ကြပါသည်။ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဒေါ်တင်တင်စိန်မှကျွန်တော်ဦးစိုးကျော်နိုင်ထံ(Power)များတရားဝင်လွှဲအပ်ခဲ့ပါသည်။ ယခုဒေါ်တင်တင်စိန်၏ ကြေညာချက်ပါဟန်ဆောင်အရောင်းအဝယ်စာချုပ်ဆိုသည်မှာ ၎င်း၏ဂုဏ်သိက္ခာကိုမငဲ့ကွက်ဘဲ လူကြီးလူကောင်းတစ်ဦးမဆန်စွာ ယုံကြည်မှုကို အလွဲသုံးစားပြု၍ လိမ်ညာကြေညာခြင်းသာဖြစ်ပါသည်။ ၎င်းဟိုတယ် အရောင်းအဝယ်နှင့် ပတ်သက်၍ ကျွန်တော်ဦးစိုးကျော်နိုင်နှင့် ဒေါ်တင်တင်စိန်တို့သည် အရောင်းအဝယ်စာချုပ်တစ်မျိုးတည်းကိုသာ တရားဝင် စာချုပ်ချုပ်ဆိုခဲ့ကြပြီး ဟိုတယ်နှင့်ပတ်သက်၍ အခြားမည်သည့်စာချုပ်ကိုမျှ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ဒေါ်တင်တင်စိန်မှရှိသကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် ပြုလုပ်သူ၏တာဝန် သာဖြစ်ပါသည်။

ထို့အပြင် ၎င်း၏ကြေညာချက်ပါ မော်တော်ယာဉ်အမှတ်(၇ဃ/၃၉၄၉)ကားဆိုသည်မှာ လည်း ဒေါ်တင်တင်စိန်မှ ပုလဲမြို့သစ်ရှိ၎င်း၏နေအိမ်အား ပုဂ္ဂိုလ်တစ်ဦးသို့ရောင်းချစဉ်အချိန်က ၎င်းအိမ်အားဝယ်ယူသူမှ တန်ဖိုးငွေပေးချေရာတွင် ၎င်းမော်တော်ယာဉ်အား တန်ဖိုးဖြတ်ထည့်သွင်းပေးချေ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး ဒေါ်တင်တင်စိန်မှငွေလိုအပ်သဖြင့် ကျွန်တော်အားဝယ်ယူပါရန် မေတ္တာရပ်ခံချက်အရ ကျွန်တော်မှတန်ဖိုးငွေ ပေးချေ၍ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်တော်၏လက်ဝယ်ရှိ ၎င်း(၇ဃ/၃၉၄၉)မော်တော်ယာဉ်မှာ ကုန်းလမ်း ညွှန်ကြားမှုဦးစီးဌာနတွင် ကျွန်တော်ဦးစိုးကျော်နိုင်၏ ပိုင်ရှင်အမည်ပေါက်ဖြစ်ပါသည်။

၎င်းကြေညာခဲ့သလို ဒေါ်တင်တင်စိန်၌ မဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတကာဝိပဿနာ တရားပြပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သိက္ခာကိုထိခိုက်ညှိုးနွမ်းခြင်း ဖြစ်ရပါသည်ဟု ဆိုသည်မှာလည်း ၎င်းကိုယ်တိုင်၏ ပြုမူဆောင်ရွက်ချက်များအရသာဖြစ်ပါသည်။ ကျွန်တော်ဦးစိုးကျော်နိုင်နှင့် ပတ်သက်ခြင်းမရှိပါ။

ဒေါ်တင်တင်စိန်အနေဖြင့် မိမိမှန်ကန်သည်ဟု ယူဆပါက တရားဥပဒေအရ ဖြေရှင်းရန်နှင့် ဒေါ်တင်တင်စိန်၏နောက်ထပ်ကြေညာချက်များထည့်သွင်းလာပါကလည်း ကျွန်တော် ဦးစိုးကျော်နိုင်မှ အရေးတယူပြန်လည်ဖြေရှင်းကြေညာခြင်းပြုလုပ်တော့မည်မဟုတ်ဘဲ ကျွန်တော်၏အမည်ပေါက်ဖြင့် လက်ရှိလုပ်ငန်းလုပ်ကိုင်နေသောကျွန်တော်ပိုင် (Gold Garden) ဟိုတယ် နှင့်ပတ်သက်၍ ကျွန်တော်၏ လုပ်ငန်းနှင့်ပိုင်ဆိုင်မှုများကို နစ်နာဆုံးရှုံးစေရန် အကြံအစည်ဖြင့် တစ်နည်းနည်းဖြင့် ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်သူမည်သူကိုမဆို တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်မှုကြောင်းအရလည်းကောင်း၊ တရားဥပဒေဘောင် အတွင်းမှတရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့်ကျွန်တော် တရားဝင် ပိုင်ဆိုင်ထားသည့် ကျွန်တော် ဦးစိုးကျော်နိုင်၏ အမည်ပေါက်ပုဂံမြို့ရှိ(Gold Garden) ဟိုတယ်နှင့်ပတ်သက်၍ ပိုင်ရှင်ကျွန်တော် ဦးစိုးကျော်နိုင် တစ်ဦးတည်းသဘောဆန္ဒဖြင့်ကြိုက်သလို စီမံခန့်ခွဲ ဆောင်ရွက်နိုင်ကြောင်း မဟာ သဒ္ဓမ္မဇောတိကဓဇဒေါ်တင်တင်စိန်(နိုင်ငံတကာဝိပဿနာတရားပြ)ဆိုသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးကျော်နိုင်
Gold Garden ဟိုတယ်ပိုင်ရှင်



အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းထွန်းထွန်းအိ[၁၂/ရကန(နိုင်)၀၆၅၅၉၄]အမှတ်(၈၇၅) ဆရာဖေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးအပ်ပါသည်။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၅၈)ရှိ (ပေ၄၀×ပေ၆၀)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ အားလုံးတို့မှာ ကျွန်ုပ်၏ မိတ်ဆွေဦးမင်းထွန်းထွန်းအိသည် ဦးဌေးအောင်ထံမှ ၂-၁-၂၀၁၂ရက် တွင်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်နှင့် နေအိမ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဦးမင်းထွန်းထွန်းအိ၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် လိုက်နာရန်ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုတော့မည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမင်းထွန်းထွန်းအိ၏ညွှန်ကြားချက်အရ-
ဒေါ်အိရွှေရည်ဝင်း (အထက်တန်းရှေ့နေ)(စဉ်-၃၅၁၄၂)
တိုက်-၁၆၅/၃၊ ရန်နိုင်လမ်း၊(၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၇၃၁၉၂၅၀၈၊ ၇၃၁၁၂၆၄၆

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃
ပြည်ခရိုင် ခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၆

ကွယ်လွန်သူ ဒေါ်တင်တင်သန်း၌ကျန်ရှိသောပစ္စည်းအကြောင်း
ဦးဝိုင်းတင် လျှောက်သူ

ဦးဝိုင်းတင်က ကွယ်လွန်သူ ဒေါ်တင်တင်သန်း၏ခင်ပွန်း ဦးဝိုင်းတင်ဖြစ်သည်ဟူ၍ မြောက်ဘုရားကြီးလမ်း၊ ရွှေတောင်မြို့ရပ်နေ ကွယ်လွန်သူဒေါ်တင်တင်သန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ် စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာ သည်မှာ၎င်းကွယ်လွန်သူ ဒေါ်တင်တင်သန်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ်၊ မတ်လ ၇ရက်(၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၇ရက်)တွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင်လျှောက်သူ ဦးဝိုင်းတင်၏လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(အယ်လ်၊ တိန်းဘောမ်)**

ခရိုင်တရားသူကြီး
ပြည်ခရိုင်တရားရုံး

UEC
OFFICIAL PRIVATE SCHOOL
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ကောလိပ်
Grade 1 to 11
OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING

SUMMER SPECIAL
FOR KIDS (aged 6-14)
- English Four Skills
- Computer
- Music
- Arts & Crafts
- Kids Invent

Mar 6 - May 30
School Bus

Ph: 01 539875, 09 3155 8973, 09 518 7900, 09 50 80478, 09 730 69707

Deals Myanmar မှ လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုပါသည်။

လူကြီးမင်း၏ကုန်ပစ္စည်းများ ဈေးကွက်တွင် ထိထိရောက်ရောက် အရောင်းသွက်စေရန်အတွက် Deals Myanmar မှ ကူညီရောင်းချပေးနေပါပြီ။

ကိုင်ပိုင်လုပ်ငန်းထူထောင်လိုသူများ အိမ်မှာနေရုံဖြင့် နေ့စဉ် ဝင်ငွေရနိုင်သော အခွင့်အရေးကို လက်မလွှတ်စေရန် ယခုပင် Deals Myanmarနှင့် ဆက်သွယ်လိုက်ပါ။

Contact us: 09 73132612, 09 5199717
Email to: sales@dealsmyanmar.com
www.dealsmyanmar.com

လူကြီးမင်းတို့၏

(Filter)

မြန်မာနိုင်ငံအတွင်းရှိ BRANDED CAR ကုမ္ပဏီများ နှင့် CAR SHOW ROOM များ

YAGON INTARNATIONAL AUTO SHOW & CAR ACCESSORIES FAIR

ကားအလှပြိုင်ပွဲကြီး နှင့် ကားပြပွဲကြီး

ပထမဆု ၁၅ သိန်း
ဒုတိယဆု ၁၀ သိန်း
တတိယဆု ၅ သိန်း

ပြပွဲအတွင်းကားတစ်စီး ဝယ်ရင်

၆.၃.၂၀၁၄ မှ ၉.၃.၂၀၁၄ ထိ
နံနက် (၉)နာရီ မှ ည (၉)နာရီထိ
မိုင်ခါကွင်း၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ဆက်သွယ်ရန် - EVERY FIRST CO.,LTD Ph; 09450044994, 0973040571, 09250268100, 0949341123, 09448004475, 0973226552

Android ပေါ်မှလက်တွေ့သုံးနည်းပညာအသစ်များ(2)

4500 Ks

MOBILE PHONE SOFTWARE COURSES

APS

HOLE IN ONE
တစ်ချက်တည်းကျင်းဝင်

ရန်ကုန်ပန်းလှိုင်ဂေါက်ကွင်း၌ မစုစုလှိုင် (WIN MART) သည် ဖေဖော်ဝါရီလ ၁ ရက် နံနက် ၁၁း၂၀နာရီတွင် The Annural MMT Golf Tournament ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနေစဉ်အတွင်း ကစားဖော်များဖြစ်ကြသော ဒေါ်နန်းပင်း၊ မစီစီစိန် (၂၄၆) တို့နှင့်အတူ ဂေါက်သီး ရိုက်ကစားနေစဉ် Titleist Pro V1 × No.3 ဘောလုံးကို XXIO MP700 Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ ၉၇ ကိုက်အကွာမှ ကျင်းအမှတ် ၁၂ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ်-၂၉၈၏တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် မျက်နှာချင်းဆိုင်ကြည့်လျှင် ညာဘက်အခြမ်း၊ အကျယ်အဝန်းအလျား ပေ၂၀× အနံ ပေ ၆၀ရှိ ဦးကျော်ထွန်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးကျော်ထွန်း [၁၂/သကတ(နိုင်)၁၁၄၄၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်လင်းထွန်း [၁၂/ဒဂတ(နိုင်)၀၅၅၆၇၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းရွှေ LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၂၃၈၂)
အမှတ်-၉၉၊ ပ-ထပ်(ဘယ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၀၁၄၀၂၂

အများသိစေရန်ကြေညာချက်

အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃၄၃/၃၄၅) အဆောက်အအုံ၏ အခန်းအမှတ်(၅)အား မူလနေထိုင်သူ ဒေါ်တင်ကြည် ကွယ်လွန်သွားသဖြင့် သမီးဖြစ်သူ ဒေါ်မာလာချို အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တစ်ဦးတည်း ဖြစ်ပါကြောင်း ဒေါ်တင်တင်လှ [၁၂/လမန (နိုင်) ၀၄၀၀၃၁] နှင့် ဒေါ်တင်တင်အေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာဒီပလမ်း၊ တိုက်အမှတ်(၁၆၉)၏ ပထမထပ်တိုက်ခန်းကို တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်ခင်မူယာထွန်း [၆/ထဝန(နိုင်)၀၈၄၂၁၀]ထံမှ ဒေါ်နန်းတင်မိုးသူ[၁၂/ ဗဟန(နိုင်) ၀၈၆၇၂၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက် သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၀၈၂၀

အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ အောင်ကျော်လမ်း၊ အမှတ်(၀/၂၂၇)နေ ဦးအောင်စိုး-ဒေါ်နှင်းနှင်းဦးတို့၏သားဖြစ်သူ မောင်လင်းလင်းထွန်း(ခ)ဖိုးလပြည့်[၁၂/သလန(နိုင်)၁၁၂၀၉၉]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေထိုင်လျက်ရှိသောကြောင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် မောင်လင်းလင်းထွန်း(ခ) ဖိုးလပြည့်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်စိုး-ဒေါ်နှင်းနှင်းဦး

[illegible]

sumire
make your life
like
flower blooming.

[illegible]

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ မိုးဟံဦး ရောင်းဝယ်ရေး ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မေမြင့်ခိုင် [၁၂/တမန(နိုင်)၁၀၅၆၀၉]ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ၁၆၁ (W) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၂၁၊ မတ်လ၊ ၂၀၁၃
၄/၃၁၂၃-၀၂၇၄

မိုးဟံဦး ရောင်းဝယ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မေမြင့်ခိုင်သည် ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အမွှေးနံ့သာ အမျိုးမျိုးဖြင့် အမွှေးတိုင် ထုတ်လုပ်ပြီး အိတ်ခွံအမျိုးမျိုး၊ အရောင်အမျိုးမျိုး အောက်ခံဒီဇိုင်း ပန်းအမျိုးမျိုးဖြင့် ရိုက်နှိပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိမူပိုင်အဖြစ် သုံးစွဲလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပသုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲသူ မည်သူမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းလှိုင် B.Sc., R.L (စဉ်-၇၁၇၃)
တရားလွှတ်တော်ရှေ့နေ (Law Firm)
ရုံးခန်းတာဝန်ခံ ဆက်သွယ်ရန်လိပ်စာ
ဦးဟာဆန် LL.B, Dip-in. PP
Legal Advicer & Consultant
ဥပဒေအတိုင်ပင်ခံ၊ အကြံပေး၊
အမှတ်(၁၄)၊ ပန်းတိမ်တန်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၇၃၂၁၁၅၉၁၊ ၀၉-၄၅၀၀၃၆၂၄၀

အမည်မှန်နှင့်မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ စတုတ္ထတန်း(B)မှ မဒူဂါးဒေဗီ၏ အမည်မှန်မှာ မအေးသီတာဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးကီရာန်ကူမာရ်[၁/မကန(နိုင်)၀၈၀၃၅၉]နှင့် ဒေါ်ကွန်ဒါးဒေဗီ [၁/မကန(နိုင်)၀၈၂၆၈၅] ဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂/သမိုင်း၊ မြေကွက်အမှတ်(၁၇)၊ တစ်စိတ်တစ်ပိုင်း၊ မြေကွက်တည်နေရာအမှတ်(၉၄၁) ဟုပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂အိုင်၌၊ မြေကွက်အမှတ်-ပဥ္စမတန်းစား-၈၈၊ မြေကွက်တည်နေရာအမှတ်-(၁၅)၊ အထက်မန္တလေးလမ်းသွယ်(၃)လမ်း၊ ကန်/မြောက်ရပ်ကွက်။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မအေးကြည်)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်(မိခင်) ဒေါ်အေးကြည်၊ (ဖခင်)ဦးချစ်တင် ကွယ်လွန်သဖြင့် ဦးကျင်သိန်း [၁၂/မဂတ(နိုင်)၀၂၄၆၉၂]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ တင်ပြကာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့်အသက်ကယ်ပါ

ဖခင် အမက(၃)၊ အလုံ မူအုပ်ဆရာမကြီး ဒေါ်အေးခင်၏ ဖခင်

အမည်မှန် အမည်မှန်မှာ ဦးသိန်းဒန် (KGN-009888) ဖြစ်ပါသည်။

တံဆိပ်အမည်အမှတ်အသားနှင့်စပ်လျဉ်း၍ ကြေညာချက်

ဦးမောင်မြင့်[၁၂/ပဘတ(နိုင်)၀၂၂၃၆၆]၊ မိုတန်တိုင်းရင်းဆေးထုတ်လုပ်ရေး အမှတ်-၆၄/၆၆၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ နှလုံး အမှတ်တံဆိပ်အဆီကျဆေးရည် အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ဦးမောင်မြင့် တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုကြောင်း မှတ်ပုံတင်ပြီးဖြစ်ပါသည်။ ဖော်ပြပါ အမည်တံဆိပ်အမှတ်အသားကို အသုံးပြု၍ အဆီကျဆေးရည်ကို ပုလင်းအရွယ်အစားအမျိုးမျိုးတွင် ထည့်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။ အဆိုပါ တံဆိပ် အမည်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ၊ တုပပြုလုပ်ခြင်း ဆင်တူယိုးမှား ပြုလုပ်ခြင်းနှင့် မသမာသောနည်းဖြင့် လက်ဝယ်ထားရှိခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် တားမြစ်ပါသည်။ မလိုက်နာဘဲ ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးလှရွှေ (စဉ်-၃၀၉၆)
ဦးစိုးကြည် (စဉ်-၇၆၆၇)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၉၀၊ ဒုတိယထပ်၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ မြေကွက်အမှတ်(၄၈၅)၊အကျယ်အဝန်း(၄၀×၆၀)ပေကို မူလပိုင်ရှင် ဒေါ်သိန်းငွေ(ခ)ဒေါ်သိန်းကြွေ(YGN-၀၀၈၂၆၈)ထံမှ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ လက်ရောက်ရယူပိုင်ဆိုင်ထားသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းစံ[၁၃/ဆဆန(နိုင်)၀၂၈၅၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေကျပ် တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသတိုးအောင်(စဉ်-၅၉၆၈)
B.Sc,R.L,D.B.L,D.L.L,D.A.Psy,
D.M.L,D.I.R, MPA(Thesis),LLPC,
CAES WIPO(Switzerland)

ဦးမြင့်အောင်(စဉ်-၆၈၉၄)
LL.B
ဦးရဲမျိုးနိုင်(စဉ်-၂၃၀၃)
B.A(Law),LL.B

တရားလွှတ်တော်ရှေ့နေများ-
United-45 Co.,Ltd.၊ အမှတ်(၂၄-အေ)၊ မြိုင်ဟေဝန်မြောက်ဘက်ခြမ်း၊
၈-မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၀၄၅၀၅၊ ၀၉-၄၉၇၀၀၅၆၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂၂

ဦးချစ်ရီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ငြိမ်းငြိမ်းအိ)	နှင့်	၁။ဒေါ်စန်းမြင့် ၂။ဒေါ်ညွန့် ၃။ဦးအေးလွင် ၄။ဦးစိုးလွင် ၅။ဦးထွန်းလွင် ၆။ဦးမြင့်လွင် ၇။ဦးတင့်လွင် ၈။ဒေါ်ငွေငွေလှ ၉။ဒေါ်ခင်ခင်လှ ၁၀။ဒေါ်သီတာ ၁၁။ဒေါ်ခင်မိုးမြင့် (ကွယ်လွန်သူဦးအောင်ကြည်၏ တရားဝင်ကိုယ်စားလှယ်) ၁၂။ဒေါ်ခင်မိုးမြင့်၊ ၁၃။ဒေါ်တင်တင်ရီ ၁၄။ဒေါ်သန်းသန်းငွေ (ကွယ်လွန်သူဦးဆန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်) ၁၅။ဒေါ်သန်းသန်းငွေ၊ ၁၆။ဦးခင်မြင့် ၁၇။ဒေါ်သန်းညွန့်(ခ)ဒေါ်သန်းညိန်း
(တရားလို)		(တရားပြိုင်များ)

(၂)တရားပြိုင် ဒေါ်ညွန့် အမှတ် (၉/က)၊ရဲရင့်အောင်လမ်း၊(၂၆)ရပ်ကွက်၊ မြို့ဦးမွန်အိမ်ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိသူ)၊(၃)တရားပြိုင် ဦးအေးလွင်၊ အမှတ်(၁၉)၊ ဌာနလမ်း၊ မကျဉ်းတန်း(မြောက်/အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိသူ)(၅)တရားပြိုင် ဦးထွန်းလွင်၊အမှတ်(၁၉)၊ ဌာနလမ်း၊ မကျဉ်းတန်း (မြောက်/အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊(ယခုနေရပ်လိပ်စာမသိသူ)(၁၇) တရားပြိုင်ဒေါ်သန်းညွန့်(ခ)ဒေါ်သန်းညိန်း၊အမှတ်(မရှိ)၊ ဦးဖိုးထူးလမ်း၊ ချစ်တီးဘုရားကျောင်းဝင်းအတွင်း၊သာဓုအနောက်ရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မေတ္တာရှိ အပိုင်ပေးကမ်းစာချုပ်အမှတ်-၁၂၇/၈၂ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုနှင့် ယင်းစာချုပ်တွင်ပါရှိသောမြေနှင့်မြေပေါ်ရှိအဆောက်အအုံများကို အမွေပုံပစ္စည်းအဖြစ် စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်ရုံးခွင့် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ (၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်၊ (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ(၁၇)ရက်၊ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ကန့်ကွက်ပါကြောင်း

အိမ်အမှတ်-၆၂၊ ရတနာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင်ရှိသော (၆)ထပ်တိုက်တွင် မြေရှင် ကျွန်မပိုင်ဆိုင်သောတိုက်ခန်း၊ (မြေညီ+မှန်ခန်း+ပ+ဒု+တ)စုစုပေါင်း (၅)ခန်းကို ကျွန်မ၏ဆန္ဒမပါဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချပေးကမ်းပိုင်ခွင့်မရှိပါကြောင်း အတိအလင်းကြေညာအပ်ပါသည်။

မြေရှင်/အိမ်ရှင်-ဒေါ်လှမြင့်
[၁/မကတ(နိုင်)၀၀၆၃၁၁]

[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ (၃၇၃) (မြေညီထပ်/ခြေရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်ကြည်[၁၂/ခရန(နိုင်)၀၇၇၀၈၀] ထံမှ ဦးမင်းမြတ်စိုးမိုး [၇/ပခန(နိုင်)၂၂၀၈၉၂]က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ၂၆-၁-၂၀၁၄ ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက စာရွက်စာတမ်း (မူရင်း)များနှင့်တကွ လူကိုယ်တိုင် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် (၁၄) ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအား ငွေချေပြီး အပြီးအပိုင် အရောင်းအဝယ် ဆက်လက်ဆောင်ရွက်၍ တိုက်ခန်းကို လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမင်းမြတ်စိုးမိုး [၇/ပခန (နိုင်) ၂၂၀၈၉၂]
ဆက်သွယ်ရန်- ၉၃/ဘီ၊ ဒုတိယထပ်၊ ဗဟိုလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁- ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၃၄၉(ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ လူနေရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၃၄၉(ခ)၊ ဧရိယာ-အလျားပေ ၆၀× အနံပေ၂၀ (၁၂၀၀-စတုရန်းပေ) အကျယ်အဝန်းရှိ နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိသူဟုဆိုသူ ဒေါ်စိုးစိုးလွင် (ခ) မြတ်မြတ်[၁/မကတ(နိုင်)၀၆၁၄၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်မျိုးထွန်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၇၂၃၀)၊
အမှတ်-၂၇/အေ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်။
ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၅၆၅၃၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - L_{17} (60)၊ မြေကွက်အမှတ်-၂၄၉၄၊ အကျယ်အဝန်းပေ(၄၀×၆၀)ကို မူလပိုင်ရှင် ဦးဝင်းမောင် (ခ) ဦးရွှေမန်း [၁၂/သကတ(နိုင်)၀၂၁၉၄၄]ထံမှ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင် ဝယ်ယူလက်ရောက် ရယူပိုင်ဆိုင်ထားသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းချို(ခ) ဒေါ်သင်းသင်းအေး [၁၂/စခန(နိုင်)၀၁၀၈၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေကျပ် တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသတိုးအောင်(စဉ်-၅၉၆၈)	**ဦးမြင့်အောင် (စဉ်-၆၈၉၄)**
B.Sc, R.L,D.B.L,D.L.L, D.A.Psy	**LL.B**
D.M.L, D.I.R, MPA (Thesis), LLPC,	**ဦးရဲမျိုးနိုင် (စဉ်-၂၃၀၃)**
CAES WIPO (Switzerland)	**B.A(Law), LL.B**

တရားလွှတ်တော်ရှေ့နေများ
United-45 Co.,Ltd. အမှတ်(၂၄-အေ)၊ မြိုင်ဟေဝန်မြောက်ဘက်ခြမ်း၊
၈-မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၃၂၀၄၅၀၅၊ ၀၉ ၄၉၇၀၀၅၆၇

အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပလရရပ်ကွက်၊ အေးသာယာကွက်သစ်၊ (၇)လမ်း၊ အမှတ်(၁၇၆)နေ ဒေါ်ခင်ဝါ[၁၂/မဘန(နိုင်)၀၂၅၄၇၀]မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနတ်ချောင်း ကျေးရွာအုပ်စု၊ အင်းတိုင်ကျေးရွာ၊ အောင်သုခရပ်ကွက်၊ လေထီးလမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သော အလျား ၇၈ ပေ × အနံ ပေ၇၀ အကျယ်ရှိသော မြေကွက်မှာ ဒေါ်ခင်ဝါ၏ ခင်ပွန်းကွယ်လွန်သူ ဦးလောတာအမည်ပေါက်ဖြစ်ပြီး ဒေါ်ခင်ဝါပိုင်ဆိုင်သည့်မြေဖြစ်ပါသည်။ အဆိုပါမြေအား ဒေါ်ခင်ဝါ၏သဘောတူခွင့်ပြုချက်မရဘဲ မည်သူတစ်ဦး တစ်ယောက်မျှ အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝါ

လင်မယားကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်

ဦးအောင်သူ [၁၂/သလန(နိုင်)၁၀၅၆၉၃]နှင့် ဒေါ်မြတ်သီရိနွယ် [၁၂/သလန(နိုင်)၁၁၇၈၈၁]တို့သည် တရားဝင် အကြင်လင်မယားအဖြစ်မှ စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၂-၁-၂၀၁၄ ရက်တွင် အသိသက်သေများရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်တင် LL.B,H.G.P
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)
အမှတ်-၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်
ဖုန်း-၀၉-၄၉၅၇၄၂၀၂၊ ၀၉-၅၀၂၂၇၈၈၊ ၀၅၆-၂၁၃၃၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၇၀၉၊ မြေကွက်တည်နေရာအမှတ်-(၇၀၉)၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးအေးကို) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးကိုကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ရီ[၁၂/ဥကတ(နိုင်)၀၅၂၁၈၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာတွင် နေထိုင်သော (ဘ) ဦးကျော်ဝင်း၏သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၄/ဟသတ(နိုင်)၂၄၆၃၇၀]ကိုင်ဆောင်သူ မအိအိဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအိအိဖြိုးနှင့် မောင်ရဲဇော်ထိုက်(ခ) ရဲဇာထိုက်တို့သည် လွန်ခဲ့သော (၉)လခန့်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း၊ သက်ဆိုင်ခြင်း မရှိတော့သည့်အပြင် ၂၂-၁-၂၀၁၄ ရက်တွင် လှိုင်သာယာမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ် တရားသူကြီး(၂) ဦးဖြိုးမင်းဇော် ထံတွင် မှတ်ပုံတင်အမှတ်-၁၆/၁၄ ဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်သောကြောင့် မောင်ရဲဇော်ထိုက်နှင့် မအိအိဖြိုးတို့သည် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါ၍ မောင်ရဲဇော် ထိုက်နှင့် ပတ်သက်သောကိစ္စအဝဝကို မအိအိဖြိုးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြူပြာလှိုင်(LL.B) အထက်တန်းရှေ့နေ၊ (စဉ်-၂၉၉၅၉)
ဒေါ်လီလီနော်ရစ် (LL.B) အထက်တန်းရှေ့နေ၊ (စဉ်-၃၆၅၉၇)
မ/၁၂၃၄၊ ဖိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉ ၅၄၁၁၆၅၂

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းအုပ်စု၊ အရှေ့ရွာရပ်ကွက်၊ အိမ်အမှတ်(ဃ/၈၇) ဧရိယာစတုရန်းပေ (၃၅၀၀) အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အသီးသီးတို့ကို ဖခင် ဦးအိုက်ရှင်နှင့် မိခင် ဒေါ်ဟွမ်တို့က သားအငယ်ဆုံးဖြစ်သူ ကျွန်တော် မောင်မြင့်သိန်း [၉/မကန(နိုင်)၁၀၁၉၂၇]ကိုင်ဆောင်သူအား မေတ္တာဖြင့် ၁၀-၄-၂၀၁၃ ရက်တွင် အပေးစာချုပ်ချုပ်ဆို၍ တရားဝင်လွှဲပြောင်း ပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အသီးသီးအား ကျွန်တော်မောင်မြင့်သိန်း [၉/မကန(နိုင်)၁၀၁၉၂၇]မှ ယခုလက်ရှိချိန်တွင် တရားဝင် တစ်ဦးတည်းပိုင်ဆိုင်သူဖြစ်၍ ကျွန်ုပ်၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား လွှဲပြောင်းခြင်း၊ ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ကြေညာပါသည်။

ဦးမြင့်သိန်း[၉/မကန(နိုင်)၁၀၁၉၂၇]
ဖုန်း-၀၉ ၄၃၀၃၅၀၃၁

အများသိစေရန်

ပုလဲမိုးဝန်ဆောင်မှု ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပုလဲမိုးဝန်ဆောင်မှုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးမျိုးသူရအောင် [၁၃/ကမန(နိုင်)၀၉၁၉၉၇]သည် ၎င်း၏သဘောအလျောက် စာရွက်စာတမ်းအတုများပြုလုပ်ခြင်း၊ ကုမ္ပဏီအမည်နှင့် ကုမ္ပဏီပိုင်ငွေကြေးများ အလွဲသုံးစားပြုလုပ်ခြင်း၊ ကုမ္ပဏီဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းတို့ကြောင့် ဦးမျိုးသူရအောင်အား ဒါရိုက်တာအဖွဲ့မှ ထုတ်ပယ်လိုက်ပြီ ဖြစ်ပါသည်။ ဦးမျိုးသူရအောင်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ပုလဲမိုးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်အနေဖြင့် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ချယ်ရီမြင့်	**ဦးမြသွေး**
ဒါရိုက်တာအဖွဲ့ဝင်	**(ဥပဒေအကျိုးဆောင်ရှေ့နေ)**
[၁၂/ဆကခ(နိုင်)၀၀၉၈၅၅]	**အမှတ်-၅၈၊ တတိယထပ်၊ အခန်း(၃)၊**
	မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
	ဖုန်း-၀၉ ၇၃၀၄၉၅၁၉၊ ၀၁-၂၆၈၂၆၃

လင်မယားကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်

ကျွန်မ မရှုရင်[၁၂/ဥကတ(နိုင်)၁၅၀၄၉၅]နှင့် ကိုဝင်းနိုင်ထူး [၁၂/ဥကတ(နိုင်)၁၂၆၇၃၁] တို့သည် တရားဝင်အကြင်လင်မယားအဖြစ်မှ အသိသက်သေ လူကြီးများ ရှေ့မှောက်၌ ၃၀-၁-၂၀၁၄ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ အကြင်လင်မယားအဖြစ် သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မရှုရင်[၁၂/ဥကတ(နိုင်)၁၅၀၄၉၅]
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ်(၉ကေ၂) မြေကွက်အမှတ်(၁၃) ဧရိယာ (၀. ၇၉)ဧကကို ဦးဂဖိုး[၁၂/ ပဇတ(နိုင်)၀၂၀၁၆၄]နှင့်ဒေါ်စီဘယ်လာလေးမေရီ[၁၄/ဒဒရ(ဧည့်)၀၀၀၀၁၅] အမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် (၁၇) ဧရိယာ(၀. ၀၇၁)ကို ဒေါ်ရင်မြင့်[၁၂/ ပဇတ(နိုင်)၀၁၉၂၂၉]နှင့် ဒေါ်သိန်းသိန်း[၁၂/ ပဇတ(နိုင်)၀၁၉၀၃၁]အမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ်(၂၂)၊ ဧရိယာ(၀. ၀၆၇)ဧကကို ဦးအောင်မြင့်[၁၂/ပဇတ(နိုင်)၀၁၉၉၁၅]နှင့် ဦးဝင်းမြင့်[၁၂/ပဇတ(နိုင်)၀၁၈၅၅၇]အမည်ဖြင့်လည်းကောင်း မြေကွက်အမှတ်(၂၃) ဧရိယာ(၀. ၀၆၆)ဧကကို ဦးမောင်ဘ [၁၂/ပဇတ(နိုင်)၀၁၉၁၀၃]နှင့် ဒေါ်အေးအေးသိန်းအမည်ဖြင့်လည်းကောင်း၊ မြေငှားစာချုပ်(ဂရန်) ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ည)၊ မြေကွက်အမှတ်-(၁၂၀၇/က)၊ မြေကွက်တည်နေရာအမှတ်-(၁၂၀၇/က)၊ သုနန္ဒာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးမောင်မောင်သန်း)[၁၂/ဥကမ(နိုင်)၀၂၄၄၈၇] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမောင်မောင်သန်း မိခင်ဒေါ်ပုခင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းဝင်း[၁၂/ဥကမ(နိုင်)၁၀၁၇၈၅]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ပိတောက်(၁)လမ်း၊ မြေကွက်အမှတ်(၄၂/၄၃)၊ ဧရိယာပေ(၈၀×၆၀)မြေနှင့်ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဌေးဝင်း[၁၂/လမန(နိုင်)၀၉၇၄၀၂]ထံမှ ဝယ်ယူရန် ဦးတင်ဝင်း[၁၂/ကမရ(နိုင်)၀၀၇၁၇၃]မှ မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

မည်သူမဆို ယင်းမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဝင်း၊ ဖုန်း-၀၉-၅၁၂၈၆၁၃

ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ထ-၁၆ရပ်ကွက်၊ ဗန္ဓုလ(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၈၆၈-က)ဟု အမည်တွင်သည့် ပေ (၂၀×၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အလုံးစုံကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် မြေချပါမစ် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘိုးသောင်း[၁၂/လမန(နိုင်)၀၅၅၇၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခိုင်ခိုင်နွဲ့
အထက်တန်းရှေ့နေ(စဉ်-၄၀၅၂၃)
အမှတ်(၂၈၉)၊ သီရိမင်္ဂလာပတ်လမ်း၊ ၅/၆ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၇၈၉၀

အများပြည်သူသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေဘုံသာလမ်းရှိ အမှတ်(၃၄/၃၆)၊ မြေညီထပ်၊ အဆောက်အအုံနှင့်ပတ်သက်၍ ဦးပီလီစန်း(ခ) ဦးမောင်မောင်ဦးမှ ရတနာမြိုင်ဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးအောင်မြင့်နှင့် ဒေါ်စန်းတို့အပေါ် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၁၆/၂၀၁၄ ဖြင့် တရားစွဲဆို အရေးယူထားသည်ကို သက်ဆိုင်သူများနှင့် အများပြည်သူတို့ သိရှိစေရန် ကြေညာအပ်ပါသည်။

ဦးပီလီစန်း(ခ) ဦးမောင်မောင်ဦး၏
လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိအိအိခိုင်	**ဒေါ်ဆန်းစန္ဒာ**	**ဦးမြင့်သန်း(မင်းဘူး)**
(LL.B. WIPO)	**LL.B(စဉ်-၂၈၂၆၉)**	**LL.B.WIPO(Switzerland)**
စဉ် -၄၀၄၆၁	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ (၃၁၂၉)**
အထက်တန်းရှေ့နေ		**၄၄၊ ဝါးတန်းလမ်း၊**
		လမ်းမတော်မြို့နယ်။

ဦးကျော်ဟိန်း[၅/ဆလက(နိုင်)၀၈၁၈၃၇]သိစေရန်

အမှတ်(၅၁F4)၊ မာလာနွယ်လမ်း၊ တာမွေ၊ ၂၄နာရီရေသန့်ဖြန့်ဖြူးရေးတွင် ယာဉ်မောင်းတာဝန်ထမ်းဆောင်ခဲ့သော ဦးကျော်ဟိန်း [၅/ဆလက(နိုင်)၀၈၁၈၃၇](ဘ)ဦးသောင်းရှိန်သည် ၆-၁-၂၀၁၄ရက်မှစ၍ မိမိသဘောဆန္ဒအရ လာရောက်ခြင်းမရှိတော့ပါ။ ရေသန့်ဖြန့်ဖြူးရေး တာမွေနှင့် ကျန်ရှိနေသော ငွေစာရင်းများ မပြီးပြတ်သေးသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ရှင်းလင်းရန်နှင့် ပျက်ကွက်ပါက တရားဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ထွန်းဝင်း [၁၂/လမန(နိုင်)၀၂၃၅၃၉]
မန်နေဂျာ၊ ၂၄ နာရီ ရေသန့်ဖြန့်ဖြူးရေး

ဇနီးအဖြစ်မှရာသက်ပန်စွန့်လွှတ်ခြင်း

ကျွန်တော် မောင်ညီညီလွင် [၁၄/မမက(နိုင်)၁၂၃၅၅၅]၏ ဇနီးဖြစ်သူ မစုစုလှိုင် [၁၂/ဒဂမ(နိုင်)၀၁၂၃၂၇] အဖ ဦးရာဂျူး၊ အမိဒေါ်လှထွေးတို့၏သမီးဖြစ်သူ မစုစုလှိုင်သည် ကျွန်တော် မရှိခိုက် ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများ ကျူးလွန်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို ကျွန်တော်နှင့်လုံးဝ (လုံးဝ)မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ညီညီလွင်[၁၄/မမက(နိုင်)၁၂၃၅၅၅]
(ခေတ္တ-စင်ကာပူ)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၃/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-181(2013-2014)	30Ton(6x4)NGV Tractor(1)No With 30 Ton Cascade Trailer (3)Nos	(1) Lot	US$
(၂)	IFB-182(2013-2014)	Skid Mounted Engine Driven Air Compressor	(1)No	US$
(၃)	IFB-183(2013-2014)	Cummins Engine With Gear Box	(1) Set	US$
(၄)	IFB-184(2013-2014)	Assorted Sizes of Seamless Casings	(10) Items	US$
(၅)	DMP/L-058(2013-2014)	Spares for CAT D 3512 engine Ex D 3 T 2 SR- I & II Rigs	(4) Items	Ks
(၆)	DMP/L-059(2013-2014)	Spares for FA 1600 Triplex Pump Ex Emsco Rig	(1)Lot	Ks
(၇)	DMP/L-060(2013-2014)	500KVA Transformer and Dual Transformer	(2) Items	Ks
(၈)	DMP/L-061(2013-2014)	1.5 HP Air Conditioner Split Type and Floor Standing Type Air Conditioner	(2) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၅-၃-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၃၁)၊ ၄လွှာနေ ဦးကျော်ဦး[၁၂/တတန(နိုင်)၁၃၂၅၂၁]ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅(အီး-၃)၊ လူနေရပ်ကွက်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ မြေကွက်အမှတ်-၁၃/၃၆၊ မြေအကျယ်(အလျား၂၆ပေ×အနံပေ၄၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၆၈)ဟုခေါ်တွင်သည့် တစ်ထပ်တိုက်တစ်လုံး၊ ပျဉ်ထောင်အိမ်တစ်လုံး၊ မီတာ(၂)လုံး၊ ရေမော်တာ(၂)လုံး၊ မြေအောက်ရေတွင်းလေမှုတ်စက်အပါအဝင် ဒေါ်ကျင်စိန်အမည်ပေါက် မြေငှားစာချုပ်နှင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်[၁၄/ဘကလ(နိုင်)၀၄၃၈၁၄]မှဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြသ၍ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟ(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၂၇၄၃၄)
စီးပွားရေး၊ တရားမ၊ ပြစ်မှုကြောင်းနှင့်
နိုင်ငံတကာဥပဒေကြောင်းဆိုင်ရာအထူးအကြံပေး
ရုံး-အင်းစိန်ရှေ့နေများအသင်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်၊
အိမ်အမှတ်(၆၁၅/က)၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း-၀၉-၇၃၁၁၇၉၄၁၊ ၀၉-၂၅၄၁၈၇၉၅၀
Email-chitlawfirm@gmail.com

ကန့်ကွက်နိုင်ပါသည်။

SHINE

Full Auto

09420035882, 73199257

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၄၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၄၅/ခ)၊ ဦးအောင်ဇေယျ(၅)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ် (ဦးမြဒင်)[၁၂/ဒလန(နိုင်)၀၁၇၉၂၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြဒင်ကွယ်လွန်သဖြင့် ဒေါ်ကြည်လှိုင်[၁၂/ဒလန(နိုင်) ၀၀၇၉၂၄]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အများသိစေရန်ကြေညာချက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၁၄)ဟုခေါ်တွင်သော(၂)ခန်းတွဲ (၆ထပ်) RC တိုက်အဆောက်အအုံ၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(အလျား၁၂. ၅ပေ×အနံပေ၅၀)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိပိုင်ဆိုင်သူဖြစ်ကြောင်း တင်ပြဝန်ခံသူ ဒေါ်တင်ကြူကြူအေး[၇/ပမန(နိုင်)၀၁၆၅၁၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှစ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းထွန်း(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)
အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 35 F/35H၊ မြေကွက်အမှတ်-၆၉/၄၆၊ ၇၀/၄၆၊ မြေကွက်တည်နေရာအမှတ်(၆၅)၊ ရတနာလမ်း၊ ဗဟန်းမြို့နယ်၊ M.B Pussy Tin, Dr Alice Dhar & Sarah Dhar/J.Dhar အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တို့ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၃၀၃၂/ ၂၃-၄-၂၀၁၄ဖြင့် ဒေါ်ငွေသောင်း+၄တို့မှ ပိုင်ဆိုင်လာပြီး ၎င်းတို့ထဲမှ ဒေါ်ဒေါင်းရင်(အပျိုကြီး)ဘဝဖြင့်ကွယ်လွန်သဖြင့် (၁)ဒေါ်ငွေသောင်း[၁၂/ဗဟန(နိုင်)၀၆၆၉၄၅]၊ (၂)ဒေါ်တိုးဘို [၁၂/ဗဟန(နိုင်)၀၆၆၃၅၉]၊ (၃)ဒေါ်ရှုသ်စန္ဒာ[၁၂/ဗဟန(နိုင်)၀၈၃၄၇၃]၊ (၄)ဒေါ်ဒေစီကက်သလင်း[၁၂/ဗဟန(နိုင်)၀၈၃၄၇၄]တို့က ညီမ၊ အဒေါ်အရင်းတော်စပ်ကြောင်း ကတိသစ္စာပြုလွှာသေစာရင်းတင်ပြ၍ ဒေါ်ရှုသ်စန္ဒာ[၁၂/ဗဟန(နိုင်)၀၈၃၄၇၃]မှ ၎င်းကိုယ်တိုင်နှင့် ဒေါ်ငွေသောင်း+၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၃၃၁/၁၄-၈-၂၀၁၃ ဒေါ်တိုးဘိုထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၀၉၈/၂၁-၆-၂၀၁၃ရ ယူပြီး Power မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မကြည်ကြည်ဝင်း [၁၂/ဒလန(ပြု)၀၀၁၄၈၀] သည် မိဘစိတ်ဆင်းရဲအောင် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ယနေ့မှစ၍ ၎င်းနှင့်မည်သို့မျှပတ်သက်ခြင်း မရှိတော့ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ငယ်(MM.E-၆၄၃၅၃၄)
J-၂၆၈၊ လမ်းသွယ်(၃၀)၊
သစ္စာလမ်း၊ သန်လျင်မြို့

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့